# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ (11-3-2015) (စ၁၄၁)


အခုအချိန်ဟာ နိုင်ငံရေးနိုးကြားစဖြစ်နေတဲ့ စမ်းတဝါးဝါးအချိန်ဖြစ်နေတယ်။ ကျုပ်တို့အစိုးရကလည်း တတ်နိုင်သလောက် လိုက်လျောပေးနေတာပဲ။ မိဘဟာ သားသမီးကို အလိုလိုက်ပေမယ့် စည်းကမ်းထက်ပိုဆိုးလာရင် ဆုံးမပေးရသလို အခွင့်အရေးကို လိုသည်ထက် ပိုယူလာရင်၊ စည်းကမ်းမဲ့ဖြစ်လာရင် ကျုပ်တို့ အစိုးရအဖွဲ့ကလည်း ဆုံးမပေးရမှာပဲ။ နည်းလမ်းစည်းကမ်းအတိုင်း လိုလားချက်တွေ တောင်းပါ။ တရားစီရင် လိုက်လျောပါ့မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၁၁**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယား သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယား သမ္မတနိုင်ငံ သမ္မတမာဒမ်ဒါလီယာ ဂရီဗိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယား သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အယ်ဂီဒါ့စ်ဘော့ဂ် ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**




# BMW X6 ကားမော်ဒယ်သစ် မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်

**ရန်ကုန် မတ် ၁၀**

ကမ္ဘာကျော် ကားအမှတ်တံဆိပ်တစ်ခုဖြစ်သည့် BMW မော်တော်ကားများကို မြန်မာနိုင်ငံတွင် တရားဝင် တင်သွင်းရောင်းချခွင့် ရရှိထားသော Prestige Automobiles မှ BMW X6 ဒုတိယမျိုးဆက် မော်ဒယ်အသစ် မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်သို့ စတင်မိတ်ဆက်ခြင်းအခမ်းအနားကို မတ် ၇ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ BMW ကားအရောင်းပြခန်း၌ ကျင်းပခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳**

# စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂၄/၂၀၁၅**
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်)

**စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်ခန်းမရှေ့တွင် (၅-၃-၂၀၁၅)ရက်နေ့၌ အမျိုးသားပညာရေး ဥပဒေပြုပြင်ပြောင်းလဲရေး ထောက်ခံဆန္ဒပြသူများအား လူစုခွဲပြီးဖမ်းဆီးခဲ့သည့်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖြစ်စဉ် ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းထွန်းဦး<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အဖွဲ့ဝင် |
| (ဃ) | ဦးမြငွေ<br>ဌာနမှူး(ငြိမ်း) | အဖွဲ့ဝင် |
| (င) | ဦးစောထွန်းအောင်မြင့်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆိုပါဖြစ်စဉ်အပေါ် ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးရန်။

(ခ) အဆိုပါဖြစ်စဉ်တွင် တာဝန်အရ အဆင့်ဆင့်ဆောင်ရွက်သူများ၏ လုပ်ဆောင်မှုများသည် လုပ်ထုံးလုပ်နည်းမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးရန်။

(ဂ) အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ တင်ပြရန်။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်တာဝန်ထမ်းဆောင်စဉ် အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းခေါ်ခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အရောက် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံ တင်ပြရမည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ငြိမ်းချမ်းသောနည်းလမ်းဖြင့် စိန်ခေါ်မှုများကို ကျော်လွှားကြပါစို့

စာမျက်နှာ » ၆

## နလုံးနှင့် သွေးကြောဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုး ပြည်ပသို့သွားရောက်ရန် မလိုအပ်ဘဲ မြန်မာနိုင်ငံတွင် ကုသနိုင်မည်

စာမျက်နှာ » ၉




အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** **၁၁-၃-၂၀၁၅၊ ဗုဒ္ဓဟူးနေ့**

# သစ်တောရတနာဖွံ့ဖြိုးရေး

သစ်တောသစ်ပင်များကို လူသားတို့၏ ကျေးဇူးရှင်ဟု တင်စားပါက လွန်မည်မထင်ချေ။ အဘယ်ကြောင့်ဆိုသော် ယနေ့ကမ္ဘာ့လူသားများအား ဒုက္ခပေးနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်ပင်များက စုပ်ယူချေဖျက်ပေးနေသလို လူသားတိုင်းအသက်ရှင်သန်ရေးတွင် မရှိမဖြစ်လိုအပ်သော သန့်စင်သည့် အောက်ဆီဂျင်ဓာတ်ငွေ့ကိုလည်း သစ်တောများက ထုတ်လွှတ်ပေးနေသောကြောင့် ဖြစ်ပါသည်။

လူတို့ရှူရှိုက်ရန်အတွက် အောက်ဆီဂျင်ဓာတ်ငွေ့မရှိပါက အသက်သေဆုံးနိုင်သည်။ လူတို့ အသက်ရှင်ရေးအတွက် မရပ်မနားရှူရှိုက်နေရသော လေကောင်းလေသန့်များကို သစ်ပင်များက စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးနေသဖြင့် သစ်တောသစ်ပင်တို့အား လူတို့၏အသက်သခင် ကျေးဇူးရှင်ဟု တင်စားခေါ်ဆိုရခြင်းဖြစ်သည်။

ကမ္ဘာမြေစတင်ဖြစ်ရာ၌ သစ်ပင်များမှာ ဦးစွာဖြစ်တည်ခဲ့သည်။ ဇီဝသက်ရှိအားလုံး၏ ၄၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းကို မိုးသစ်တောများမှ စတင်ခဲ့သည်ဟု လူသားသုတေသနဖော်ထုတ်ချက်ကို ရှာဖွေခဲ့သော သိပ္ပံပညာရှင်များက ဆိုထားသည်။ ထိုနည်းတူ ဖော်ထုတ်မတွေ့ရှိသေးသည့် သန်းပေါင်းများစွာသော အပင်၊ အင်းဆက်နှင့် အဏုဇီဝသက်ရှိအများအပြားသည် မိုးသစ်တောများတွင်ရှိနေသေးသည်ဟု ဆိုထားသည်။

မိုးသစ်တောများကို အပူပိုင်းမိုးသစ်တောနှင့် သမပိုင်းမိုးသစ်တောဟူ၍ နှစ်ပိုင်းခွဲခြားသတ်မှတ်ထားသည်။ ဤမိုးသစ်တောနှစ်မျိုးလုံးကို မြန်မာနိုင်ငံတွင် တွေ့နိုင်သည်။ မြန်မာနိုင်ငံ တကောင်းမြို့အနီးမှ လတ္တီကျူမျဉ်း ဖြတ်သန်းသွားရာဒေသသည် သမပိုင်းသို့ရောက်သွားပြီး တောင်ပိုင်းကမ်းရိုးတန်းဒေသများကား မိုးများသော အီကွေတာရပ်ဝန်းဒေသများတွင် ရှိနေသည်။ သစ်တောသစ်ပင်များရှင်သန်ရေးအတွက် မြန်မာနိုင်ငံ၏ သဘာဝအခြေခံ အကြောင်းတရားများဖြစ်သည်။

ထို့အပြင် သစ်တောသစ်ပင်များ ထူထပ်စွာပေါက်ရောက်နိုင်သည့် တောင်တန်း၊ တောင်စွယ်၊ ကုန်းမြင့်ဒေသများ၊ မြစ်ချောင်းများစီးဆင်းရာ မြေနိမ့်ဒေသများ၊ ကမ်းရိုးတန်းဒေသမှ ဒီရေရောက်တောများနှင့် ရှုချင်စဖွယ် ရေမြေအနေအထားများ ပိုင်ဆိုင်ထားသည်။ ကမ်းရိုးတန်းဒေသများတွင် ဖြစ်ထွန်းနေသည့် ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်ကမ်းစပ်မြက်ခင်းဂေဟစနစ်နှင့် သဲသောင်ကမ်းခြေသစ်တောဂေဟစနစ်များက မြန်မာ့အလှရတနာသဘာဝသယံဇာတ ပေါကြွယ်ဝမှု၏ သင်္ကေတများဖြစ်သည်။

အနာဂတ်အတွက် ဒီရေတောများအဖွဲ့ဝင် ၁၁ နိုင်ငံတွင် မြန်မာနိုင်ငံလည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားသည်။ ဤသို့ပါဝင်သဖြင့် အကျိုးဆက်မှာ သယံဇာတများကို စနစ်တကျစီမံနိုင်ရန်နှင့် မပျက်စီး၊ မဖျက်ဆီးခံရအောင် ကာကွယ်ပေးနိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုနှင့် ရန်ပုံငွေအထောက်အပံ့များရရှိလာမည့်အပြင် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

ထိုနည်းတူ တောင်ပေါ်သစ်တော၊ ရွက်ပြတ်တောများအရေးကိုလည်း ဝိုင်းဝန်းအဖြေရှာ ထိန်းသိမ်းစောင့်ရှောက်မှုအောက် ရောက်ရှိအောင် ကြိုးစားလုပ်ကိုင်ကြရပါဦးမည်။ လတ်တလောတွင် နိုင်ငံသမပိုင်းသစ်တောများအရေးကို အလေးထားဆောင်ရွက်နေကြပြီဖြစ်ပါသည်။ သဘာဝအတိုင်းရှင်သန်ပေါက်ရောက်နေသော သစ်တောကြီးများအား မသမာသူများဖျက်ဆီးမှုမှ ကာကွယ်စောင့်ရှောက်ကြရာတွင် စွန့်စွန့်စားစားကာကွယ်ကြရသည်။ အမြောက်အမြားခုတ်လှဲခံရသည့် သစ်လုံးများကို အချိန်မီဖမ်းဆီးရမိခဲ့ခြင်းသည် သစ်တောများ ရှင်သန်ဖွံ့ဖြိုးမှုအတွက် အားတစ်ရပ်ဖြစ်စေသည်။

တစ်ဖက်တွင် အီကွေတာမိုးသစ်တောများကို ထိန်းသိမ်းခြင်းနှင့် အခြားတစ်ဖက်တွင် သမပိုင်းတောင်ပေါ်မိုးသစ်တောများအား ကာကွယ်ပေးရင်း မြန်မာနိုင်ငံ၏ရတနာများဖွံ့ဖြိုးရေးကို အလေးထားရမည်ဖြစ်သည်။ မိုးသစ်တောများကို ကမ္ဘာ့ရတနာသိုက်ဟု တင်စားသုံးနှုန်းထားသည်။ မြန်မာနိုင်ငံ၏ မိုးသစ်တောများမှာလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရတနာသိုက်များဖြစ်ပါသည်။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ထုံးတမ်းစဉ်လာဖြစ်ပါသည်။ ဤရတနာသစ်ပင်များ ရှင်သန်ဖွံ့ဖြိုးပြီး တိုးပွားဝေစည်လာရေးသည် မြန်မာနိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ဟုဆိုလျှင် မှားမည်မထင်ချေ။ ။

## ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်

**ခနော်ဖျူ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ခနော်ဖျူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ခွင့်ပြုရန်ပုံငွေ ၁၇၈ ဒသမ ၇၅ သန်းဖြင့် ခိုင်သစ်ထရေးဒင်း ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည်(၂/၀) မိုင်ရှိသည့် ဆကာကြီး-ဥတိုကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖွင့်ပွဲကို မတ် ၈ ရက် နံနက်က အဆိုပါကျေးရွာချင်းဆက်လမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူနှင့် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသန်းလင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၀၇၆)**

## အသေးစားအရင်းအနှီးချေးငွေကို ငွေကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၀**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မတ် ၈ ရက် နံနက် ၉ နာရီတွင် သမဝါယမတက္ကသိုလ် (သန်လျင်) ဥတ္တရခန်းမတွင်လည်း ကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ် အသင်းစုချုပ်ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အခြေခံအသင်း အသီးသီးမှ အသင်းသားများနှင့် တွေ့ဆုံသည်။

တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဒေသခံပြည်သူများထံသို့ ဆိုက်ကား၊ အပ်ချုပ်စက်စသည့် စက်ပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများအနေဖြင့် စက်ပစ္စည်းများ အသုံးပြု၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို သိရှိနိုင်ရန် မြို့နယ်ဦးစီးမှူးများနှင့် အသင်းစုအမှုဆောင်များ ပူးပေါင်း၍ တိတိကျကျစာရင်းကောက်ယူတင်ပြကြရန်လိုကြောင်း၊ အသေးစားအရင်းအနှီးချေးငွေနှင့်ပတ်သက်၍ လာမည့် မေလတွင် ငွေကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးရန် စီမံဆောင်ရွက်လျက်ရှိရာ ဦးစီးဌာနများနှင့် အသင်းအမှုဆောင်များအနေဖြင့် အသင်းသားများ၏ လုပ်ငန်းအပေါ်မူတည်၍ မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ကြရန်နှင့် အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လုပ်ငန်းများဖြစ်သည့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ လယ်ယာသုံး/လုပ်ငန်းသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းသုံးရပ်သည် အခြေခံလူတန်းစားများအတွက် ဘဝအာမခံချက်ပေးနိုင်သည့်လုပ်ငန်းများဖြစ်သဖြင့် အလွန်အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သမဝါယမအသင်းများတွင် ရေးသွင်းထားရှိသော စာရင်းဇယား ရှစ်မျိုး၊ ရငွေပြေစာဖိုင်၊ ပေးငွေပြေစာဖိုင်များ စနစ်တကျရေးဆွဲထားရှိမှုနှင့် သမဝါယမတက္ကသိုလ် (သန်လျင်) စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ တက္ကသိုလ်အတွင်းရှိ သဗ္ဗဇယအောင်စေတီအဝင်လမ်းဖောက်လုပ်ရန် လျာထားဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာသို့ သွားရောက်၍ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် သမဝါယမအသင်းသားများ၊ ရေလုပ်သားများနှင့် တွေ့ဆုံကာ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများက သိရှိလိုသည်များ၊ လိုအပ်ချက်များကို မေးမြန်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ကျေးရွာသမဝါယမအသင်းတွင် ရေးသွင်းထားရှိသော စာရင်းဇယား ရှစ်မျိုးကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၂၀၀၀ | - | ၆၆၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၁၂၀၀ | - | ၆၆၂၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၁၂.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၃.၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၅၀၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၇၈.၀၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၃၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၄၅.၀၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁.၈၉၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၇၈၈.၈၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၂.၆၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


**မိုးမြင့်ကြယ်** ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်။
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest 75000 Hotel 140000
ရွှေစက်တော်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး Guest 80000 Hotel 140000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ Guest 70000 Hotel 120000
ကျိုက်ထီးရိုး (မြို)35000 သကြန်ခရီးစဉ် လက်မှတ်များကြိုတင်ရောင်းပြီ။
ချောင်းသာ (မြို)45000 ချောင်းသာ Hotel, Guest အခန်းစီစဉ်ပေးသည်။
01-549380,09-450012971

သကြန် "မင်္ဂလာ မြစ်ကြီးနားမြစ်ဆုံ" လက်မှတ်ရောင်းပြီ
အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ
(12.4.2015) Ph:09450024419
ရွှေစေတီ DPTOA-No.161

JADE MOTION ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်-မျှော်ရစ်
သင်္ကြန်တွင်းအထူးခရီးစဉ် (11 to 16.4.15) /(16 to 21.4.15) 180000/-
တောင်ကြီး-အင်းလေး၊ ပင်းတယ-ရွှေတော်တက္ကူ-ထမ်စမ်းဂူ (11 to 15.4.15) /(16 to 20.4.15) 150000/-
0973123443, 095179754, 09254907896

Wonderful Days Travels & Tours
တောင်ကြီး ခရီးစဉ် Mar- 26, Apr- 12, 13, 17
ပုဂံ - တောင်ကြီး Apr- 13
အလောင်းတော်ကဿပ ခရီးစဉ် Mar-26, Apr-12
မန္တလေး - တောင်ကြီး Apr- 12
မော်လမြိုင် ခရီးစဉ် Apr- 17
Ph: 220 905, 09 731 93 262, 09 731 78 716.

Rising Tide Travel & Tours
ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား (6D5N) April 11-16 USD 730
ကိုရီးယား (8D7N) April 11-18 USD 1990
သြစတြေးလျ (11D 10N) April 11-21 USD 4200
ဥရောပ (14D13N) April 11-24 USD 5300
အမေရိက (16D15N) April 10-25 USD 6700
Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon
Pls Contact Us: 09 798335531, 09 254757722, 09 31250070, 09 43034182, 09798335527, 09798335532

Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008 707062, 09-861-7770

r;ab;a&mi ravmiciwm;

ပြည်တွင်းရေးရာ

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၁၀**

တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်းရှိ Shangri- la Boracay Resort and Spa ၏ Halina Ball Room တွင် မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် အာဆီယံ တရားစီရင်ရေး သတင်းအချက်အလက်များအတွက် ASEAN Judiciaries Portal တည်ထောင်နိုင်ရန် ဆောင်ရွက်ရေးကိစ္စ၊ အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် အာဆီယံ အတွင်းရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စ၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် ကိစ္စ၊ အာဆီယံနိုင်ငံများအတွင်း တရားမမှုခင်းများတွင် တရားမဆင့်စာများချအပ်နိုင်ရန် လွယ်ကူအဆင်ပြေသည့်လုပ်ငန်းစဉ် ဖြစ်ပေါ်လာစေရေး ဆက်လက်လေ့လာသွားရန်ကိစ္စ၊ Court Technology နှင့် Case Manage - ment များအတွက် အာဆီယံနိုင်ငံများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စများကို ဆွေးနွေးခဲ့သည်။

အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေးကို အာဆီယံဒေသတွင်းနိုင်ငံများအတွင်း ကျင်းပခဲ့ရာ ပထမအကြိမ် အစည်းအဝေးကို စင်ကာပူနိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု တတိယအကြိမ် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်ဦး<br>ဌာနမှူး<br>(သင်ကြားရေးနှင့်လေ့ကျင့်ရေး)<br>မြန်မာနိုင်ငံကုန်သွယ်<br>ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်<br>ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဦးအေးဆန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ် အကောင်<br>အထည်ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

# အနာဂတ်အရည်အသွေးမြင့် စီမံခန့်ခွဲမှု မျိုးဆက်သစ်များ မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် မတ် ၁၀**

နိုင်ငံတကာ မဟာဗျူဟာနှင့် လေ့လာရေးဌာန အနာဂတ်အရည်အသွေးမြင့် စီမံခန့်ခွဲမှု မျိုးဆက်သစ်ပေါ်ထွန်းရေး CSIS ကျောင်းတွင် UK နိုင်ငံရှိ Cambridge Academy of Management နှင့် ဖိလစ်ပိုင်နိုင်ငံရှိ Akdersgate Colleage တို့ ပူးပေါင်းဖွင့်လှစ်ပြီး နိုင်ငံရေးစီမံခန့်ခွဲမှု မဟာဘွဲ့ MBM၊ စီမံခန့်ခွဲမှု မဟာဘွဲ့ MBA၊ ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ လက်မှတ်ရသင်တန်းများကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

"လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် သူတို့ကလိုအပ်ချက်တွေဖြည့်တယ်။ ပြန့်ပွားကြတယ်။ ဒါတွေကနိုင်ငံအတွက် တော်တော်အားကောင်းတယ်။ ကျွန်တော်တို့ ဒီ နှစ်နှစ်ခွဲကျော်ကာလမှာ နှစ်လသင်တန်း၊ တစ်လသင်တန်း ပို့ချပြီး ဒီပလိုမာ၊ မာစတာ သင်တန်းသားဦးရေ ၁၅၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ပါပြီ"ဟု CSIS ဦးဆောင်ဖွင့်လှစ်သူ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာနေဇင်လတ်က ပြောသည်။

CSIS သင်တန်းကျောင်းတွင် သီအိုရီပိုင်းတစ်ခုတည်း သင်ကြားခြင်း မဟုတ်ဘဲ လက်တွေ့သင်ကြားခြင်း၊ ကျောင်းသားအချင်းချင်း စကားရည်လုခြင်း၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ Term paper တင်ခြင်းများကို လစဉ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတည်ဆောက်ရာတွင် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွက်လာရေးသည် အရေးပါ အရာရောက်သော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ ထိုကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဇွန်လမှစ၍ CSIS (Center for Strategic & International Studies) မှ အထောက်အကူပြု Certificate သင်တန်းများတွင် ကျောင်းသား ၁၀၀၀ ကျော်၊ ဒီပလိုမာ သင်တန်းများတွင် ကျောင်းသား ၆၀၀ ကျော် သင်ကြားပို့ချပေးခဲ့ပြီး လက်ရှိ မာစတာ သင်တန်းများတွင် ကျောင်းသား ၆၀၀ ကျော်အား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(ခင်ဇာလီ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၁**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လင်နာ့စ်အန်တာနာ့စ် လင့်ခ်ဗီးစီးယို့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**✻ ရှေ့ဖုံးမှ**

Prestige Automobile tae ဖြင့် BMW X မော်ဒယ်များကြားတွင် စွမ်းဆောင်မှု အရည်အသွေးနှင့် အောင်မြင်မှုရရှိထားသော BMW X6 မော်ဒယ်သစ်တွင် xDrive50i နှင့် xDrive30d တို့ကို တင်သွင်းရောင်းချသွားမည်ဖြစ်ပြီး xDrive50i တွင် Pure Extravagance နှင့် M Sport package တို့ကို ဝယ်ယူရရှိနိုင်မည်ဟု သိရသည်။

BMW X6 မော်ဒယ်သစ် မိတ်ဆက်ခဲ့ရာတွင် BMW X6 xDrive50i တွင် ၄ ဒသမ ၄ လီတာ V8 TwinPower ဓာတ်ဆီအင်ဂျင်ကို အသုံးပြုထားကာ မြင်းကောင်ရေအား ၄၅၀ အထိ အမြင့်ဆုံးရရှိနိုင်ပြီး ပထမမျိုးဆက်ထက် ၁၀ ရာခိုင်နှုန်း ပိုမိုစွမ်းဆောင်နိုင်မည်ဟု သိရသည်။ BMW TwinPower Turbo နည်းပညာ၏ အင်ဂျင်တွဲဖက်လုပ်ဆောင်သည့် ပစ္စည်းအစုံတွင် VALVETRONIC၊ Turbo-chargers နှစ်ခုနှင့် Precision Diret Petrol Injection တို့ကို အသုံးပြုထားသည့်အတွက် ဆီစားနှုန်း သက်သာစေပြီး အင်ဂျင်စွမ်းဆောင်မှုအားကို ပိုမိုမြင့်မားစေသည်ဟု သိရသည်။ BMW X6 xDrive50i သည် (ယခင်မော်ဒယ်ထက် ၄ ဒသမ ၈ စက္ကန့်တွင် သုည ဒသမ ၆ စက္ကန့် လျော့နည်း) သုညမှ 100 km အထိ မောင်းနှင်နိုင်ပြီး ဆီသုံးစွဲမှုပမာဏမှာ ကီလိုမီတာ ၁၀၀ လျှင် ၉ ဒသမ ၇၁ လီတာနှုန်းရှိသည်။ BMW X6 xDrive30d သည် ၃ ဒသမ သုည လီတာ straight-six (ဆလင်ဒါ ခြောက်လုံး ပါ) TwinPower Turbo ဒီဇယ်အင်ဂျင်၊ အမြင့်ဆုံးမြင်းကောင်ရေအား ၂၅၈ အထိ ရရှိနိုင်ပြီး ဆီသုံးစွဲမှုပမာဏမှာ ကီလိုမီတာ ၁၀၀ လျှင် ခြောက်လီတာနှုန်း ဖြစ်သည်။ BMW X6 M Sport package တွင် ၎င်း၏ အမှတ်တံဆိပ်ဖြစ်သည့် M Logo၊ Sport seat၊ M Leather Steering wheel၊ Adaptive M suspension၊ 20-inch M light-alloy wheels နှင့် M package အတွက် သီးသန့် ဒီဇိုင်းပြုလုပ်ထားသည့် ကားသော့တို့ ပါဝင်သည်ဟု သိရသည်။

Prestige Automobiles သည် ပထမဆုံး BMW အရောင်းပြခန်းနှင့် ဝန်ဆောင်မှုစင်တာကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး တစ်လလျှင် ကားအစီးရေ ၂၀၀ ကျော်ကို ဝန်ဆောင်မှုပေးနိုင်ကာ Aftersale ဝန်ဆောင်မှုတွင် Body Repair နှင့် Paint ဝန်ဆောင်မှုများကို ရရှိနိုင်သည်ဟု သိရသည်။ လက်ရှိမော်ဒယ်သစ်ဖြစ်သော BMW X6 မော်ဒယ် အမှာစာ ကိုးစီးရရှိထားပြီဟု သိရသည်။

**(ဝဝ၁)**



# အိုင်ဗရီကို့စ်သမ္မတဟောင်း၏ ဇနီး ထောင်ဒဏ်နှစ်(၂၀) ချမှတ်ခံရ

**အဘစ်ဂျန် မတ် ၁၀**

အိုင်ဗရီကို့စ်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲနောက်ပိုင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ၌ ပါဝင်ပတ်သက်မှုဖြင့် သမ္မတဟောင်း၏ ဇနီး ဆီမွန်ဂဝတ်ဘိုအား ထောင်ဒဏ်နှစ်(၂၀) ကျခံရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက်(၆၅)နှစ်အရွယ်ရှိ ဂဝတ်ဘိုမှာ နိုင်ငံတော်လုံခြုံရေး ထိခိုက်စေမှုဖြင့် စွဲချက်တင်ခံခဲ့ရခြင်းဖြစ်သည်။

၎င်း၏ ခင်ပွန်းဖြစ်သူ သမ္မတဟောင်း လောရင့်ဂဝတ်ဘိုမှာ နိုင်ငံတကာ ရာဇဝတ်တရားခုံရုံး (အိုင်စီစီ)တွင် အမှုရင်ဆိုင်နေရသည်။

၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော အိုင်ဗရီကို့စ် သမ္မတရွေးကောက်ပွဲအပြီး၌ သမ္မတဟောင်း လောရင့်ဂဝတ်ဘိုက ၎င်း၏ပြိုင်ဘက် အလက်ဆန်ကွာတာရာအား ရှုံးနိမ့်ခဲ့ရမှုကို လက်ခံရန် ငြင်းဆိုခဲ့ပြီးနောက် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူ ၃၀၀၀ ကျော် သေဆုံးခဲ့ရသည်။



၂၀၁၁ ခုနှစ်တွင် အိုင်ဗရီကို့စ်နိုင်ငံ မြို့တော်အဘစ်ဂျန်ရှိ ကတုတ်ကျင်းတစ်ခုကို အစိုးရတပ်ဖွဲ့များက စီးနင်းကာ အဆိုပါကတုတ်ကျင်း၌ ခိုလှုံနေသော သမ္မတဟောင်းနှင့် ၎င်း၏ဇနီးတို့အား ဖမ်းဆီးခဲ့သည်။

အိုင်ဗရီကို့စ်တရားရုံးချုပ်က သမ္မတဟောင်း၏ဇနီးအပေါ် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် နှစ်(၂၀) ချမှတ်ခဲ့သော်လည်း အစိုးရအရှေ့နေများက ၎င်းပြစ်ဒဏ်ထက် နှစ်ဆပိုမိုချမှတ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတကတော်ဟောင်း၏ သမီးဖြစ်သူက ယင်းသို့ ပြစ်ဒဏ်ချမှတ်ခြင်းမှာ တရားမျှတမှုမရှိကြောင်းနှင့် နိုင်ငံရေးအရ တရားစီရင်သည့် လက္ခဏာဖြစ်ကြောင်း ဘီဘီစီသို့ ပြောကြားခဲ့သည်။

**ဘီဘီစီ။**



# လေယာဉ်တင်သင်္ဘောကြီးအား ဓာတ်ပုံရိုက်ကူးခဲ့သူကို သူလျှိုပြုလုပ်မှုဖြင့် တရုတ်ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေး

**ပေကျင်း မတ် ၁၀**

တရုတ်နိုင်ငံ၏ ပထမဆုံးသောလေယာဉ်တင်သင်္ဘောကြီးကို ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၅၀၀ ကို ရောင်းချခဲ့သူ အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က သူလျှိုပြုလုပ်မှုဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တလျန်ရုပ်မြင်သံကြားဌာနက မတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျန်ဟု အမည်ရှိသည့် အမျိုးသားတစ်ဦးသည် လျောင်နင်းအမည်ရှိ လေယာဉ်တင်သင်္ဘောကို ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။ ၎င်းကို မဂ္ဂဇင်းအယ်ဒီတာတစ်ဦးဟု မိမိကိုယ်ကိုမိမိ ထုတ်ဖော်ပြောဆိုသူတစ်ဦးက အင်တာနက်အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ကာ ယင်းဓာတ်ပုံများကို ဝယ်ယူခဲ့ကြောင်း ရုပ်မြင်သံကြား သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ တလျန်မြို့ရှိ ရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်နှစ်က အမျိုးသားနှစ်ဦးကို ဖမ်းဆီးခဲ့ရာတွင် ‘ကျန်’ ပါဝင်သည်။ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော တလျံမြို့၌ လေယာဉ်တင်သင်္ဘောကြီးကို မွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေချိန်အတွင်း ယင်းလေယာဉ်တင်သင်္ဘောကြီးကို ဓာတ်ပုံရိုက်ကူးနိုင်ရန် ကန့်သတ်ဇုန်နယ်မြေအတွင်းသို့ အကြိမ်ကြိမ် ဝင်ရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

‘ကျန်’သည် လေယာဉ်တင်သင်္ဘောကြီးကို ငါးလမျှအချိန်ယူကာ ဓာတ်ပုံရိုက်ကူးခဲ့သည်ဆို၏။ ၎င်း၏ လုပ်ဆောင်ချက်သည် နိုင်ငံတော်၏ စစ်ဘက်ဆိုင်ရာလုံခြုံရေးကို ထိပါးရာရောက်ကြောင်း၊ နိုင်ငံခြားထောက်လှမ်းရေးအဖွဲ့အစည်းများက ၎င်းထံမှ ဓာတ်ပုံများကို ဝယ်ယူခဲ့သည်ဟု ယူဆရကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# အီတလီဝန်ကြီးချုပ်ဟောင်းအမှုကို တရားရုံးတွင် စတင်စစ်ဆေး

**ရောမ မတ် ၁၀**

အီတလီနိုင်ငံတွင် ဟိုးလေးတကျော်ဖြစ်နေသည့် ဝန်ကြီးချုပ်ဟောင်း ဆေလ်ဗီရိုဘာလူစ်ကိုနီ၏ အသက်မပြည့်သေးသည့် ပြည့်တန်ဆာတစ်ဦးနှင့် ပတ်သက်ခဲ့ခြင်းဆိုင်ရာအမှုတွဲကို တရားရုံးချုပ်တွင် စတင်ကြားနာစစ်ဆေးနေပြီဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်းက အသက်မပြည့်သေးသည့် ပြည့်တန်ဆာတစ်ဦးနှင့် ပတ်သက်ခဲ့ခြင်းအပြင် ယင်းအမှုကို ပပျောက်အောင် အာဏာကုန်သုံး၍ ကွယ်ဝှက်ထားခဲ့သည်။ အောက်တရားရုံးက ဝန်ကြီးချုပ်ဟောင်းအား ပြစ်မှုနှစ်ရပ်စလုံးထင်ရှားသဖြင့် ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခဲ့သည်။ သို့သော် တရားရုံးက မည်သို့ဆုံးဖြတ်ချက် ချမှတ်မည်ကိုမူ မသိရသေးပေ။

တရားရုံးအနေဖြင့် ဝန်ကြီးချုပ်၏ အပြစ်မရှိကြောင်း လျှောက်လဲချက်ကို လက်ခံပေးနိုင်သလို ပလပ်ပစ်နိုင်သည်။ ဆုံးဖြတ်ချက်ကို မကြာမီအချိန်တွင် ချမှတ်မည်ဖြစ်သည်။

မေလရွေးကောက်ပွဲနီးပြီဖြစ်သဖြင့် လွန်ခဲ့သည့်ရက်သတ္တပတ်က လူမှုရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် ဝန်ကြီးချုပ်ဟောင်းသည် နိုင်ငံရေးလောကထဲသို့ မသိမသာ ပြန်လည်ဝင်ရောက်လာခဲ့သည်။ **အေပီ။**

# သီရိလင်္ကာကာကွယ်ရေးဝန်ကြီးဟောင်း ပြည်ပခရီးသွားလာခွင့် ပိတ်ပင်ခြင်းခံရ

**ကိုလံဘို မတ် ၁၀**

ယခင်က အာဏာအရှိန်အဝါကြီးမားခဲ့သည့် သီရိလင်္ကာ ကာကွယ်ရေးဝန်ကြီးဟောင်းအား ၎င်းငှားရမ်းအသုံးပြုခဲ့သည့် သင်္ဘောတစ်စင်းပေါ်တွင် စစ်လက်နက်များရှာဖွေတွေ့ရှိခဲ့မှုနှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းခြင်းခံရမည်ဖြစ်သဖြင့် သီရိလင်္ကာ တရားရုံးတစ်ခုက ကာကွယ်ရေးဝန်ကြီးဟောင်းအား ပြည်ပသို့ ထွက်ခွာခြင်းမှ ပိတ်ပင်တားမြစ်လိုက်ပြီဖြစ်သည်။

ဂါလီမြို့တောင်ပိုင်းရှိ တရားရုံးက သမ္မတဟောင်း မဟင်ဒါ ရာဂျာပတ်ဆာနှင့် ညီအစ်ကိုတော်စပ်သူ ကာကွယ်ရေးဝန်ကြီးဟောင်း ဂိုတက်ဘ်ဟာရာ ရာဂျာပတ်ဆာအား ပြည်ပသို့ထွက်ခွာခြင်းကို ပိတ်ပင်တားမြစ်လိုက်ပြီဖြစ်ကြောင်း ယမန်နေ့ထုတ်ပြန်ချက်တစ်ရပ်တွင် ပါရှိသည်။

အလားတူ ရေတပ်အကြီးအကဲ ဆိုစာသီလိတ်ဒီသာနာရိပ်နှင့် အခြားနှစ်ဦးတို့အား ပြစ်မှုစုံစမ်းထောက်လှမ်းရေးဌာန၏ တောင်းဆိုချက်အရ ပြည်ပသို့ထွက်ခွာခြင်းမှ ပိတ်ပင်ခဲ့သည်။

သမ္မတဟောင်း မဟင်ဒါရာ ဂျာပတ်ဆာသည် ဇန်နဝါရီလတွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီး မကြာမီတွင် ရဲအရာရှိများက ဂါလီမြို့တော်ဆိပ်ကမ်း၌ ကာကွယ်ရေးဝန်ကြီးဟောင်း ငှားရမ်းအသုံးပြုခဲ့သည့် သင်္ဘောကို ဖမ်းမိခဲ့သည်။

အဆိုပါ သင်္ဘောပေါ်တွင် စစ်လက်နက် ၃၀၀၀ ကျော် သိမ်းဆည်းရမိသည်။ ပင်လယ်ဓားပြရန်ကိုကာကွယ်ရန် လက်နက်များထားရှိခြင်းဖြစ်သည်ဟု ရဲအရာရှိများက ဆိုသည်။

ထိုသို့ စစ်လက်နက်များကို သိမ်းဆည်းထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အတိုက်အခံပါတီများက ပြောသည်။

သမ္မတဟောင်းမဟင်ဒါရာဂျာပတ်ဆာလက်ထက်က ကာကွယ်ရေးဝန်ကြီးဟောင်း ဂိုတက်ဘ်ဟာရာ ရာဂျာပတ်ဆာသည် တမီလ်စစ်သွေးကြွများကို နှိမ်နင်းရာတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း သိရသည်။ **အေပီ။**



# အာဂျင်တီးနား၌ ရဟတ်ယာဉ်ပျက်ကျ ပြင်သစ်အားကစားသမားများအပါအဝင် ၁၀ ဦးသေ

**ပါရီ မတ် ၁၀**

အာဂျင်တီးနားနိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူ ၁၀ ဦးတွင် ပြင်သစ်လူမျိုးအားကစားသမား အကျော်အမော်သုံးဦးပါဝင်ကြောင်း ပြင်သစ်သမ္မတရုံးက မတ် ၁၀ ရက်တွင် အတည်ပြုပြောကြားသည်။

မတ် ၉ ရက်က အာဂျင်တီးနားနိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ ရုပ်ရှင်ရိုက်ကူးစဉ်အတွင်း ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများမှာ ပြင်သစ်နိုင်ငံသား ရှစ်ဦးနှင့် အာဂျင်တီးနားနိုင်ငံသား ရဟတ်ယာဉ်မှူးနှစ်ဦးတို့ဖြစ်ကြသည်။

ရုပ်ရှင်ရိုက်ကူးနေချိန် ဝေဟင်အတွင်း ရဟတ်ယာဉ်နှစ်စင်း တိုက်မိခဲ့သည်ဟုယူဆရကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူ ဟိုရာစီယိုက ပြောကြားသည်။

ရွက်လှေအားကစားမယ် ဖလောရင့်စ်အာဟော့၊ အိုလံပစ် ရေကူးသမား ကမ်မီးမူဖက်နှင့် အိုလံပစ်လက်ဝှေ့သမား အလက်စစ်မာစတင်ရီတို့သေဆုံးခဲ့ရကြောင်း ပြင်သစ်သမ္မတရုံးကပြောကြားသည်။ ရုပ်မြင်သံကြား အစီအစဉ်တစ်ရပ်အတွက် ရုပ်ရှင်ရိုက်ကူးရာတွင် ရဟတ်ယာဉ်များကို အသုံးပြုခဲ့ကြသည်။

အကျော်ဇေယျ အားကစားသမားများအပါအဝင် မိမိတို့၏နိုင်ငံသားများ ဆုံးရှုံးရမှုအတွက် အလွန်ပင် ကြေကွဲဝမ်းနည်းမှုဖြစ်ရကြောင်း သမ္မတ ဖရန်ဆွာဟော်လန်းက ပြောကြားသည်။ မြို့တော် ဗျူနိုအေရိစ်မှ မိုင် ၇၂၀ အကွာ ဗီလာကက်စတယ်လီမြို့အနီး၌ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည်။ **ပီတီအိုင်။**

# စင်ကာပူတက္ကသိုလ်ဝက်ဘ်ဆိုက် အိုင်အက်စ်ဟက်ကာများ တိုက်ခိုက်

**စင်ကာပူ မတ် ၁၀**

စင်ကာပူနိုင်ငံရှိ ကာတင်းတက္ကသိုလ်က ၎င်းတို့တက္ကသိုလ်၏ တရားဝင်ဝက်ဘ်ဆိုက်ကို အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး(အိုင်အက်စ်)ဟက်ကာများက တနင်္ဂနွေနေ့တွင် တိုက်ခိုက်နှောင့်ယှက်ခဲ့ကြောင်း ချန်နယ်နယူးအေးရှားသတင်းဌာနက ရေးသားဖော်ပြသည်။

“ကာတင်းတက္ကသိုလ်က တနင်္ဂနွေနေ့တွင် ကာတင်းစင်ကာပူဝက်ဘ်ဆိုက် တိုက်ခိုက်နှောင့်ယှက်ခံရတာနဲ့ ဝက်ဘ်ဆိုက်ရုတ်တရက်ပျက်စီးသွားတာကို သတိထားမိခဲ့ပါတယ်” ဟု အဆိုပါဝက်ဘ်ဆိုက်ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဒုတိယဥက္ကဋ္ဌ အိုင်ရန်ကာလာဟန်က မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

တိုက်ခိုက်ခံရသည့် ဝက်ဘ်ဆိုက်တွင် အိုင်အက်စ်များက တိုက်ခိုက်နှောင့်ယှက်ကြောင်းနှင့် နေရာတိုင်းမှာ ၎င်းတို့ရှိသည်ဟု ဖော်ပြခဲ့သလို အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အလံကိုလည်းပြသခဲ့သည်ဟု သိရသည်။

ကာတင်းတက္ကသိုလ်က ၎င်းတို့၏ ဝက်ဘ်ဆိုက်ကို တနင်္လာနေ့မွန်းလွဲပိုင်းတွင် ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ကိုလည်း အကြောင်းကြားခဲ့သည်။ **ဆင်ဟွာ။**

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် မတ် ၁၀**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Madam Nguyen Thi Doan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

## ကြိုဆို

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့် ရှိမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

---

**✱ ဥပဒေမှ**

ပြစ်မှုတစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက ရဲအရေးယူခွင့်ရှိသော ပြစ်မှုများဖြစ်သဖြင့် ရဲစခန်းတွင် တိုင်ကြားအရေးယူနိုင်ပါကြောင်း။

အကယ်၍ အဆိုပါ ပြုမူဆောင်ရွက်ချက်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသောပြစ်မှုများတွင် အကျုံးဝင်ပါက ရဲအရေးပိုင်သော ပြစ်မှုများဖြစ်လျှင် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားနိုင်ပြီး ရဲအရေးမပိုင်သော ပြစ်မှုများဖြစ်လျှင် သက်ဆိုင်ရာ တရားရုံးများတွင် သက်သေအထောက်အထား ခိုင်လုံစွာဖြင့် ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်ပါကြောင်း၊ ရွေးကောက်ပွဲဥပဒေ အခန်း(၁၄)တွင် သတ်မှတ်ပြဋ္ဌာန်းထားသော တရားမဲ့ပြုကျင့်မှုများကို လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်က ဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၁၅) ပါ အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းနိုင်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများအရလည်းကောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း (၁၃) နှင့် (၁၄) တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်



**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကို။**

ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ရွေးကောက်ပွဲဥပဒေအရ လည်းကောင်း အရေးယူဆောင်ရွက်ခြင်းကို ခံရနိုင်မည်ဖြစ်ကြောင်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၁၆-၁-၂၀၁၅ ရက်စွဲပါ ကြေညာချက်ဖြင့် တစ်နိုင်ငံလုံးရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် အသိပေးကြေညာထားပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

အလားတူ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **"မဲဆွယ်စည်းရုံးခွင့်ပြုသည့်ကာလတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် လာမည့် ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသူများသည် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန် လို၊ မလို သိလိုခြင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကိုက ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန်သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ကော်မရှင်က သတ်မှတ်ထုတ်ပြန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလ မဟုတ်သေးသော်လည်း) နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ပါတီ အောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်နေကြပြီဖြစ်သည်ကို တွေ့မြင်ကြားသိနေရပြီ ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီအသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိပြီး နိုင်ငံသားတိုင်းသည် ပုဒ်မ ၃၅၄ အရ



**တံတားဦး မဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ။**

လည်း ဥပဒေနှင့် မဆန့်ကျင်ဘဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ရှိကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် (လွှတ်တော်ကိုယ်စားလှယ်လောင်း မဟုတ်ပါက) လူထုတွေ့ဆုံရှင်းလင်းပွဲများကို ပြုလုပ်ရာတွင် သက်ဆိုင်ရာ လွှတ်တော် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်အတည်ပြုပြီးလျှင် မဲဆွယ်စည်းရုံးမှုကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့် စည်းကမ်းများအား လိုက်နာကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲဥပဒေအခန်း (၁၃) ပါ ရွေးကောက်ပွဲပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း (၁၄)ပါ တရားမဲ့ ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေး လိုက်နာစောင့်ထိန်းရန် လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးဟောပြောရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်၊ သက်ဆိုင်ရာပါတီ ကိုယ်စားလှယ်နှင့် ယင်းလွှတ်တော် ကိုယ်စားလှယ်လောင်းတို့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်တို့သည် မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ်ဖြန့်ချိရာတွင်ဖြစ်စေ တည်ဆဲဥပဒေများကို လိုက်နာရမည့်အပြင် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)နှင့် (၁၄) တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို သိရှိနားလည်ပြီး ဥပဒေချိုးဖောက်မှုမျိုး မဖြစ်စေရေး သတိပြုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိ၏ ဟောပြောချက်များသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ယင်းတည်ဆဲဥပဒေအရ အရေးယူခြင်းခံရနိုင်ဖွယ်ရှိပါကြောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)တွင် ပါရှိသည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ပါက ရွေးကောက်ပွဲဥပဒေအရ အရေးယူခံရနိုင်ပါကြောင်း၊ ထိုနည်းတူ အခန်း(၁၄)တွင် ပါရှိသည့် တရားမဲ့ပြုကျင့်မှုတစ်ရပ်ရပ် ဖောက်ဖျက်ပါက ရွေးကောက်ပွဲတွင် မိမိအနေဖြင့် အနိုင်ရရှိသော်လည်း ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းက မိမိအပေါ် ကန့်ကွက်လွှာတင်သွင်း၍ အရေးယူဆောင်ရွက်ခြင်းကို ခံရနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

---

**❖ တပ်ပိုင်မြေမှ**

စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှ နစ်နာကြေးများကို တောင်သူများထံ ထုတ်ပေးခဲ့ရာတွင် **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် အဖွဲ့ခွဲ (၁၁)**၏ တင်ပြချက်အရ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၇) အုပ်စုမှ တောင်သူ (၂၁၇) ဦး ပိုင်ဆိုင်သည့် လယ်ယာ (၂၄၇ ဒသမ ၁၇ )ဧက၊ ယာမြေ (၇၂ ဒသမ ၇၁) ဧက စုစုပေါင်း လယ်ယာမြေ (၃၁၉ ဒသမ ၈၈) ဧကအတွက် ပြည်ထောင်စုငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေကျပ် (၄၁၅ ဒသမ ၁၈) သန်းအနက်မှ ကျပ်(၄၀၇ ဒသမ ၁၁) သန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်ထိ ပေးလျော်ထားပြီး ဖြစ်ပါကြောင်း။

လယ်ဝေးမြို့နယ်တွင် ကျန်ရှိသော တောင်သူ(၅)ဦးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ အမှန်ပေးလျော်ရမည့် မြေဧကကို ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာတွင် ပေးလျော်ရမည့်မြေမှာ လယ်မြေ(၂ ဒသမ ၅၁)ဧက၊ ယာမြေ(၅ ဒသမ ၂၉)ဧက စုစုပေါင်း (၇ ဒသမ ၈)ဧကဖြစ်ပါကြောင်း၊ ယင်းမြေ(၇ ဒသမ ၈) ဧကကို ပေးလျော်နိုင်ရန် မြေ(၁)ဧကဈေးနှုန်း အတည်ပြုသတ်မှတ်နိုင်ရေးအတွက် ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူးထံမှ သဘောထားမှတ်ချက် တောင်းခံထားကာ အတည်ပြုချက်ရရှိသည်နှင့် မတ်လအတွင်း လက်ဝယ်ရှိပြီး ရန်ပုံငွေမှ ပေးလျော်သွားမည်ဖြစ်ပါကြောင်း။

ပျဉ်းမနားမြို့နယ် အပိုင်းတွင် ကျေးရွာအုပ်စု(၅)အုပ်စုမှ တောင်သူပေါင်း (၂၆၅)ဦး ပိုင်ဆိုင်သည့် လယ်မြေ (၁၃၅ ဒသမ ၈၅) ဧက၊ ယာမြေ (၃၄ ဒသမ ၄၉)ဧက စုစုပေါင်း လယ်ယာမြေ (၁၇၀ ဒသမ ၃၄) ဧက စိုက်ပျိုးထားသည့် သီးနှံဧက (၁၆၉ ဒသမ ၉၇) ဧကနှင့် အဆောက်အအုံ (၂)လုံးအတွက် ပျဉ်းမနားမြို့နယ် မြေစာရင်းဦးစီး



**ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်။**

ဌာနမှ စိစစ်ပြီးဖြစ်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ ဆက်လက်စိစစ်လျက်ရှိပါကြောင်း၊ လယ်ယာမြေများအတွက် မြေအမျိုးအစားအလိုက် ပေးလျော်ရမည့် (၁) ဧက အတည်ပြုဈေးနှုန်းကို အဆင့်ဆင့်စိစစ်ကာ နေပြည်တော်ကောင်စီသို့ တင်ပြသဘောထားမှတ်ချက်ရယူသွားမည်ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်အတည်ပြုပြီးပါက ရန်ပုံငွေတင်ပြတောင်းခံပေးလျော်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **တပ်သိမ်းမြေများအနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ် ချေးငွေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က တပ်ပိုင်မြေအတွင်း အခမဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသူများအား မြဝတီဘဏ်နှင့် အင်းဝဘဏ်တို့မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ပါကြောင်း။

ထိုသို့ ထုတ်ချေးရာတွင် စိုက်ပျိုးစရိတ် ချေးငွေရယူမည့် တောင်သူ



**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး။**

များအနေဖြင့် သက်ဆိုင်ရာတပ်ရင်း/တပ်ဖွဲ့၏ တပ်ပိုင်မြေအတွင်း အခမဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုပေးသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်နှင့် စိုက်ပျိုးစရိတ်ချေးငွေရယူမှုအတွက် အာမခံအဖြစ် ပိုင်ဆိုင်မှုတစ်ခုခုသို့မဟုတ် အာမခံထားရှိရန်အတွက် အခက်အခဲရှိပါက သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့မှ သတ်မှတ်ကာလအတွင်း ချေးငွေပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ထောက်ခံချက် အထောက်အထားများဖြင့် တင်ပြဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ် video ကို ထုတ်လွှင့်ပြသခဲ့သည်။

**(သတင်းစဉ်)**

**National Network for Education Reform (NNER)**နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ငြိမ်းချမ်းသောနည်းလမ်းဖြင့် စိန်ခေါ်မှုများကို ကျော်လွှားကြပါစို့

သက်နိုင်ညွန့်

**ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်**

နိုင်ငံသားတိုင်းသည် ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများရှိပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ (ခ)အရ **"နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားပါသည်။

**ငြိမ်း၊ စု၊ စီ ဥပဒေ**

အတိုကောက်ခေါ်သော ငြိမ်း၊ စု၊ စီ ဥပဒေရှိပါသည်။ အပြည့်အစုံရေးလျှင် **"ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ"**ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅၊ ၂၀၁၁ ဖြစ်ပါသည်။ ၂-၁၂-၂၀၁၁ ရက်စွဲဖြင့် ပြဋ္ဌာန်းပါသည်။ ငြိမ်း၊ စု၊ စီ ဥပဒေဖြင့် ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

**ဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေးများ**

ဥပဒေနှင့်ဆန့်ကျင်သည့်အစုအဝေးများ ပေါ်ပေါက်လာပါက ရဲအရာရှိများ၊ တရားသူကြီးများသည် တရားဥပဒေနှင့်အညီ ဆောင်ရွက်ရပေသည်။ အင်အားသုံးရသည့်အခါ မလွှဲမရှောင်သာ အင်အားသုံးကြရပေသည်။ တာဝန်အရ ဆောင်ရွက်ရခြင်းသာ ဖြစ်ပါသည်။ **မည်သည့်ဝန်ထမ်းမျှ အင်အားသုံးလိုသောဆန္ဒမရှိပါ။ မရင်ဆိုင်လိုပါ။ အထူးသဖြင့် ကျောင်းသားလူငယ်များ၊ ရဟန်းသံဃာများနှင့် ထိပ်တိုက်ရင်ဆိုင်ရန် (အထူး) ရှောင်ကြဉ်လိုပါသည်။** မလွှဲမရှောင်သာ၊ တာဝန်အရ ဆောင်ရွက်ရခြင်းမျိုးသာ၊ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ရန်သာ ထမ်းဆောင်ရခြင်းကို နားလည်ကြမည်ဟု မျှော်လင့်ပေသည်။

> အကောင်းဆုံးကတော့ ငြိမ်းချမ်းသာယာစေချင်သည်။ တရားဥပဒေစိုးမိုးစေချင်သည်။ ကျောင်းသားများဆန္ဒပြည့်ဝစေချင်သည်။ အမျိုးသားပညာရေးဥပဒေ အရည်အသွေးမြင့်မားစေချင်သည်။ ထိပ်တိုက်ရင်ဆိုင်မှုများ လုံးဝမမြင်မတွေ့လိုပါ။

**ဥပဒေအနှစ်သာရထက် ပို၍မကျင့်သုံးသင့်**

ဥပဒေအနှစ်သာရထက် ပြဋ္ဌာန်းချက်ကိုကျော်၍ အာဏာမကျင့်သုံးသင့်ပါ။ အင်အားကိုလည်း ဥပဒေနှင့်အညီသာ ကျင့်သုံးသင့်ပါသည်။ အကူအညီတောင်းခံရသော အမျိုးသားသည် စည်းကမ်းရှိသော၊ ဥပဒေနှင့်အညီ အကူအညီပေးနိုင်သော အမျိုးသားသာဖြစ်သင့်ပါသည်။ ကြုံရာလူကို လွယ်လွယ်ကူကူ ဆွဲခေါ်ကာ အများပြည်သူက လက်မခံနိုင်သော အမျိုးသားများကို အကူအညီတောင်းရန် မသင့်ပါ။ ဆိုလိုသည်မှာ ဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေးများကို လူစုခွဲရမည့်သူသည် ဥပဒေနှင့်မဆန့်ကျင်သော ပုဂ္ဂိုလ်မျိုးသာဖြစ်သင့်ပေသည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၈ ကို ကျင့်သုံးသော အရာရှိများသည် ဤအချက်ကို လေးလေးနက်နက် သတိပြုစဉ်းစားအပ်ပါသည်။ မိမိ၏ စေတနာကို ဝေဒနာမဖြစ်သင့်ပါ။ ဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေးများကို အင်အားသုံးသည့်အခါ မိမိသုံးသောအင်အားသည် အများပြည်သူ၏ အကျိုး(တရားဥပဒေစိုးမိုးရေး၏ အဓိကပန်းတိုင်) ကို မျက်ခြည်မပြတ်သင့်ပါ။

**ဥပဒေအရ ဆောင်ရွက်ရသော တာဝန်**

ဥပဒေအရ ဆောင်ရွက်ရသော အဖွဲ့အစည်းများဘက်ကိုလည်း ထည့်သွင်းစဉ်းစားပေးစေချင်သည်။ တာဝန်အရ ဆောင်ရွက်ရသော အဖွဲ့အစည်း၊ လူထုအုပ်ချုပ်ရေးအဖွဲ့များ၊ ဝန်ထမ်းများဘက်ကိုလည်း ကိုယ်ချင်းစာနာစေလိုပါသည်။ တရားဥပဒေအရ အရေးယူရခြင်း၊ တရားဥပဒေအရ ဖမ်းဆီးရခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရပေသည်။ ဘောင်လွတ်၊ စည်းလွတ်၊ ဥပဒေမဲ့ဖြင့် မည်သည့်ကိစ္စမျှ ဆောင်ရွက်၍ မရနိုင်ပါ။ သို့ဖြစ်၍လည်း တည်ဆဲတရားဥပဒေ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ)နှင့်အညီ လိုက်နာဆောင်ရွက်ရကြောင်း လေ့လာသိရှိရပါသည်။

ယခုကဲ့သို့ လူစုလူဝေးများကို တရားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရသည့် အဖွဲ့အစည်းများအနေဖြင့် မည်မျှဂရုပြု သတိထားမည်ကို စာဖတ်သူများ စဉ်းစားကြည့်နိုင်ပါသည်။ ကိုယ်ချင်းစာကြည့်နိုင်ပါသည်။

**ဆန္ဒများပြည့်ဝစေလို**

ဘယ်လိုပဲဖြစ်ဖြစ် ယခုလို ဖြစ်ရပ်မျိုး၊ မလိုလားအပ်သော ဥပဒေမဲ့အစုအဝေးမျိုး ဘယ်လိုမှ မရှိသင့်ပါ။ မလိုလားအပ်ပါ။ မကြိုဆိုအပ်ပါ။ ဘယ်လိုရုန်းရင်းဆန်ခတ်မှုမျိုးကိုမျှ မဖြစ်ပွားစေလိုပါ။ **အကောင်းဆုံးကတော့ ငြိမ်းချမ်းသာယာစေချင်သည်။ တရားဥပဒေစိုးမိုးစေချင်သည်။ ကျောင်းသားများ ဆန္ဒပြည့်ဝစေချင်သည်။ အမျိုးသားပညာရေးဥပဒေ အရည်အသွေးမြင့်မားစေချင်သည်။** ထိပ်တိုက်ရင်ဆိုင်မှုများ လုံးဝမမြင်မတွေ့လိုပါ။ မတတ်သာ၍၊ မလွှဲမရှောင်သာ၍ ဆန္ဒပြပွဲများကို အင်အားသုံး ရှင်းလင်းရခြင်းဖြစ်ကြောင်း တွေ့မြင်ရသည်။ ထိုသို့မဖြစ်ပွားစေလို၍လည်း အကြိမ်ကြိမ် မေတ္တာရပ်ခံသည်။ တားမြစ်သည်။ ကြိုတင် သတိပေးသည်။ ရန်မီးမပွားစေရန် တောင်းပန်ခြင်းဖြစ်သည်။

**လွှတ်တော်အတွင်းမှာ အဖြေရှာ**

တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည် အားလုံးကြိုဆိုသော ဆန္ဒမွန်ဖြစ်ပါသည်။ ယနေ့ဆိုလျှင် အမျိုးသားလွှတ်တော်အဆင့်၌ ကြားနာနေပြီဖြစ်သည်။ မိမိတင်ပြလိုသောအချက်ကို လွတ်လပ်ပွင့်လင်းစွာ ဝင်ရောက်တင်ပြနိုင်ပါပြီ။ **လက်တွေ့ကျမှုကိုအခြေခံပြီး အပြုသဘောရှုမြင်ပါ။ ညှိနှိုင်းအဖြေထုတ်သည့် နိုင်ငံရေးဓလေ့မျိုး၊ အစွန်းမရောက် သည့် အမြင်မျိုးဖြစ်စေရန် ကြိုးပမ်းကြပါ။ ထိပ်တိုက်ရင်ဆိုင်မှု မလိုလားပါ။ ထိပ်တိုက်ရင်ဆိုင်မှုကို ကျော်လွှားကြပါ။ သဘောတူနိုင်မည့် နည်းလမ်းများကို ရှာဖွေကြပါ။ ဒီမိုကရေစီကျင့်စဉ် ကျင့်သုံးကြပါ။** အများပြည်သူ၏ဆန္ဒကို ဖန်တီးပေးနိုင်ဖို့ တာဝန်ရှိနေပါပြီ။

**သဘာဝမကျမှုများ**

သဘာဝမကျမှုများ၊ မတရားမှုများရှိနိုင်ပါသည်။ စေ့စေ့စပ်စပ် လေ့လာစိစစ်နိုင်ပါသည်။ အဖြေထုတ်နိုင်ပါသည်။ **မတရားမှု၊ သဘာဝမကျမှုများကို သမ္မတရုံး၊ လွှတ်တော်ရုံး၊ လူ့အခွင့်အရေးကော်မရှင်များသို့ ရေးသားတိုင်ကြားခြင်း၊ လွတ်လွတ်လပ်လပ် တင်ပြနိုင်ခြင်းစသည့် အခွင့်အရေးများလည်းရှိနေ**ကြပေသည်။

**ဥပဒေသုံးသပ်သင့်**

တည်ဆဲတရားဥပဒေများကိုပြင်ဆင်ပြောင်းလဲနေချိန်ဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုးအကျိုးကို ဘက်စုံထောင့်စုံမှ လေ့လာ၍၊ စိစစ်၍၊ သုံးသပ်၍ **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၈ ကိုလည်း ယနေ့ခေတ်ကာလနှင့် ဆီလျော်ခြင်း ရှိ/မရှိ စဉ်းစားဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်**ကြပါသည်။

> လမ်းပေါ် မတက်ဘဲ၊ လူစုလူဝေး မလုပ်ဘဲ၊ အကြမ်းမဖက်ဘဲ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မည့် ငြိမ်းချမ်းသော နည်းလမ်းများ အသင့်ရှိနေပြီဖြစ်ရာ ပူးပေါင်းအဖြေရှာဆောင်ရွက်

**အကောင်းဆုံးနည်းလမ်း**

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အခြေခံကောင်းများ ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ပါသည်။ တရားဥပဒေနှင့်အညီ ရေးသားနိုင်ပါသည်။ တိုင်ကြားနိုင်ပါသည်။ ထုတ်ဖော်ပြောဆိုနိုင်ပါသည်။ **လမ်းပေါ် မတက်ဘဲ၊ လူစုလူဝေးမလုပ်ဘဲ၊ အကြမ်းမဖက်ဘဲ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မည့် ငြိမ်းချမ်းသော နည်းလမ်းများ အသင့်ရှိနေပြီဖြစ်ရာ ပူးပေါင်း အဖြေရှာဆောင်ရွက်ကြပါရန်** တိုက်တွန်းအပ်ပေသည်။ ။

ဆုပြည့်
0931815390,09792432296
0931815395,09792298138
ရွှေစက်တော်၊ပုဂံ၊ညောင်ဦး– ၈၀၀၀၀ | နွေရာသီကျောင်းပိတ်ရက်၊ရုံးပိတ်ရက်
ရွှေစက်တော်၊ပြည်ဘုရားစုံ – ၄၅၀၀၀ | ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀ | 6+1 FREE
အလောင်းတော်ကဿပ(သီးသန့်)-၅၀၀၀၀ | ချောင်းသာ(ငြိမ်း)- ၄၅၀၀၀
တောင်ကြီး၊အင်းလေး၊ပင်းတယ– ၇၀၀၀၀ | ငွေဆောင်(ငြိမ်း)- ၅၅၀၀၀
ကားမျိုးစုံ စီးလုံးငှားသည်။

ရွှေထိပ်တန်း ◆ ချောင်းသာ(နေ့စဉ်)
ရွှေစက်တော် နှင့် လမ်းဘုရားစုံ (သောကြာ) | ကျိုက်ထီးရိုး (နေ့စဉ်)
အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(သောကြာ) | ငွေဆောင် (သောကြာ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမံ့စမ်းလိုဏ်ဂူ(သောကြာ) | စီးလုံးငှားလက်ခံသည်
01-701015.01-710436.09-5403844.09-5044830

PUN HLAING HOSPITAL
ထင်နှင့်ထင်မီထားစုတဲ့ လက်လှမ်းမီထက်သော ကုန်ကျစရိတ်
15 March – 15 June
Amazing Price

| | |
|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိ၊ မရှိစစ်ဆေးခြင်း (Calcium Score) | 9,900 ks |
| တင်ပါးဆုံအဆစ်နှင့်ခြေထောက်အနေအထားမှန်၊ မမှန်စစ်ဆေးခြင်း (Hip & Club Foot) | 4,900 ks |
| သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်း (Pap Smear) | 4,900 ks |
| ဆီးကျိတ်ကင်ဆာစစ်ဆေးခြင်း (PSA) | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှု ရှိ၊ မရှိ စစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားခါတ်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါဘီပိုးစစ်ဆေးခြင်း (Hep B Screening) | 9,900 ks |

Call us 684433
8:00 am to 5:00pm
အရည်အသွေးမြင့်မားစွာ ဆောင်ရွက်ပေးနေပါသည်
အရှိုးပွမှုတိုင်းတာခြင်းကိုအခမဲ့
ပန်းလှိုင်ဆေးရုံ တွင်သာ
LIKE US ON facebook Pun Hlaing Hospital

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်-

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူ /အမည်း | |
|---|---|---|---|---|---|
| | | လက်ရှိနှုန်းထား ၁"×၁ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ | လက်ရှိနှုန်းထား ၁"×၁ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ကော်လံ |
| ၁။ | နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ | USD 50 | ၃၀၀၀၀ိ/- | USD 50 | ၃၀၀၀၀ိ/- |
| ၂။ | ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့် ပတ်သက်သော ကြော်ငြာ | USD 100 | ၅၀၀၀၀ိ/- | USD 100 | ၅၀၀၀၀ိ/- |
| ၃။ | ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ | ၂၀၀၀၀ိ/- | ၁၅၀၀၀ိ/- | ၁၇၀၀၀ိ/- | ၁၃၀၀၀ိ/- |

(ကြေးမုံ)



## နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေသော တပ်မတော်သားများအား အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၁၀**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအားဂုဏ်ပြုသောအားဖြင့် ပဥ္စမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊တပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည်မိသားစုများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များပရဟိတအသင်းဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က "ကျွန်တော်တို့အသင်းအနေနဲ့ ဒီနေ့ သိန်း ၃၀ လာလှူတာပါ။ နိုင်ငံတော်တာဝန်တွေကို သက်စွန့်ဆံဖျား ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေနဲ့ သူတို့ရဲ့မိသားစုတွေကို ကိုယ်ချင်းစာစိတ်နဲ့ အခုလိုလှူဒါန်းဖို့ ဖြစ်လာတာပါ" ဟုပြောသည်။

အဆိုပါအခမ်းအနားတွင် စေတနာရှင်အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၁၂၄၉၄၅၀၀၀၊ အမေရိကန်ဒေါ်လာ ၁၀၀နှင့် ငွေကျပ် ၄၆၄၄၉၀၀ တန်ဖိုးရှိ ကုန်ပစ္စည်းများကို အသီးသီးပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် စေတနာရှင် အလှူရှင်များက ရန်ကုန်တိုင်းစစ်ဌာနချုပ်သို့ နေ့စဉ် အဆက်မပြတ်လာရောက်လှူဒါန်းလျက်ရှိရာ ပထမအကြိမ်လှူဒါန်းသည့် ဖေဖော်ဝါရီ ၁၄ ရက်မှ ယနေ့အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၉၆၁၇၀၆၈၀၀၊ အမေရိကန်ဒေါ်လာ ၇၄၃၁၊ စင်ကာပူဒေါ်လာ ၃၀၀၊ ထိုင်းဘတ်ငွေ ၁၀၀၀ နှင့် ကုန်ပစ္စည်းတန်ဖိုးကျပ် ၇၅၀၆၃၃၂၀ ရှိပြီဖြစ်ကြောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-သီသီမင်း)**

## ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့်နေရာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း

**နေပြည်တော် မတ် ၁၀**

ကိုးကန့်သောင်းကျန်းသူ အဖွဲ့များ ခြေကုပ်ယူထားသည့် လုံထန်ကျေးရွာအနီး ပွိုင့်-၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင် တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းလျက်ရှိရာ မတ် ၉ ရက်တွင် တိုက်ခိုက်ရေးရဟတ်ယာဉ်၊ လေယာဉ်များဖြင့် လေကြောင်းပစ်ကူ ၄ ကြိမ်ရယူ၍ တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ကာ သောင်းကျန်းသူတို့၏ အခြေပြုတောင်ကုန်းအချို့အား သိမ်းပိုက်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၉)၏တောင်ဘက် စီကော်လျံကျေးရွာအနီး ပွိုင့်-၂၂၀၂ တောင်ကုန်းအပါအဝင် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ တောင်ကုန်းများတွင် ခြေကုပ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူ အင်အားစုများအား ယနေ့နံနက်ပိုင်းမှစတင်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူရယူ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ၎င်းပတ်ဝန်းကျင်တစ်ဝိုက်အား စိုးမိုးထားသည့် သောင်းကျန်းသူ အခြေပြုတောင်ကုန်းအချို့အား သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ၎င်းပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အထက်ပါ တိုက်ပွဲဖြစ်စဉ်များတွင် တပ်မတော်မှ စစ်သည် နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံများသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# လက်ပံတန်းတွင် ဆန္ဒပြမှုအား ဥပဒေနှင့်အညီ ရှင်းလင်းထိန်းသိမ်း














လက်ပံတန်းမြို့ အောင်မြေဗိမာန်ကျောင်းအနီးရှိ ဓာတ်အားပေးစက်ရုံ လမ်းဆုံတွင် ထိုင်သပိတ်ပြုလုပ်နေသော ဆန္ဒပြအဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ တားဆီးကန့်သတ်ထားရာမှ မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ဆန္ဒပြအဖွဲ့များက အတားအဆီးများချထားမှုကို ဖယ်ရှားဖျက်ဆီးခြင်း၊ ရဲတပ်ဖွဲ့ဝင်များ တားဆီးထားသောနေရာကို ထိုးဖောက်ဝင်ရောက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်လာသဖြင့် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ ရှင်းလင်းလူစုခွဲခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရသည့် မှတ်တမ်းဓာတ်ပုံများ။ (သတင်း-ကျော်ဖုံး)

ပြည်တွင်းရေးရာ

# ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံအနီးတွင် ဒီမိုကရေစီပညာရေးအတွက် လမ်းလျှောက်ဆန္ဒဖော်ထုတ်



**ရန်ကုန် မတ် ၁၀**

ဒီမိုကရေစီပညာရေး ပင်မသပိတ်စစ်ကြောင်းစာတန်းနှင့် အလံများကိုင်ဆောင်ထားသည့် အင်အား ၆၀ ခန့်ရှိသောဆန္ဒပြအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရန်ကုန်မြို့ လှည်းတန်းဈေးရှေ့မှစတင်၍ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့သည်။

အဆိုပါဆန္ဒပြအဖွဲ့သည် လှည်းတန်းဈေးရှေ့မှ ပြည်လမ်းစိုက်ပျိုးရေးမှတ်တိုင်အထိ ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒပြကြရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးထိန်းသိမ်းမှုကြောင့် ညနေ ၃ နာရီခန့်တွင် လူစုကွဲသွားကြောင်း သိရသည်။

**(သတင်းစဉ်)**



ဓာတ်ပုံ - သော်ဟိန်းထက်(ဧရာဝတီ)



စတူကူထက်သုံးဆခန့် ပိုမိုပေါ့ပါးသော ကာဗွန်အမျှင်ပြားများနှင့် လူ့ဆံချည်မျှင်မျှရှိသော ဆိုလာဆဲလ်မျှင်များဖြင့် တီထွင်ထားသော ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse - 2 မန္တလေးမြို့သို့ ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ရောက်ရှိမည်

**❍ အိုလံပစ်မှ**

ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ မြန်မာအသင်းမှာ ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲနှင့် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ ခြေစစ်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲ ပထမအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းမှာ အိုလံပစ်ခြေစစ်ပွဲ ယှဉ်ပြိုင်ရန်အတွက် ကာလရှည်လေ့ကျင့်ထားခြင်းဖြစ်ပြီး ကစားသမားစုဖွဲ့မှုမှာလည်း နှစ်ကာလများနေပြီဖြစ်၍ အတောင့်တင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်ဖွယ်ရှိနေသည်။ ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းပထမဆုံးကိုင်တွယ်ခဲ့သည့်ပွဲတွင် ဗီယက်နမ်ကလပ်ဟာနန်း အသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒေါ်သက် သက်ဝင်းမှာ နည်းပြချုပ်အဖြစ် နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ဖူးခြင်းမရှိသော်လည်း ယခင်နည်းပြဟောင်း ကူမာဒါနှင့် ကာလရှည်လက်တွဲခဲ့ဖူးသူဖြစ်၍ အခက်အခဲမရှိနိုင်သလို နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးသမားဟောင်း ဦးအေးမောင်ကြီးကလည်း နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်နေရာ ပထမအဆင့်ကို ကျော်ဖြတ်နိုင်ဖွယ်ရှိနေသည်။

ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြအဖြစ် ဒေါ်စန်းစန်းသိန်း၊ ဂိုး-နည်းပြအဖြစ် ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- မြဖူးငုံ၊ ခင်သီတာအေး၊ သန္တာဦး၊ နောက်တန်း- ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ နန်းကြေးငုံ၊ ငယ်ငယ်ထွေး၊ ဇာခြည်ဦး၊ အေးအေးမိုး၊ အလယ်တန်း-စန်းစန်းမော်၊ သန်းသန်းထွေး၊ ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ ရှေ့တန်း-ရီရီဦး၊ ခင်မာလာထွန်း၊ ဝင်းသီတာထွန်း၊ မေသူကျော်နှင့် လှယဉ်ဝင်းတို့ ပါဝင်ကြသည်။ ခြေစစ်ပွဲများကို ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ပြီး အထူးတန်းကျပ်သုံးထောင်၊ ရိုးရိုးတန်း ကျပ်နှစ်ထောင် သတ်မှတ်ထားသည်။

**(ရှိုင်းထက်ဇော်)**

## မြန်မာအမျိုးသားဂေါက်သီးရိုက်အသင်း ဘင်္ဂလားဒေ့ရှ်သို့ ထွက်ခွာ

**ရန်ကုန် မတ် ၁၀**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှ ၁၄ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Kurmitola Golf Club, Dhaka မြို့၌ ကျင်းပမည့် "30th Bangladesh Amateur Golf Championship 2015" ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအမျိုးသား ဂေါက်သီးရိုက်အသင်းသည် မတ် ၉ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအမျိုးသား ဂေါက်သီးရိုက်အသင်းတွင် ကစားသမားများဖြစ်ကြသော မောင်မောင်ဦး၊ ကျော်သက်ဦးတို့လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာဂေါက်သီးရိုက်အားကစားသမားများ နိုင်ငံတကာပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

■

## နှလုံးနှင့် သွေးကြောဆိုင်ရာ စစ်ဆေးကုသမှုအမျိုးမျိုး ပြည်ပသို့သွားရောက်ရန်မလိုအပ်ဘဲ မြန်မာနိုင်ငံတွင် ကုသနိုင်မည်

**ရန်ကုန် မတ် ၁၀**

နှလုံးနှင့် သွေးကြောဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးအတွက်ပြည်ပနိုင်ငံများသို့ သွားရောက်ကုသရန်မလိုအပ်ဘဲ မြန်မာနိုင်ငံ၌ ကုသနိုင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံတွင် နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများကို ကုသပေးနေသည့် ဆရာဝန်ကြီးများ၏ ပြောကြားချက်အရသိရသည်။

နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများကုသရာတွင် တတ်နိုင်သူများက ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သို့ သွားရောက်ကုသနေကြရသော်လည်း မြန်မာနိုင်ငံတွင်သာ ကုသမှုခံယူနိုင်ရန် မြန်မာနိုင်ငံဖွား အမေရိကန်နိုင်ငံတွင် ရောက်ရှိနေသည့် အထူးကုဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်မြင့်အပါအဝင် အမေရိကန်နိုင်ငံရှိ အထူးကုဆရာဝန်ကြီးများက ရန်ကုန်မြို့ ဆာကူရာဆေးရုံနှင့် ပူးပေါင်းကာ နှလုံးနှင့်သွေးကြောဆိုင်ရာ စစ်ဆေးကုသမှုအမျိုးမျိုးအတွက် အချိန်နှင့်တစ်ပြေးညီ ခေတ်မီစက်ကိရိယာများဖြင့် ယခုလမှ စတင်ကာ ကုသပေးသွားမည်ဟုသိရသည်။

ဆာကူရာဆေးရုံနှင့် Best Health Myanmar တို့ ပူးပေါင်းဆောင်ရွက်သော အဆိုပါဝန်ဆောင်မှုအစီအစဉ်ကို မတ်လမှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ခေတ်မီစက်ကိရိယာကြီးများဖြင့် နှလုံးသွေးကြောဓာတ်မှန် ရိုက်ခြင်း၊ ချဲ့ခြင်း၊ ဒေါက်ထောက်ပေးခြင်း၊ ၁၀၀ ရာခိုင်နှုန်း ပိတ်နေသော နှလုံးသွေးကြောအတွင်းရှိ ပိတ်စေသည့် အရာများကိုဖယ်ရှားပြီး ပြန်လည်ဖွင့်ပေးခြင်း၊ တစ်ကိုယ်လုံးရှိ သွေးကြောများ ဥပမာ-ဦးခေါင်း၊ ခြေ၊ လက်အစရှိသည့် နေရာများ၌ ဖြစ်တတ်သော ဆိုးရွားစွာသွေးကြောပိတ်ခြင်းများအား သွေးကြောဓာတ်မှန်ရိုက်ခြင်း၊ ချဲ့ခြင်း၊ ပိတ်စေသည့်အရာများအား ဖယ်ရှားပေးခြင်း၊ သွေးကြောထောက်တိုင်ထည့်ပေးခြင်း၊ လည်ပင်းနားရှိ နှလုံးမှ ဦးနှောက်သို့သွားသော ပင်မသွေးကြောပိတ်ခြင်းအတွက် သွေးကြောချဲ့ခြင်းနှင့် သွေးကြောထောက်ခြင်း၊ နှလုံးခုန်နှုန်းနှေးသူများ၊ မမှန်သူများအတွက် နှလုံးခုန်စက် ထည့်ပေးခြင်း၊ နှလုံးရောဂါအမျိုးမျိုးအတွက် ECHO ရိုက်ပေးခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါအမျိုးမျိုးအတွက် Exercise ECG/Treadmill ပြေးပေးခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါမျိုးမျိုးအတွက် Exercise ECG/Treadmill tjyif Treadmill နှင့်တွဲ၍ ECHO ရိုက်ပေးခြင်း၊ သွေးကြောဆိုင်ရာ Ultrasound ရိုက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံမှ ဆရာဝန်ကြီးများကိုယ်တိုင် စစ်ဆေးပေးမည်ဖြစ်၍ လိုအပ်ပါကဆေးစစ်ချက်ကို အမေရိကန်နိုင်ငံသို့ ထပ်မံပို့ဆောင်စစ်ဆေးပေးမည်ဟု သိရသည်။ ယင်းအပြင်မေလပထမပတ်မှစ၍ ခြေထောက်တွင် သွေးကြောထုံးခြင်းများကိုအသံလှိုင်းဖြင့် ချေဖျက်ခြင်း၊ ဆေးထိုးကုသခြင်း၊ ခန္ဓာကိုယ် အရေပြားအောက်သို့ နှလုံးနှိုးစက်ထည့်ခြင်း၊ ဩဂုတ်လပထမပတ်မှစ၍ နှလုံးသွေးကြောအတွင်းခဲပြီး ပိတ်နေသော အရာများကိုစက်ဖြင့် ဖယ်ရှားခြင်း၊ မွေးရာပါ နှလုံးနံရံပေါက်သူများအား ခွဲစိတ်ရန်မလိုအပ်ဘဲ ပိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဟုသိရသည်။

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ကာ ကုသပေးသည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားရန်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများမှ အထူးကုဆရာဝန်များအပြင် ပြည်တွင်း ပြည်ပ ဆရာဝန်ကြီးများ ပူးပေါင်း၍ နှလုံးရောဂါနှင့် သွေးကြောဆိုင်ရာခေတ်မီကုသခြင်းများကို မြန်မာနိုင်ငံအတွင်းကုသပေးနိုင်ရန်၊ ပြည်တွင်း၌ အချိန်နှင့် တစ်ပြေးညီကုသနိုင်သဖြင့် မသေဆုံးသင့်ဘဲ သေဆုံးနေရမှုများ လျော့ပါးသွားစေရန်နှင့် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်ရန်၊ အချိန်ကုန်ငွေကုန် လူပင်ပန်းလျော့နည်းသက်သာစေရန်၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ နိုင်ငံတော်၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်အတွက် သွေးသစ်လောင်း မျိုးဆက်သစ်ဆရာဝန်များ တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးမွေးထုတ်ပေး နိုင်ရန်တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟုသိရသည်။

**(၀၀၁)**

□□

# နိုင်ငံတော်အစိုးရနှင့် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်တို့အကြား မူဘောင်သဘောတူစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်တို့အကြား မူဘောင်သဘောတူစာချုပ်လက်မှတ်ရေးထိုး ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်သည် ဥရောပ၏ အချုပ်အခြာအာဏာပိုင်နိုင်ငံများက အဖွဲ့ဝင်အဖြစ်ပါဝင်၍ ဖွဲ့စည်းထားသည့် နိုင်ငံကြီးအဆင့်ဖြစ်သော ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ အစုရှယ်ယာဝင်များဖြင့် ဖွဲ့စည်းထားသည် နိုင်ငံကြီးအဆင့် အဖွဲ့အစည်းဖြစ်၍ International Legal Personality ရှိသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။

ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်သည် မြန်မာနိုင်ငံ၏ စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအနေဖြင့် ချေးငွေများထုတ်ချေးခြင်း၊ အာမခံပေးခြင်း၊ အစုရှယ်ယာများအပါအဝင် အခြား ငွေရေးကြေးရေးဆိုင်ရာ အထောက်အပံ့များ၊ နည်းပညာ အထောက်အကူများနှင့် ငွေကြေးရန်ပုံငွေများအား စီမံခန့်ခွဲလက်ဝယ်ထားသုံးစွဲခြင်းများကိုဆောင်ရွက်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြု အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်မည် ဖြစ်သည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်တို့ တက်ရောက်ကြကြောင်းသိရသည်။

**(ကြေးမုံ)**

# မြန်မာယူ-၂၂ အသင်း ဂျပန်တွင် လေ့ကျင့်လျက်ရှိ

**ရန်ကုန် မတ် ၁၀**

အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာယူ-၂၂ အသင်းသည် ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် မတ် ၉ ရက်မှစ၍ ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၂ အသင်းသည် ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲအဖြစ် အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် ဂျပန် ယူ-၂၂ အသင်းနှင့် မတ် ၁၁ ရက် မြန်မာစံတော်ချိန် ၄ နာရီ မိနစ် ၄၀ တွင် ဂျပန်နိုင်ငံ၌ ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းမှာ အာရှခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် လေ့ကျင့်နေခြင်းဖြစ်ပြီး ဂျပန်နှင့်ခြေစမ်းပွဲပြီးပါက ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းခရီးစဉ်တွင် မတ် ၁၆ ရက်တွင် လာအိုယူ-၂၂ အသင်း၊ မတ် ၁၈ ရက်တွင် ထိုင်း ယူ-၂၂ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများ သွားရောက်ကစားနေသည့် မြန်မာယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြ-ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ ဂိုးနည်းပြ ဦးအောင်သက်၊ ကစားသမားများ အဖြစ် ဂိုး-ကျော်ဇင်ဖြိုး၊ ဇော်ဇော်နိုင်၊ ရန်အောင်လင်း၊ နောက်တန်း-စည်သူအောင်၊ ကျော်ဇင်လင်း၊ ဇော်ဝင်း၊ ထန်တလန်၊ ကိုကိုဟိန်း၊ ဇော်ရဲထွန်း၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ အလယ်တန်း-နေလင်းထွန်း၊ ချစ်စုမိုး၊ လှိုင်းဘိုဘို၊ အောင်ရှိုးသာမောင်၊ ရဲကိုဦး၊ ဇွန်မိုးအောင်၊ မျိုးမင်းဇော်၊ ကောင်းဆက်နိုင်၊ သီဟဇော်၊ ရှေ့တန်း-ဒွေးကိုကိုချစ်၊ ရှိုင်းသူရနှင့် သန်းထက်အောင်တို့ ပါဝင်ကြသည်။

**ဖိုးသော်ဇင်**

# ပေါက်ခေါင်းမြို့နယ်၌ ဆိုလာမီးလင်းရေးဆောင်ရွက်

**ပေါက်ခေါင်း မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သတိုးအောင်ဇေယျ ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော ပေါက်ခေါင်းမြို့နယ်ရှိ ဘောဒါ၊ ခဝေါင်း၊ ရွှေတောင်၊ ငွေတောင်ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြည့်စွက်ရန်ပုံငွေဖြင့် မတ် ၈ ရက် နံနက်က ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများ တပ်ဆင်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ တပ်ဆင်ဆောင်ရွက်ပေးရာတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးလှိုင်မြင့်ဦး၊ ဦးဝင်းထွန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းလွင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက ဆိုလာပြားနှင့် အထောက်အကူ ပစ္စည်းများပေးအပ်ကြရာ ကျေးရွာမီးလင်းရေးကော်မတီဝင်များက လက်ခံရယူကြောင်း သိရသည်။

**(ဝ၄၃)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

# အခြင်အတွယ်နှင့် အရည်အသွေးမပြည့်မီသည့် စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်စခန်းများအား ထိရောက်စွာအရေးယူမည်

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက စက်သုံးဆီဆိုင်များနှင့် သိုလှောင်စခန်းများတွင် စက်သုံးဆီ အခြင်အတွယ်နှင့် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ Mobile Fuel Lab ယာဉ်များဖြင့် စစ်ဆေးလျက်ရှိရာ သတ်မှတ်ချက်များနှင့် မကိုက်ညီပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။



စစ်ဆေးရေးအဖွဲ့တွင် တိုင်းဒေသကြီး ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး၊ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် မီးဘေးကာကွယ်ရေးဆောင်ရွက်ချက်များကို တစ်ပါတည်း စစ်ဆေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

"အရည်အသွေးပြည့်မီမှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရင် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို ယာယီ (သို့မဟုတ်) အမြဲတမ်းပိတ်သိမ်းသည်အထိ အရေးယူတယ်။ ခုဆိုရင် စက်သုံးဆီတင်သွင်းခွင့်ကိုပါ အကျိုးသက်ရောက်စေတဲ့ အရေးယူမှုတွေ လုပ်နေပါတယ်" ဟု မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။ စက်သုံးဆီအရည်အသွေးမပြည့်ဝမှုကြောင့် ယာဉ်ပိုင်ရှင်များထံမှ မော်တော်ယာဉ်ပလပ်များ မကြာခဏ လဲလှယ်ရသည့် ရင်ဖွင့်ပြောကြားမှုများလည်း ရှိနေကြောင်း၊ ယင်းကြောင့် စက်သုံးဆီအရောင်းဆိုင်များသို့ စွမ်းအင်ဝန်ကြီးဌာနမှ Mobile Fuel Lab ယာဉ်များဖြင့် "စက်သုံးဆီဆိုင်တွေမှာ ရောင်းချနေတာကို စံချိန်စံညွှန်းပြည့်မီသလား။ အခြင်အတွယ်မှန်ကန်မှုရှိလားဆိုတာတွေ ရှောင်တခင်စစ်ဆေးမှုတွေ လုပ်ပါတယ်။ တခြားအကြောင်းကြောင့် အခွင့်အရေးယူပြီး အရည်အသွေးမမှန်ကန်တဲ့ စက်သုံးဆီရောင်းချနေတာ စစ်ဆေးတွေ့ရှိရင် ထိရောက်တဲ့ အရေးယူမှုတွေ လုပ်သွားမယ်။ ပူးပေါင်းအဖွဲ့နဲ့ စစ်ဆေးနေတာပါ" ဟု တိုင်း/ရောင်းဝယ်ရေးအရာရှိ ဦးစိုးလွင်က ပြောသည်။

ထိုသို့ ရှောင်တခင်စစ်ဆေးမှုများအပြင် စက်သုံးဆီနမူနာများကိုရယူ၍ စွမ်းအင်ဝန်ကြီးဌာန ဓါတ်ခွဲခန်းသို့ ပို့ဆောင်ကာ စမ်းသပ်စစ်ဆေးခြင်းများအပြင် ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်စခန်းများကိုလည်း အရှိန်မြှင့်စစ်ဆေးနေသည်ဟုဆိုသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❐

# တိုက်ကြီးမြို့နယ်နှင့် ဥက္ကံမြို့တို့တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ယနေ့ နံနက် ၁၀ နာရီခွဲက မြို့ပေါ်ရပ်ကွက်များမှ ပြည်သူလူထုအင်အား ၅၀၀ ခန့်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြောင်းသိရသည်။

ဆန္ဒဖော်ထုတ်မှုကို တိုက်ကြီးမြို့နယ် မြို့နယ်ခန်းမမှ စုရပ်ထားပြီး ရန်ကုန်ပြည်လမ်းအတိုင်း ဂျိုးဖြူအားကစားကွင်းအထိ ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲတွင်ပါဝင်သည့် ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်တင်ဝင်းက "အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး နိုင်ငံတော်အဆင့်ကလည်း ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်ပေးနေတယ်။ ကျောင်းသားတွေ တောင်းဆိုတာကို တတ်နိုင်သလောက်လိုက်လျောပေးနေတယ်။ ဥပဒေဆိုတာ ချက်ချင်းပြင်လို့မရဘူး၊ ဆင့်ကဲဆင့်ကဲပြင်မှရမယ်။ အဲဒါကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြစ်စေချင်တယ်။ အခုဆိုရင် တက္ကသိုလ်ဝင်စာမေးပွဲတွေက မနက်ဖြန်ဆိုဖြေရတော့မယ်။ ကျောင်းသားမိဘတွေအနေနဲ့ ဒါကိုစိုးရိမ်တာ။ လက်ရှိပညာသင်ကြားနေတဲ့ ကလေးတွေ စာမေးပွဲဖြေတော့မယ်ဆိုတော့ ဒီအသံတွေကြားရင် သူတို့ရည်မှန်းချက်လျော့သွားမှာ စိုးရိမ်တယ်။ ဆူပူမှုတွေဖြစ်မှာ မလိုချင်ဘူး။ ဆူပူအကြမ်းဖက်မှုတွေဖြစ်လာရင် လက်ရှိစာမေးပွဲဖြေမယ့် ကလေးတွေအတွက် အနှောင့်အယှက်ဖြစ်တယ်။ တိုင်းပြည်အတွက်လည်း မကောင်းဘူး။ ဒါကြောင့် အေးအေးချမ်းချမ်းနဲ့ ညှိနှိုင်းပြီးအဖြေရှာပြီး ဆောင်ရွက်စေချင်တယ်။ ဒါကြောင့် ပြည်သူတွေရဲ့ ဆန္ဒအမှန်ကို ဖော်ထုတ်တာပါ"ဟု ပြောသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေနှင့်အညီ ခွင့်ပြုချက်ရယူ ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း အုပ်ပုံစုရပ်ကွက်မှ ရပ်မိရပ်ဖ ဦးဝင်းထိန်ကပြောသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သောသူများက "တည်ငြိမ်အေးချမ်းရေးကို လိုလားသည်"၊ "တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး"၊ "ဆူပူမှုကို အလိုမရှိ" "စာမေးပွဲဖြေဆိုချိန် ဆူပူမှုအားလုံး အလိုမရှိ"၊ "ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာသင့်သည်" စသည်ဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သည့် လက်ကိုင်ဆိုင်းဘုတ်များ၊ ပိုစတာများ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့တွင်လည်း ယနေ့ နံနက် ၁၀ နာရီတွင် ဥက္ကံမြို့ခန်းမမှ စတင်ပြီး ဘောလုံးအားကစားကွင်းအထိ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထုအင်အား ၅၀၀ ဖြင့် တရားဝင်ခွင့်ပြုချက်ရယူ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-နေလင်း**

❐❐❐





# ရေစကြိုရှင်မတောင်ဒေသတစ်ဝိုက်၌ သနပ်ခါးပင်များ စီးပွားဖြစ်စိုက်ပျိုးလာ

အလှအပကိုလူတိုင်းနှစ်သက်ကြသည်။ လူမျိုးဘာသာမရွေးနှစ်သက်ကြသည်။ လူသားတိုင်းသည်အသက်အရွယ်နုပျိုလန်းဆန်းသော ခန္ဓာကိုယ်ကိုသာ ပိုင်ဆိုင်ချင်ကြပြီး လှသည်ထက်လှစေရန် လိမ်းခြယ်မှုများပြုလုပ်ကြသည်။ မည်မျှပင်အသားမည်းနေစေကာမူ ရေစကြိုရှင်မတောင်သနပ်ခါးနှင့် ထိတွေ့လိုက်သောအခါ ဖြူးဖွေးတောက်ပလာမည်ဟုယုံကြည်သလို အေးမြသောခံစားမှုကိုပါ ဖြစ်ပေါ်စေပါသည်။

မိုးရာသီ၌ ရေစကြိုမှ မြိုင်သို့သွားရာ လမ်းဘေးဝဲ၊ ယာများတွင် သနပ်ခါးခြံများ ဝန်းရံထားသဖြင့် ခရီးသည်တို့၏ နှာခေါင်းကို သနပ်ခါးပွင့်ရနံ့လေးများက အလိုလိုတိုးဝင်လာပြီး စိတ်ကိုကြည်လင်စေပါသည်။ ရေစကြိုရေမြေ၏ နံ့သာနံ့ကို ဖော်ညွှန်းနေပါသည်။ အမှန်အားဖြင့် ရေစကြို ရှင်မတောင်သနပ်ခါးကို မြန်မာတစ်နိုင်ငံလုံးက အသိအမှတ်ပြုထားကြသည်။ ယခုခေတ်တွင်သာမက ယခင်ဘိုးဘွားများ လက်ထက်ကတည်းကပင် ဖြစ်သည်။

ရေစကြိုနယ်သားတို့သည် အခြားတစ်နယ်သို့ ခရီးသွားသောအခါ ရေစကြိုသားဟုဆိုလျှင်လူတိုင်းမသိချေ။ ရှင်မတောင်ရေစကြိုသားပါဟု ဆိုလိုက်ပါက ကလေးအစ လူကြီးအဆုံး သိရှိကြသည်။ ရှင်မတောင်သည် ရေစကြိုမြို့၏ အနောက်တောင်ဘက်ယွန်းယွန်းတွင် တည်ရှိပြီး ထန်းတောများဝန်းရံနေလျက် ကျေးလက်တောင်သူတို့၏ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်ကြသော တောဓလေ့အလှများကို ပုံပေါ်စေပါသည်။ ရှင်မတောင်သနပ်ခါး ဘာကြောင့်မွှေးသည်ဟု မေးမြန်းစုံစမ်းနေသူများလည်း ပေါ်များလှပါသည်။ အမှန်အားဖြင့် စာရေးသူတို့ ရေစကြိုမြို့နယ် ရှင်မတောင်ဒေသသည် အပူပိုင်းမိုးနည်းရပ်ဝန်း ဖြစ်သည့်အပြင် မြေနီကျောက်စရစ်မှ ခက်ခက်ခဲခဲ ပေါ်ထွက်လာသောကြောင့်ဟု ဆိုနိုင်ပါသည်။

ရှင်မတောင် သနပ်ခါးဟုဆိုလိုက်သည်နှင့်မြောက်ဘက်ရှင်ဖြူရှင်တံတားတောင်ဘက်ထိပ်မှ တောင်ဘက်ကျောက်လှေခါး ကျေးရွာအတွင်း၌ ရှိသောသနပ်ခါးခြံများ လာသည်ကို တွေ့ရသည်။ အများအားဖြင့် သနပ်ခါးဆိုလျှင်ပြီးရောဟု အသိဖြင့် ဝယ်နေကြသည်။ စင်စစ်အားဖြင့် အဖိုပင်ထက်အမပင်သည် အပွေးကောင်းပြီး အမွှေးပိုနေသည်ကို တွေ့ရပါသည်။သနပ်ခါးပွေးသုံးမျိုးရှိပါသည်။ အမပင်မှ ကြက်သွေးရောင်နှင့် ဥသျှစ်ပွေးဂုံပွေးဟူ၍ ရှိပါသည်။သို့သော်သနပ်ခါး ရောင်းဝယ်မှု တစ်သောင်းကျပ်အထိ ရရှိလာပါသည်။ ခုတ်ပြီးသောအပင်မှ သားတက်များ ဝေဆာလာပြီး နောင်နှစ်အနည်းငယ်အတွင်း အလျင်အမြန် ရောင်းစားနိုင်ပါသည်။ ထို့ကြောင့်ရေစကြိုရှင်မတောင်ဒေသတစ်ဝိုက်၌သနပ်ခါးပင်များ ဝန်းရံနေပြီး စီးပွားဖြစ်စိုက်ပျိုးလာကြသည်။



ကိုဆိုပါသည်။ ရှင်မတောင်သနပ်ခါးသည်အခြားသော သနပ်ခါးများထက် ဆေးစွမ်းထက်ပေသည်။ ပုပ္ပားတောင်သည်ရှင်မတောင်ထက် ပန်းတစ်ပွင့်သာ၍ ရှင်မတောင်သည်ပုပ္ပားတောင်ထက် ဆေးတစ်ဖုံသာနေခြင်းကြောင့် အမြစ်အစအရွက်အဆုံး အားလုံးပါဝင်ပါသည်။ ရှင်မတောင်ဒေသအပြင် အခြားသော အညာဒေသထွက်သနပ်ခါးများလည်း ရှိပါသည်။ ရွှေဘိုသနပ်ခါး၊ အရာတော်သနပ်ခါး၊ မြိုင်သနပ်ခါးနှင့် ပခုက္ကူသနပ်ခါးဟူ၍ ရှိပါသည်။သို့သော်မွှေးရနံ့တို့သည် ရေမြေအပေါ်တွင်မူတည်၍ ကွဲပြားနေပါသည်။ရေစကြိုနယ်လမ်းဘေးဝဲ၊ ယာနေရာအသီးသီး၌ လမ်းဘေးချုံပင်နှင့် ဆူးပင်များပါမကျန် ခုတ်ထွင်၍ သနပ်ခါးကို စီးပွားဖြစ်စိုက်ပျိုးကဏ္ဍများ၌ သစ်ပုလွေသားဆူးဖြူသားနှင့် ဥသျှစ်သားတို့ကို သနပ်ခါးတုံးအဖြစ် လိမ်ညာရောင်းနေကြသည်ကိုလည်း ကြားဖူးပါသည်။ မည်သို့ပင်ဆိုစေကာမူ သနပ်ခါးတုံးကို သွေးကြည့်လိုက်သောအခါ အမွှေးရနံ့သင်းပျံ့ရုံသာမက အခါးဓာတ်လည်းပါပေသည်။ သနပ်ခါးကိုအစေ့မှ အပင်ဘဝသို့ အရှည်လေးလက်မ အမြင့်ခြောက်လက်မရှိသော အိတ်ထဲတွင် ငါးလအကြာထား၍ စိုက်ပျိုးရပါသည်။

ထို့နောက် ခုတ်ထွင်ရှင်းလင်းထားသောမြေယာထဲတွင် စက်တင်ဘာလများ၌ ချစိုက်ရပါသည်။ စိုက်ပြီးသောအခါပေါင်းသင်ခြင်း၊ မြေဆွခြင်းနှင့် ဆေးပက်ဖျန်းခြင်း စသည်တို့ကို ပြုလုပ်ပေး၍ ငါးနှစ်အတွင်း တစ်ပင်

ရေစကြို ရှင်မတောင်သနပ်ခါးသည် သမိုင်းဝင်အသိအမှတ်ပြုခံထားရ သည့်အပြင် ရေစကြိုကံပွင့်သနပ်ခါးစစ်စစ်အမွှေးတိုင်၊ ရေစကြိုအောင်သိဒ္ဓိ သနပ်ခါးစစ်စစ်အမွှေးတိုင်များလည်း ရှိပေသည်။သနပ်ခါးကို ဆေးဖက်ဝင်အပင်အဖြစ် ဆေးသမားတော်များက ရောဂါကုသရာတွင်ပါ အသုံးပြုလာကြသည်။ ထို့ကြောင့် ရေစကြိုရှင်မတောင်သနပ်ခါးကိုပုံစံအမျိုးမျိုးဖြင့် လူသားတို့၏ခန္ဓာကိုယ်ပေါ်၌ ခြယ်သနေသည့်အပြင် ဆေးဝါးအဖြစ် ဝက်ခြံနှင့် တင်းတိတ်စသောရောဂါများကို ဆွဲယူပစ်နိုင်ခြင်းကြောင့် မြန်မာယဉ်ကျေးမှု၏ ကူညီထောက်ပံ့ပေးသောပစ္စည်းတစ်မျိုးဟု ဆိုလိုက်ချင်ပါသည်။

**ရင်အောင်ဦး(ရေစကြို)**

# ဓာတုပိုးသတ်ဆေးကင်းလွတ် ဟင်းသီးဟင်းရွက်ဈေး မြေပဒေသာကျွန်း၌ အပတ်စဉ်ဖွင့်မည်

**ရန်ကုန် မတ် ၁၀**

စားသုံးသူပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဓာတုအဆိပ်ကင်းလွတ်သော ဟင်းသီးဟင်းရွက်များကို မတ် ၁၄ ရက်မှစ၍ ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်းတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အပတ်စဉ် စနေနေ့တိုင်း စိုက်ပျိုးထုတ်လုပ်သူများက ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP)မှ သိရသည်။

အဆိုပါ ဓာတုအဆိပ်ကင်းလွတ်သော ဟင်းသီးဟင်းရွက်ဈေးကို ဖေဖော်ဝါရီ ၁၄ ရက်က မြေပဒေသာကျွန်း စိုက်ပျိုးရေးခန်းမတွင် SAFE FOOD FROM SAFE FARM ခေါင်းစဉ်ဖြင့် USAID၊ WRINROCK INTERNATIONAL၊ FARMER TO FARMER PROGRAM၊ MFVP & MOGPA အသင်းတို့က ပထမအကြိမ် အော်ဂဲနစ် ဈေးကွက်ဖော်ဆောင်ရေးနှင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသော နည်းပညာအတွေ့အကြုံနှင့်ဆွေးနွေးပွဲရလဒ်များကို အခြေပြုပြီး (MFVP)မှ စားသုံးသူများ ကျန်းမာရေးအတွက် စိတ်ချရသော ဟင်းသီးဟင်းရွက်များကို မတ် ၁၄ ရက်မှစ၍ အပတ်စဉ် စနေနေ့တိုင်း နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာကျွန်းတွင် အပတ်စဉ်ရောင်းချသွားမည် ဖြစ်ကြောင်းသိရသည်။

"စားသုံးသူတွေ ဓာတုအဆိပ်ပိုးသတ်ဆေး ကင်းကင်းနဲ့စားသုံးနိုင်ဖို့ ပတ်ဝန်းကျင်အန္တရာယ်ကင်းဖို့ လုပ်ဆောင်နေတာပါ။ လက်ရှိ ရောင်းချဖို့ ဓာတုကင်းလွတ်ဆိုင် ပေါင်း ၁၅ ဆိုင်ခန့် စာရင်းပေးထားပါတယ်။ နောက်ထပ်လည်းဖိတ်ခေါ်ထားတယ်။ နောက်တခြားနေရာ ဈေးကွက်တွေမှာလည်းချဲ့ထွင်သွားဖို့ရှိပါတယ်"ဟု MFVP ဥက္ကဋ္ဌ ဦးလှမင်းက ပြောသည်။

ထိုသို့ရောင်းချပေးရာတွင် ဓာတုအဆိပ်ကင်းလွတ်သီးနှံဝယ်ယူစားသုံးလိုသူများနှင့် ရောင်းချလိုသူများအကြား နှစ်ဖက်ယုံကြည်မှုရှိစေရန် အသင်းမှလိုက်နာရမည့် စည်းကမ်းများကို ထားရှိထားကာ အမှန်တကယ်အသိအမှတ်ပြု ဓာတုကင်းလွတ်သီးနှံများကိုသာ ရောင်းချမည်ဖြစ်သည်။

ပါဝင်ရောင်းချလိုသူများသည် မိမိစိုက်ခင်းနှင့်သီးနှံများအား စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်များကိုအသင်းမှ သက်ဆိုင်ရာတံဆိပ်များကပ်နှိပ်၍ ရောင်းချခွင့်ပြုမည်။ လက်တွေ့အော်ဂဲနစ်နှင့် ဓာတုပိုးသတ်ဆေးကင်းလွတ်သီးနှံစိုက်ပျိုးသူများကို ကနဦးအနေဖြင့် ဈေးကွက်ဖော်ဆောင်နိုင်ရေး ရောင်းချနိုင်ရန် ဖိတ်ခေါ်ထားသည်။စိတ်ပါဝင်စားသူ ရောင်းချလိုသူများသည် သစ်သီးဝလံအသင်းရုံးသို့ လည်းကောင်း၊ ဖုန်း-၀၁-၂၁၈၃၆၇ နှင့် ၀၉-၅၁၉၅၇၆၇ သို့လည်းကောင်း လာရောက်စာရင်းပေးလျှောက်ထားနိုင်ကြောင်း အသင်းမှ ကိုအောင်မြင့်ကျော်က ပြောသည်။

**(သန့်ဇင်ဝင်း)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားသားဧည့်ဝင်ကြေး ကျပ် ၅၃၄၅ သိန်းကျော် အလှူခံရရှိ

**ရန်ကုန် မတ် ၁၀။** ။ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၆၆၈၂၀ ရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ၆၃၂၄၃ ဦးသာရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလတွင် နိုင်ငံခြားသားဧည့်သည် ၃၅၀၀ ကျော် ပိုမိုရောက်ရှိခဲ့ကြောင်း ရွှေတိဂုံစေတီတော် နိုင်ငံခြားသားခရီးသွားဧည့်သည် ရောက်ရှိမှုမှတ်တမ်းအရ သိရသည်။

ဖေဖော်ဝါရီလအတွင်း ရောက်ရှိခဲ့သည့် နိုင်ငံခြားသားများတွင် ထိုင်းနိုင်ငံသား ၁၃၀၀၄ ဦး၊ ကိုရီးယားနိုင်ငံသား ၄၉၈၁ ဦး၊ အမေရိကန်နိုင်ငံသား ၄၇၁၉ ဦး၊ ဂျာမနီနိုင်ငံသား ၄၂၅၈ ဦးနှင့် တရုတ်နိုင်ငံသား ၃၈၃၁ ဦးတို့ အပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ စုစုပေါင်း နိုင်ငံခြားသားဧည့်သည် ၆၆၈၂၀ ရောက်ရှိခဲ့သည်။

နိုင်ငံခြားသားဧည့်သည် တစ်ဦးလျှင် ဧည့်ဝင်ကြေးအဖြစ် ကျပ် ၈၀၀၀ နှုန်းစီ အလှူငွေကောက်ခံခြင်းကြောင့် ဖေဖော်ဝါရီလ တစ်လတည်းတွင် နိုင်ငံခြားသားဧည့်သည် ၆၆၈၂၀ ထံမှ ငွေကျပ် ၅၃၄၅ သိန်းကျော် အလှူခံရရှိခဲ့သည်။

"ကျွန်တော့်ရဲ့ထိုင်းက ဗုဒ္ဓဘာသာမိသားစုဆိုရင် ရွှေတိဂုံစေတီတော်ကြီးရဲ့ နှစ်စဉ်ကျင်းပတဲ့ တပို့တွဲလ ထမနဲပွဲကို နှစ်စဉ်လာရောက်ကြည့်ရှုလေ့လာတယ်။ အခုနှစ်လည်း လာတယ်။ ဒီနှစ်က သူတို့ရဲ့ အပေါင်းအသင်းတွေကိုပါ ခေါ်လာပြီး ရန်ကုန်-ပဲခူး-ပုဂံညောင်ဦးမြို့တွေမှာရှိတဲ့ ဘုရားစုံလှည့်လည်ဖူးမြော်တာကို လိုက်ပို့ပေးခဲ့ရပါတယ်"ဟု ဧည့်လမ်းညွှန် လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

**(ကိုချစ်)**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလှူငွေများ ပေးအပ်လှူဒါန်း

**ရမည်းသင်း မတ် ၁၀။** ။ရမည်းသင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် မတ် ၉ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်းတိုက်နှင့် စန္ဒာရတနာပရိယတ္တိသီလရှင်စာသင်တိုက်များသို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်ဟု သိရသည်။

ယင်းသို့ အလှူငွေများပေးအပ်လှူဒါန်းရာတွင် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းမြို့နယ်၊ပျော်ဘွယ်မြို့နယ်တို့မှ ဘာသာကြီးလေးရပ် အဖွဲ့ခေါင်းဆောင်များစုပေါင်း၍ ဦးစွာဆင်ကျုံးတောရကျောင်းတိုက်သို့သွားရောက်ကာ နိုင်ငံတော် ဩဝါဒါစရိယ၊ ဆင်ကျုံးတောရကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောသလ္လမထေရ်၏အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲအတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ကော်မတီထံ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် စန္ဒာရတနာပရိယတ္တိသီလရှင်စာသင်တိုက်သို့ သွားရောက်ကာ ယင်းစာသင်တိုက်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းငါးသောင်းကို ဘာသာကြီး လေးရပ်အဖွဲ့ ခေါင်းဆောင်များက ပေးအပ်လှူဒါန်းကြသည်။ ယခုကဲ့သို့ပင် ရမည်းသင်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် ယခင်ကလည်း စုပေါင်းလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# စာကြည့်တိုက်မှူးများစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၁၀။** ။စာကြည့်တိုက်မှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးအောင်ငွေက စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ အမှန်တကယ်စာပေဖတ်ရှုမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စာစု၊ စာပြု၊ စာငှားလုပ်ငန်း၊ မျိုးတူစုခွဲခြင်း၊ ပြည်သူ့စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်း ဘာသာရပ်များကို သင်ကြားပို့ချသွားမည် ဖြစ်သည်။သင်တန်းသို့ စာကြည့်တိုက်ပညာစိတ်ပါဝင်စားသူများ၊ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်မှူးများ စုစုပေါင်း သင်တန်းသား ၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ဆုထက်လှိုင်)**

# မြစ်ကြီးနားတက္ကသိုလ်ဥပဒေပညာဌာနသရုပ်ပြပွဲကျင်းပ

**မြစ်ကြီးနား မတ် ၁၀**

မြစ်ကြီးနားတက္ကသိုလ် ဥပဒေပညာဌာန သရုပ်ပြတရားရုံး(Mock Trial)ပုံစံဖြင့် သရုပ်ပြသခြင်းကို မတ် ၉ ရက်နံနက်ပိုင်းက မြစ်ကြီးနားတက္ကသိုလ်ဗဟိုခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြစ်ကြီးနားတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဝါဝါထွန်းက Mock Trial ပြုလုပ်နေစဉ် ကျောင်းသား ကျောင်းသူများသည် အမှုနှင့်သက်ဆိုင်သော အချက်အလက်များကို မည်ကဲ့သို့ခွဲခြားစိတ်ဖြာလေ့လာရမည်ကို လည်းကောင်း၊ သက်ဆိုင်ရာဥပဒေကို မည်ကဲ့သို့သတ်မှတ်ရသည်ကိုလည်းကောင်း၊ သေချာ ဝေဖန်စဉ်းစားနိုင်သောအရည်အချင်းများနှင့် အချက်အလက်များကို မည်ကဲ့သို့ပြင်ဆင်ထားရှိရမည်ကို လည်းကောင်း၊ ထို့အပြင် ဥပဒေအရာရှိများ၊ သက်သေများ၊ တရားသူကြီးများ၊ အမှုသည်များစသည်တို့၏ အခန်းကဏ္ဍများကို သိရှိရန်လိုအပ်ပါကြောင်း၊ Mock Trial ပြီးဆုံးသွားသည့်အခါ ကျောင်းသားကျောင်းသူများအနေဖြင့် Mock Trial အမျိုးအစားအမျိုးမျိုး၊ Mock Trial ပြုလုပ်ပုံအဆင့်ဆင့်နှင့် တရားလိုဘက်နှင့်တရားပြိုင်ဘက်နှစ်ဖက် တင်ပြလျှောက်လဲချက်များ တရားသူကြီးက မည်ကဲ့သို့တရားစီရင်ချက်ချမှတ်သည်ကိုလည်းကောင်း၊ တရားသူကြီးက မေးခွန်းများမေးပုံ အဆင့်ဆင့်ကို လည်းကောင်း သိရှိရန် ပြောကြားခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ မြစ်ကြီးနားတက္ကသိုလ်တာဝန်ခံ ပါမောက္ခ ဒေါက်တာစိုးဝင်း၊ သင်တန်းရေးရာဌာနမှူး ဦးမောင်မောင်၊ ဥပဒေပညာဌာန မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခ/ဌာနမှူး ဒေါက်တာဝါဝါထွန်းနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့သည်။ **စိန်ဝင်း(IPRD)**

# မန္တလေးအပျော်တမ်းတောင်တက်စက်ဘီးစီးအသင်း ချင်းပြည်နယ် အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်မှ ကလေးမြို့သို့ရောက်ရှိ

ကလေး မတ် ၁၀

မန္တလေးမြို့မှ အစပြုကာ မန္တလေးအပျော်တမ်းတောင်တက်စက်ဘီးစီးအသင်း (Mandalay Bike Adventures- MBA)က Tour of Chin State ၂၀၁၅ ခရီးစဉ်အဖြစ် ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့အနီးရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ မြင့်သော တောင်ကုန်းပေါ်တွင် သဘာဝအတိုင်းဖြစ်ပေါ်သည့် အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်သို့ ခရီးရှည်စီးနင်းရာမှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ မတ် ၈ ရက် ညနေ ၃ နာရီက ရောက်ရှိလာပြီး ခေတ္တရပ်နား၍ တမူးမြို့သို့ ဆက်လက်စီးနင်းထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ စက်ဘီးခရီးရှည်စီးနင်းမှုကို မတ် ၂ ရက်တွင် မန္တလေး-ဟားခါးမြို့သို့ မော်တော်ကားဖြင့် ခရီးစဉ်စတင်၍ ဟားခါး-ဖလမ်း-ရိခေါဒါရ်(ရိဒ်)-တီးတိန်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူးမြို့ နန်းဖာလုံဈေးများသို့ သက်ကြီးပိုင်းနှင့် လူငယ်ပိုင်းများပါဝင်သည့် စက်ဘီးစီးအဖွဲ့ ၂၅ ဦးလိုက်ပါစီးနင်း၍ မန္တလေးအပြန်ခရီးကို တမူးမြို့မှဘတ်စ်ကားဖြင့်ပြန်ကြပြီး ခရီးစဉ်လမ်းကြောင်း တစ်လျှောက်ရှိ ဆင်းရဲနွမ်းပါးမှု၊ အစားအသောက်ရှားပါးမှုစသည့် စားဝတ်နေရေးနှင့်ပတ်သက်၍ နေရာဒေသအလိုက် လိုအပ်ချက်များကို လေ့လာမှုပြုကာ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုစက်ဘီးစီးတဲ့ခရီးစဉ်မှာ အသက်အကြီးဆုံး (၇၂)နှစ်တစ်ဦးနဲ့အသက်အငယ်ဆုံး(၂၂)နှစ်တစ်ဦးပါတယ်။ ကျန်တဲ့အဖွဲ့တွေကတော့ အသက်(၄၀)ဝန်းကျင်များပါတယ်။ ခရီးစဉ်မှာ လှူဒါန်းသင့်တဲ့ နေရာတွေမှာ လှူဒါန်းခဲ့ပါတယ်။ ခရီးစဉ်တစ်ခုလုံး ရှစ်ညအိပ် ကိုးရက်ကြာမယ်လို့ ခန့်မှန်းထားပါတယ်။ မန္တလေးမြို့ကနေ အစပြုပြီးတော့ နိုင်ငံနှင့်အဝန်း စက်ဘီးအားကစားဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာသန်စွမ်းတဲ့ လူငယ်လူရွယ်တွေပေါ်ပေါက်လာစေဖို့နဲ့လူကြီးလူငယ်၊ ကျား၊မ မရွေး စက်ဘီးစီးအားကစားကို




နှစ်သက်ခုံမင်စွာနဲ့ စိတ်ဝင်စားလာစေဖို့ရည်ရွယ်ချက်နဲ့ မန္တလေးအပျော်တမ်း တောင်တက်စက်ဘီးစီးအသင်းကို အခုလို ဖွဲ့စည်းရတာဖြစ်ပါတယ်"ဟု MBA အသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။

မန္တလေး အပျော်တမ်းတောင်တက်စက်ဘီးစီးအသင်းသည် မန္တလေးဝန်းကျင်မြို့ရွာများသို့ ပုံမှန်အုပ်စုဖွဲ့လေ့ကျင့်စီးနင်းမှုရှိသလို ၂၀၀၈ခုနှစ်တွင် စက်ဘီးစီးဝါသနာရှင်များ စုစည်း၍စတင်ဖွဲ့စည်းလျက် ၂၀၁၁ ခုနှစ်ဒီဇင်ဘာလမှစတင်ကာ ခရီးရှည်သွားရောက်မှုများရှိခဲ့ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ ပရဟိတကျောင်းများသို့ သုံးလတစ်ကြိမ် ငွေကြေးအလှူဒါနများပြုလုပ်ခဲ့ကြောင်း သိရသည်။**ချင်းတွင်းသား(iprd)**

# ပေါ်တိုနောက်ခံလူ ဒန်နီလိုအား မန်ယူ ခေါ်ယူရန် စီစဉ်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ ခံစစ်ကိုအားဖြည့်ရန်အတွက် ပေါ်တိုအသင်း၏ ဘရာဇီးနောက်ခံကစားသမား ဒန်နီလိုအား ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

မန်ယူအသင်း၏ နည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်မှာ လာမည့်ဘောလုံးရာသီမစတင်မီကာလအတွင်း ညာနောက်ခံကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူသွားရန် ဆန္ဒရှိနေပြီး ပေါ်တိုအသင်းတွင် ခြေစွမ်းပြသနေသည့် ဒန်နီလိုအား စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဗန်ဟားလ်မှာ ၎င်းအားခေါ်ယူရန် အသင်း၏ ကင်းထောက်အဖွဲ့ကို ပေါ်တူဂီသို့စေလွှတ်ခဲ့ပြီး လာမည့်သောကြာနေ့တွင် ကစားမည့် ဘရာဂါအသင်းနှင့် ပွဲစဉ်အား စောင့်ကြည့်သွားမည် ဖြစ်ကြောင်း အသင်း၏ ဝက်ဘ်ဆိုက်တွင် တရားဝင်ဖော်ပြခဲ့သည်။

ထို့ပြင် ဒန်နီလိုအား မန်ယူအသင်းအပြင် ဥရောပအင်အားကြီးကလပ်အသင်းများဖြစ်ကြသည့် ဘာစီလိုနာ၊ ရီးယဲလ်၊ ဂျူဗင်တပ်စ်တို့ကပါ ခေါ်ယူရန်စိတ်ဝင်စားနေပြီး လာမည့်နွေရာသီကာလတွင် မန်ယူအသင်းနှင့် ဈေးအပြိုင်ပေး ကမ်းလှမ်းသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ဗန်ဟားလ်မှာ လက်ရှိအသင်း၏ နောက်ခံကစားသမားများအပေါ် စိတ်ပျက်လျက်ရှိနေပြီး လာမည့်ဘောလုံးရာသီမစတင်မီတွင် ၎င်းအား အသင်းသို့ မဖြစ်မနေအရောက် ခေါ်ယူသွားဖွယ်ရှိနေသလို ပေါ်တိုအသင်းအလိုရှိနေသည့် ပေါင် ၂၅ သန်းခန့်ပေးချေရန် အသင့်ရှိနေကြောင်းသိရသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဘရာဇီးနောက်ခံလူ ဒန်နီလိုမှာ ၂၀၁၂ ခုနှစ်က ဆန်းတို့စ် အသင်းမှပေါ်တိုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၈၀ ကျော် ပါဝင်ကစားပေးခဲ့သလို ဘရာဇီးလက်ရွေးစင်အသင်းတွင်လည်း ၁၁ ပွဲပါဝင်ကစားခဲ့ဖူးသူဖြစ်ကြောင်းသိရသည်။ **(ကိုရဲ)**




# အာဆင်နယ်အသင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်၌ ဘရက်ဒ်ဖို့ဒ် သို့မဟုတ် ရီးဒင်းနှင့် ကစားရမည်




ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် မတ် ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် မန်ယူအသင်း၏ အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက မန်ယူအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဝဲလ်ဘက်နှင့် မွန်ရီးယဲလ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းမှာမူ တိုက်စစ်မှူး ရွှန်းနီ၏ သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့သော်လည်း ဂိုးထပ်မံမသွင်းယူနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းအတွက် အက်ဖ်အေဖလားမျှော်လင့်ချက် ပျက်သုဉ်းခဲ့ရသည်။

အာဆင်နယ်အသင်းသည် မန်ယူအသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဘရက်ဒ်ဖို့ဒ်အသင်း သို့မဟုတ်ပါက ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် မန်ယူအသင်းကို အနိုင်မရရှိခင်ကတည်းက အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ပါက လီဗာပူးအသင်းနှင့် ထိပ်တိုက်မတွေ့စေလိုကြောင်း နည်းပြ အာစင်ဝင်းက ပြောကြားထားခဲ့သည်။

လက်ရှိတွင် အာဆင်နယ်သည် လီဗာပူးနှင့် ထိပ်တိုက်တွေ့တော့မည်မဟုတ်ဘဲ လီဗာပူးအသင်း အနိုင်ရရှိခဲ့ပါက အက်စ်တွန်ဗီလာအသင်းနှင့် တွေ့မည်ဖြစ်သည်။ **(ငွေကြယ်)**

# စပိန်လီဂါရင်ခုန်သံ-၂၇

**စပိန်လီဂါပွဲစဉ် ၂၇ ကို မတ် ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ဥရောပပွဲတွေနဲ့ နီးကပ်နေတာကြောင့် ရီးယဲလ်၊ ဘာစီလိုနာ၊ အက်သလက်တီကို၊ ဆီဗီးလ်၊ ဗီလာရီးယဲလ်တို့လို ဥရောပပွဲဝင်နေရတဲ့ အသင်းတွေအနေနဲ့ နိုင်ပွဲရယူသွားနိုင်ကြမလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။**

**ဗလန်စီယာ-ဒီပို့တီဗို** **နံနက် ၂း၁၅ (၁၄-၃-၁၅)**

ဗလန်စီယာက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရည်ရွယ်နေတာကြောင့် အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ အိမ်ကွင်းနောက်ဆုံးနှစ်ပွဲဆက် အနိုင်ရခဲ့သလို လက်ရှိခြေစွမ်းပိုင်းမှာလည်း ကောင်းမွန်မှုရှိပါတယ်။ ဒီပို့တီဗိုသာ တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းစွမ်းဆောင်မှုနဲ့ လက်ရှိခြေတည်ငြိမ်မှုမရှိဘူး။

**အက်စ်ပန်ညို-အက်သလက်** **ည ၉း၃၀ (၁၄-၃-၁၅)**

အက်သလက်တီကိုက လက်ရှိအခြေအနေကိုထိန်းထားနိုင်ဖို့ အမှားခံမှာမဟုတ်ဘူး။ ဒါပေမယ့် အက်သလက်တီကိုဟာ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်ဖို့တော့ခက်မယ်။ အထူးသဖြင့် အက်စ်ပန်ညိုရဲ့လက်ရှိခြေစွမ်းပိုင်းက မဆိုးသလို အိမ်ကွင်းစွမ်းဆောင်ရည်ကလည်း ကောင်းတယ်။

**အီဘား-ဘာစီလိုနာ** **ည ၁၁း၃၀ (၁၄-၃-၁၅)**

လက်ရှိအချိန်မှာ အီဘားရဲ့ခြေက အကျဘက်ရောက်နေတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ပွဲတိုင်းရှုံးနိမ့်ခဲ့ရတယ်။ အထူးသဖြင့် အဆိုပါ ငါးပွဲမှာ လေးပွဲတိတိ ဂိုးမသွင်းနိုင်ခဲ့တဲ့ တိုက်စစ်က အားနည်းလွန်းတယ်။ ဒီလိုခြေစွမ်းမျိုးနဲ့ ဘာစီလိုနာကိုခံကစားဖို့မလွယ်ဘူး။

**ဗယ်လီကာနို-ဂရန်နာဒါ** **နံနက် ၁း၃၀ (၁၅-၃-၁၅)**

ဗယ်လီကာနိုရဲ့ အိမ်ကွင်းခြေမဆိုးဘူးလို့ဆိုနိုင်တယ်။ အိမ်ကွင်းမှာ နောက်ဆုံးနှစ်ပွဲ ဆက်တိုက်အနိုင်ရခဲ့တယ်။ အဲဒီအထဲမှာ ဗီလာရီးယဲလ်ကိုအနိုင်ရတဲ့အထိ ကစားပုံကောင်းခဲ့တယ်။ ဂရန်နာဒါကတော့ တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကသာမန်ထက် လုံးဝမပိုဘူး။

**ဆယ်တာဗီဂို-ဘီဘာအို** **နံနက် ၃း၃၀ (၁၅-၃-၁၅)**

အခုနောက်ပိုင်းမှာ ဘီဘာအိုရဲ့ခြေစွမ်းပိုင်းမဆိုးဘူး။ အဝေးကွင်းမှာကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲဆက် မရှုံးတာတွေ့ရတယ်။ နှစ်ပွဲနိုင်ခဲ့တယ်။ ဒါပေမယ့် ဆယ်တာဗီဂိုရဲ့နောက်ပိုင်းခြေစွမ်းကလည်း ကောင်းမွန်နေပါတယ်။ အက်သလက်တီကိုကို နိုင်တဲ့ပွဲအပါအဝင် အိမ်ကွင်းနောက်ဆုံး သုံးပွဲမှာ အရှုံးမရှိနှစ်ပွဲနိုင်ခဲ့တယ်။

**အယ်မာရီးယား-ဗီလာရီးယဲလ်** **ညနေ ၅း၃၀ (၁၅-၃-၁၅)**

ဗီလာရီးယဲလ်အတွက် ဒီပွဲဟာ ယူရိုပါလိဂ်နှစ်ပွဲကြားကို ရောက်ရှိနေတာ တွေ့ရတယ်။ ဒါကြောင့် ဗီလာရီးယဲလ်တို့ ခြေကုန်ထုတ်နိုင်ဖို့ မလွယ်ပါဘူး။ အယ်မာရီးယားက တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်ပြီး အိမ်ကွင်းမှာ နောက်ဆုံးသုံးပွဲဆက် မရှုံးတဲ့အထိ ကစားပုံကောင်းတာ တွေ့ရပါတယ်။

**မာလာဂါ-ကော်ဒိုဘာ** **ည ၁၀း၃၀ (၁၅-၃-၁၅)**

ဥရောပဝင်ခွင့်မှန်းနေတဲ့ မာလာဂါရဲ့ အခုနောက်ပိုင်းကစားပုံမဆိုးဘူး။ အထူးသဖြင့် မာလာဂါဟာ အိမ်ကွင်းခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပြီး နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ဗလန်စီယာအပါအဝင် နှစ်ပွဲအနိုင်ရခဲ့တယ်။ အမှတ်ပေးဇယားအောက်ဆုံး ကော်ဒိုဘာအနေနဲ့ မာလာဂါရဲ့ အိမ်ကွင်းအားကို ထိန်းဖို့ခက်မယ်။

**ဆီဗီးလ်-အဲလ်ချီ** **နံနက် ၀း၃၀(၁၆-၃-၁၅)**

ဆီဗီးလ်က ဥရောပဝင်ခွင့်မှန်းနေတဲ့ အသင်းပါ။ ဒါပေမယ့် ဒီပွဲဟာ ဆီဗီးလ်အတွက်ယူရိုပါလိဂ်နှစ်ပွဲခြား ရောက်ရှိနေပါတယ်။ ဒါကြောင့် ဆီဗီးလ်အနေနဲ့ အိမ်ကွင်းဖြစ်ပေမယ့် ခြေကုန်ထုတ်ဖို့ ခက်မှာပါ။ ဒါ့အပြင်တန်းမဆင်းရဖို့အတွက် ရုန်းကန်နေတဲ့ အဲလ်ချီရဲ့ ရုန်းကန်အားကလည်း မဆိုးတာကြောင့် ဒီပွဲမှာဆီဗီးလ်တို့ကပ်ပြီးသာ အနိုင်ရနိုင်ပါတယ်။

**ရီးယဲလ်-လီဗန်တေး** **နံနက် ၂း၃၀(၁၆-၃-၁၅)**

ရီးယဲလ်ဟာ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းနေနိုင်ပေမယ့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ရပ်တည်နိုင်ဖို့ အမှားမခံမှာသေချာနေပါတယ်။ အထူးသဖြင့် လီဗန်တေးရဲ့ ခံစစ်အားပျော့မှုက ရီးယဲလ်အတွက်အခွင့်အရေးလို ဖြစ်နေပါတယ်။ သာနေဗျူးမှာကစားရမှာလည်းဖြစ်လို့ လီဗန်တေးတို့ ဂိုးပြတ်မရှုံးအောင်သာ ဦးစားပေးရမှာပါ။

**ဂီတာဖေး-ဆိုစီဒက်** **နံနက် ၂း၁၅(၁၇-၃-၁၅)**

တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့ ဂီတာဖေးက အိမ်ကွင်းပွဲစဉ်တွေမှာ ရုန်းကန်အားမဆိုးဘူး။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်တိုက် အနိုင်ရခဲ့တာတွေ့ရတယ်။ ဆိုစီဒက်ကတော့ အဝေးကွင်းနောက်ဆုံး သုံးပွဲဆက်အနိုင်ပျောက်ခဲ့သလို လက်ရှိခြေလည်း သိပ်မတည်ငြိမ်ဘူး။ ဆိုစီဒက်အမြင့်ဆုံးသရေလောက်ပဲရမယ်။

**(ရှိုင်းမင်းမင်း)**

နှစ်ပေါင်း(၇၀)ကျော် MAIN STREAM MEDIA အဖြစ်ရပ်တည်ခဲ့သော...

သင့်ရဲ့တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို (၅၀) သန်းသော
ပြည်သူတွေထံသို့ အရောက်ပို့ပေးနိုင်သော....

နိုင်ငံတကာသတင်းဌာနအဖွဲ့များ၏ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက်မှန်ကန်တိကျမှုကို ပရိသတ်များ၏ ယုံကြည်မှုအမြင့်မားဆုံးရရှိထားသော....

မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာနေ့စဉ်ဖြစ်ပျက်နေတဲ့သတင်းများကို
နာရီရှည်တိုင်းတင်ဆက်ပေးနေသော....

NATION WIDE NEWS CHANNEL

MRTV

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှာ
သင့်ရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြား ကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်

## Cross Package အစွင့်အလမ်း

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
|---|---|
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ x ၆ ကော်လံ (Quarter Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်အပေါ်တွင်မဆို တစ်ကြိမ် လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၁-၅၃၅၈၀၀
ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၆၇-၇၉၁၀၉၃၊ Gmail : mrtv.commercial@gmail.com

ပြည်တွင်းရေးရာ

# စစ်ကွင်းကျေးရွာ၌စက်ရေတွင်းကြောင့် နွေရာသီအတွက်ရေအခက်အခဲမရှိ

**ကျိုက်ထို မတ် ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်ကွင်းကျေးရွာတွင် လွှတ်တော်ရန်ပုံငွေဖြင့် တူးဖော်ထားသော စက်ရေတွင်းကြောင့် ယခင်နှစ်များကကဲ့သို့ နွေရာသီတွင် ရေအခက်အခဲမရှိနိုင်ကြောင်း ကျေးရွာခွဲခေါင်းဆောင်က ပြောသည်။

စစ်ကွင်းကျေးရွာသည် အိမ်ခြေ ၁၂၀ ကျော်ရှိပြီး ကျေးရွာနေသူအများစုမှာ လက်လုပ်လက်စားများဖြစ်ပြီးယင်းစက်ရေတွင်းကို ယခုနှစ်ပွင့်လင်းရာသီတွင် လွှတ်တော်ရန်ပုံငွေဖြင့် ကျပ်သိန်း ၁၂၀ အကုန်အကျခံကာ တူးဖော်ခဲ့ခြင်းဖြစ်ကာ လေးလက်မပိုက်ဖြင့် အနက်ပေ ၁၂၀ ခန့်တူးခဲ့ရကြောင်း၊ ရေထွက်နှုန်းမှာ သုံးမိနစ်လျှင် ဂါလန် ၅၀ ထွက်ရှိကြောင်း၊ ယမန်နှစ်များက နွေရာသီတွင် ရေရရှိရေးအတွက် ခက်ခဲစွာ သွားရောက်သယ်ယူရပြီး တစ်နေ့လျှင် နှစ်နာရီခန့် အချိန်ပေးရကြောင်း သိရသည်။

“စက်ရေတွင်းကို လျှိုထဲမှာတူးတဲ့အတွက် အနက်ပေ ၁၂၀ လောက်မှာပဲ ရေထွက်ကောင်းတာနဲ့ လုပ်ငန်းပြီးစီးသွားပါတယ်။ လျှိုထဲကနေ ရေပိုက်နဲ့ အမြင့်မှာရှိတဲ့ ကန်ထဲမောင်းထည့်ပါတယ်။ ရေကန်က ပိုက်တွေသွယ်တန်းပြီး အိမ်တွေကို ဖြန့်ဝေပေးပါတယ်။ ရွာထဲမှာ ရေဖြန့်ဝေပေးဖို့ပိုက်တွေကိုတော့ ကျေးရွာရန်ပုံငွေနဲ့ဝယ်ပါတယ်။ ရေစက်မောင်းရာမှာသုံးတဲ့ စက်သုံးဆီကိုတော့ ရေသုံးတဲ့အိမ်တွေက တစ်ပုံး ကျပ်၂၀ ပေးကြပါတယ်။ စက်မောင်း၊ ရေဖွင့်ဖို့အတွက် ရေရရှိရေးကော်မတီဖွဲ့ထားပြီး စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးပါတယ်။ ဒီနှစ်မှာတော့ အရင်နှစ်တွေလို ရေအခက်အခဲမရှိတော့ပါဘူး” ဟု ကျေးရွာခွဲခေါင်းဆောင်ကပြောသည်။

**ရဲခေါင်ဦး**

# ဘီးလင်း၌မိုးပွင့်အထူးစီမံချက်ကွင်းဆင်းဆောင်ရွက်

**ဘီးလင်း မတ် ၁၀**

ဘီးလင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဘီးလင်းမြို့နယ် ညောင်ပွလင်ကျေးရွာ နေပြည်သူများအား မတ် ၇ရက်နံနက် ၁၀နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုတွင် ညောင်ပွလင်ကျေးရွာနေပြည်သူ ၁၅၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသိန်းထွန်းအောင်တို့က နိုင်ငံရေးစိစစ်ရေးကတ်ပြားများကိုကျေးရွာနေ ပြည်သူများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ထူးနောင်**(iprd)



# သင်္ကြန်နီးကပ်လာ၍ရေးမြို့၌ကုန်စည်ဈေးကွက်သွက်လက်

**ရေး မတ် ၁၀**

မွန်ပြည်နယ် ရေးမြို့၌ ပြည်တွင်းပြည်ပမှ တင်သွင်းလျက်ရှိသော အခြေခံစားသုံးကုန်များနှင့် လူသုံးကုန်ပစ္စည်းများမှာ သင်္ကြန်ကာလနီးကပ်လာပြီဖြစ်၍ ရောင်းဝယ်ဖောက်ကားသည့် ကုန်စည်ဈေးကွက်များမှာ သွက်လက်လာလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလသို့ တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ တပေါင်း၊ တန်ခူးလမှာ ရှင်ပြု၊ မင်္ဂလာဆောင်အလှူအတန်းများသည့်အချိန်ဖြစ်၍ ဒေသထွက်ကုန်ငါးပိ၊ ငါးခြောက်ဈေးနှုန်းများမှာချိုသာစွာရောင်းချပေးသည့်အတွက် အဝယ်လိုက်ပြီး ပုစွန်ခြောက်များမှာ ပစ္စည်းလည်းအဝင်နည်းသည့်အပြင် ဈေးလည်းမြင့်သည့်အခါ လက်ဆောင်ပေးသူများသာ အဓိကဝယ်ယူနေကြကြောင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောသည်။

နိုင်ငံခြားအဝတ်အထည်များ၊ ပြည်တွင်းထုတ်အဝတ်အထည်များမှာ အရောင်းအဝယ် ပုံမှန်ထက် သွက်လာလျက်ရှိကြပြီး အခြေခံစားသုံးကုန်နှင့် လူသုံးကုန်အသုံးအဆောင်ပစ္စည်းများ သား၊ ငါးများမှာ အရောင်းအဝယ်တွင်ကျယ်လျက်ရှိသည်။ ဆန်ဈေးအနည်းငယ်လောက်သာ တက်လျက်ရှိပြီး အခြားစားသုံးကုန်များမှာထူးခြားမှုမရှိဘဲ ဈေးနှုန်းက ပုံမှန်အခြေအနေရှိနေကြောင်းသိရသည်။

အရောင်းအဝယ်က ယခင်လတွေထက်ရောင်းအားက ပိုမိုသွက်လက်လာခြင်းဖြစ်ကြောင်း အရောင်းအဝယ် ပြုလုပ်သူများနှင့် ဈေးနှုန်းများကို နေ့စဉ်မှတ်တမ်းပြုလုပ်နေသူ တစ်ဦးက ပြောပြသည်။

ဒေသထွက်ကုန်ဖြစ်သောရော်ဘာဈေးနှုန်းမရရှိသော်လည်း ကွမ်းသီးဈေးမှာ ယခင်နှစ်များကထက်အမြင့်ဈေးရှိနေသည့်အတွက် ကွမ်းသီးခြံစိုက်ပျိုးသူများမှာ အဆင်ပြေနေကြသည့်အပြင် ကုန်သည်များကလည်း အကျိုးအမြတ်များစွာ ရရှိလျက်သည်။

လက်ရှိတွင် ရွှေဈေးမှာ ပုံမှန်အခြေအနေရှိသော်လည်း အရောင်းအဝယ် သွက်လာသဖြင့်ရွှေချစ်သူအများအပြားမှာ သိုလှောင်မှုလည်း မြင့်တက်လာကြသဖြင့် ရွှေဈေးကွက်အတွင်းလုပ်ကိုင်ရသည့်အပေါ် အမြတ်အစွန်းများစွာရကြ၍အဆင်ပြေကြကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**



၂၀၁၅ သင်္ကြန် HONG KONG တိုး ဒီ နဲ့ GO ပြီ

- ဗန်ကောက် – ပတ္တရား (7D/6N) April-13~19 USD-720
- ဂျပန် (9D/8N) USD-2700 April-12~20
- စင်ကာပူ (5D/4N) April-13~17 USD-990
- ပေကျင်း – ရှန်ဟိုင်း (8D/7N) April-12~19 USD-1700
- ဘာလီ + စင်ကာပူ (7D/6N) April-13~19 USD-1500
- ကိုရီးယား (8D/7N) USD-1980 April-13~20

အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734

**ကွန်ဒိုကြိုပွိုင့် အမြန်ရောင်းမည်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်းမကြီးအနီး၊ ဒုတိယထပ်၊ (၁၆၀၀Sq. Ft)/Lift/ Car Parking/ Master/ Bed Room(2)၊ ရိုးရိုးအိပ်ခန်း (1)ခန်း၊ ညှိနိုင်းဈေး၊ အကျိုးဆောင်ခ 2%၊ မကြာမီအခန်းအပ်မည်။

**Contact Ph:-09-975269168, -09-975518809**

(ဝယ်ယူမည့်သူသာ ဆက်သွယ်ပါ။)

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူးမဟာသင်္ကြန် ခရီးစဉ်

**ထားဝယ်ရှင်မိုးချင် နှင့် ထီးဒီး (တန်ချနာပူရီ /ဖြ ဘုရား)**

၁၁ – ၄ – ၂၀၁၅ မှ ၂၀ – ၅ – ၂၀၁၅ ထိ

ဆက်သွယ်ရန် ၀၁ ၂၄၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၄၁၃၇

**COHABO**

ချောင်းသာ/ငွေဆောင်

ခရီးစဉ်-80000

No-33/... Ph-09 731 61773, 09 516 1773




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် (၇၄၇/က)၊ မြေကွက်တည်နေရာအမှတ် (၇၄၇/က)၊ အောင်မေတ္တာလမ်း၊ ၄/တောင် ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသိန်းထိုက်၊ ဒေါ်ခင်သန်း) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်သန်း (မိခင်)နှင့် ဦးခင်သန်းမောင် (ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ချောချော [၁၂/သကတ(နိုင်) ၀၇၄၅၀၁]မှ ကျန်အမည်ပေါက် ဦးသိန်းထိုက် [၁၂/သကတ(နိုင်)၀၇၆၅၃၉]နှင့် ပူးတွဲလျက် ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၂၈၇၅၀/၁၄) နှင့် (၂၇၇၇၂/၁၄) ရသူ ဦးဉာဏ်လင်းအောင် [၁၂/သကတ(နိုင်) ၀၈၃၂၉၀]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**GOLDEN RICH TRAVELS**

| | |
|---|---|
| ဗန်ကောက်၊ ပတ္တရား၊ အယုဒ္ဓယ၊ ကန်ချနာပူရီ၊ မဲဆောက် | March 22, Apl 12 |
| ချင်းမိုင်၊ ချင်းရိုင်၊ ရွှေတြိဂံ၊ မယ်ဆိုင်၊ တာချီလိတ်၊ မဲဆောက် | March 22, Apl 12 |
| မြစ်ကြီးနား (မြစ်ဆုံ)၊ အင်းတော်ကြီး (ရွှေမဉ္ဇူဘုရား) ရွှေဘို | စစ်ကိုင်း Apl 12 |

01-297321, 09-250366279, 09-31062083, 09-791697411

**အာရှကေရီ** ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
**Asian Empress Travels & Tours**

ဗုဒ္ဓဂယာမြေမြတ်မဟာသို့ သက်တောင့်သက်သာဖြင့် သွားရောက် ဖူးမြော်လိုသည့် မိတ်ဆွေပြည်သူများအတွက် ဟိုတယ်ခရီးစဉ်များ

| | | |
|---|---|---|
| ၂၇ မတ်လ ၂၀၁၅ | (၁၁)ညအိပ် (၁၂)ရက်ခရီးစဉ် (ဟိုတယ်သီးသန့်) (ဖွား၊ ပွင့်၊ ဟော၊ စံ၊ နယူးဒေလီ၊ တာ့ခ်ျမဟာ) | (၁၀. ၅)သိန်း |
| ၂၈ မတ်လ ၂၀၁၅ | (၇)ညအိပ် (၈)ရက်ခရီးစဉ် (ဟိုတယ်သီးသန့်) (ဖွား၊ ပွင့်၊ ဟော၊ စံ) | (USD 890) |
| ၁၀ ဧပြီလ ၂၀၁၅ | (၇)ညအိပ် (၈)ရက်ခရီးစဉ် (ဟိုတယ်သီးသန့်) (ဖွား၊ ပွင့်၊ ဟော၊ စံ) | (USD 950) |
| ၁၃ ဧပြီလ ၂၀၁၅ | (၄)ညအိပ် (၅)ရက် ဘန်ကောက်၊ ပတ္တရားခရီးစဉ် | (USD 700) |

ခရီးစဉ်အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၀၁၇၁၂၊ ၀၉-၇၃၂၁၁၃၉၄၊ ၀၉၃၀၁၃၈၂၄၄၈။
အမှတ်(၇၄)၊ မြေညီထပ်၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်။
www.asianempresstravels.com, Email:asianempresstravels@gmail.com

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

**ပြည်တွင်းရေးရာ**

# မြန်မာနိုင်ငံ၏အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏လိုအပ်ချက်များအားဖြည့်ဆည်းပေးသွားမည်

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအနေဖြင့် SMEs များ၏ database တည်ဆောက်လျက် လိုအပ်သည့် အကူအညီများ၊ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ SMEs များ၏ လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ငွေကြေးရယူလိုခြင်းများအတွက် ကူညီပံ့ပိုးပေးခြင်း၊ လုပ်ငန်းစတင်တည်ထောင် လိုသူများအတွက် အကြံဉာဏ်နှင့် သတင်းအချက်အလက်များဖြင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပေးခြင်းများ ပြုလုပ်ပေးနေကြောင်းသိရသည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပို့ချခြင်းကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ASEAN SMEs Portal နှင့်ချိတ်ဆက်၍ Online Servicing ပေးခြင်း၊ Business Matching များ ပြုလုပ်၍ ပြည်တွင်း၊ ပြည်ပ SMEs များအား ချိတ်ဆက်ပေးခြင်း၊ ပြည်ပဈေးကွက် ရရှိရန်အတွက် Export Consortia Team များ (Cluster) ဖွဲ့စည်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

**ထို့ကြောင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

**ဒေါ်အေးအေးဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန**

**မေး။ ။မြန်မာပြည်မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ SME(အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ) ဘယ်လောက်ရှိပြီး တရားမဝင် မှတ်ပုံတင်ထားတဲ့ SME အရေအတွက်ဘယ်လောက်ရှိပါသလဲ။ သူတို့ရဲ့ အခက်အခဲ အတားအဆီးက ဘာတွေပါလဲ။**

ဖြေ။ ။ SME ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်က SME ဥပဒေထဲကနဲ့ အတူတူပဲ။ လွှတ်တော်ကိုတင်ထားတယ်။ ဒါကြောင့် မှတ်ပုံတင်တာကိုတော့ တရားဝင် မလုပ်ရသေးဘူး။ ဒါပေမယ့် စက်မှုဝန်ကြီးဌာနအောက်မှာ ကြီးကြပ်ရေးနဲ့ စိစစ်ရေး ဦးစီးဌာနရှိတယ်။ သူက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေကို ကိုးကားပြီး မှတ်ပုံတင်ပေးတာပေါ့။ အဲတော့ မှတ်ပုံတင်ထားတဲ့ စက်မှုလုပ်ငန်းက SMI လေးသောင်းရှိတယ်။ လုပ်ငန်းကော်မတီကို ဒုတိယ သမ္မတညွှန်ကြားချက်အရ ဖွင့်ထားတဲ့ လုပ်ငန်းကော်မတီက in-formal တွေလည်း တောင်းတယ်။ များသောအားဖြင့် စက်မှုကဏ္ဍတွေ ပါတာပေါ့။ စည်ပင်တို့၊ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ နီးစပ်တဲ့ ဝန်ကြီးဌာနတွေကနေ တောင်းတဲ့အခါမှာ ခုနစ်သောင်းရှိတယ်။

**မေး။ ။ အခု မြန်မာပြည်က SMEs တွေ တွေ့ကြုံနေရတဲ့ အဓိကစိန်ခေါ်မှုက ဘာဖြစ်မလဲ။**

ဖြေ။ ။ မြန်မာပြည်က အခုချိန်မှာဆိုရင် နိုင်ငံတကာက တအားစိတ်ဝင်စားတယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ၊ ချိတ်ဆက်ပြီးတော့ ဆက်သွယ်ချင်တဲ့ သူတွေများတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်က အလုပ်လုပ်နိုင်တဲ့ လူအင်အားများတယ်။ အသက်(၂၀)ကနေ အသက်(၆၀) ကြားလူဦးရေ အလွန်များတယ်။ တခြား နိုင်ငံမှာလို အဘိုးအဘွားတွေများတဲ့ ရာခိုင်နှုန်းနည်းတယ်။ လူတွေကလည်း သိလွယ်တတ်လွယ်တယ်။ အင်္ဂလိပ်စာလို ဘာသာစကားနဲ့ ပြောဆိုဆက်သွယ်လို့ရတယ်။ သယံဇာတပေါတယ်။ အဲ့ဒီလို အားသာချက်တွေ ရှိတယ်။

အားနည်းချက်က ဘာလဲဆိုတော့ စီးပွားရေးလုပ်ငန်းတွေကို လုပ်နေတဲ့ ရန်ကုန်ကနေလွဲလို့ ကျန်တဲ့ ဒေသတွေမှာရှိတဲ့ လူတွေက စီးပွားရေးကို မိရိုးဖလာ လုပ်ငန်းလိုလုပ်နေတယ်။ မန္တလေးလို မြို့မှာတောင် မိရိုးဖလာလုပ်ငန်းလို လုပ်နေတဲ့အဆင့်ပဲရှိသေးတယ်။ ဒီတော့ ယှဉ်ပြိုင်နိုင်စွမ်းက အများကြီးကျနေတယ်။ ဒါပေမယ့် ကျွန်မတို့မှာ အခြေခံအရင်းအမြစ်တွေ အများကြီးရှိတယ်။ ဒါတွေကို တန်ဖိုးမြင့်ထုတ်နိုင်အောင်လို့ ကျွန်မတို့ ငွေကြေးအရင်းအနှီးလိုတယ်။ နည်းပညာလိုတယ်။ အခြေခံပညာ လိုတယ်။ သတင်းအချက်အလက်တွေလိုတယ်။ ချိတ်ဆက်မှုတွေလိုတယ်။ ဈေးကွက်ရောက်အောင် အချိတ်အဆက်တင်မဟုတ်ဘဲ Brand ဖြစ်အောင် လုပ်ဖို့လိုတယ်။ ထုပ်ပိုးမှုတွေ ကောင်းလာအောင် လုပ်ဖို့ လိုတယ်။ နောက် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ ရေ၊ မီးတို့ ကောင်းလာအောင် လုပ်ဖို့ လိုတယ်။ အစိုးရဘက်က ဒါကို ပံ့ပိုးပေးဖို့လိုတယ်။ SMEs သမားတွေအတွက် နည်းပညာနဲ့ အချက်အလက်တွေကို ကျွန်မတို့က ပံ့ပိုးပေးနိုင်အောင် ဒီလိုဌာနတွေ ရှိနေတယ်ဆိုတာလည်း သိဖို့လိုလိမ့်မယ်။

**မေး။ ။ SMEs လုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ ငွေကြေးလိုအပ်ချက်တွေရှိခဲ့ရင် ဆရာမတို့ဌာနအနေနဲ့ ဘယ်လိုမျိုး ကူညီပေးနိုင်သလဲ။**

ဖြေ။ ။ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း (SMEs)တွေအတွက် ငွေကြေးက အဓိကကျတယ်။ ငွေကြေးရှိမှ သုတေသနတွေ လုပ်နိုင်မယ်။ ငွေကြေးရှိမှ ဈေးကွက်ချဲ့ထွင်မှုတွေ ဆက်လုပ်နိုင်မယ်။ ငွေကြေးရှိမှသာ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်တဲ့ စက်ကိရိယာတွေ ဝယ်နိုင်မယ်။ တချို့ဆိုရင် အကြံပေးတွေ ငှားရမ်းနိုင်မယ်။ သင်တန်းတွေကိုပေးနိုင်မယ်ပေါ့။ နိုင်ငံတော်ရဲ့ အထူးအစီအစဉ်နဲ့ အမြတ်မယူဘဲ ဝန်ထမ်းစရိတ်တွေ၊ စာရွက်စာတမ်းစရိတ်ကုန်ကျမှုတွေကို နိုင်ငံတော်ကုန်ကျစရိတ်အဖြစ် စိုက်ထုတ်ပြီး SMEs တွေအတွက် ငွေချေးပေးပါတယ်။ အသေးစား၊ အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကနေ ကျွန်မတို့ စချေးတော့ ၂၀၁၂ နိုဝင်ဘာမှာကျပ်ငွေ ငါးဘီလီယံနဲ့ ၂၀၁၃ ခုနှစ်မှာ ကျပ်ငွေ ငါးဘီလီယံပေါ့။ အခု ၂၀၁၄-၂၀၁၅ မှာတော့ ကျပ်ငွေ ၂၀ ဘီလီယံအထိ ချေးပေးထားတယ်။ SMEs တွေကို ၂၀ ဘီလီယံအထိ ချေးပေးနေတာ သုံးလေးလလောက်ရှိနေပါပြီ။ ကျွန်မတို့က‌တော့ SMEs တွေအတွက် အတိုးနှုန်းပိုမို သက်သာအောင်ဆိုပြီး ၈ ဒသမ ၅ ကျပ်တိုးနဲ့ချေးပေးတယ်။ ဒါပေမယ့် SMEs တွေရဲ့လက်ထဲကို ချေးငွေမရောက်နိုင်တဲ့အဓိက ပြဿနာကတော့ SMEs တွေက ဘဏ်ကနေ ငွေချေးယူရင် လိုအပ်မယ့် စာရွက်စာတမ်းပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေကို လုပ်ထားရကောင်းမှန်း မသိကြဘူး။ အရင်ကလည်း ဒီလို ငွေချေးပေးခဲ့တာ မရှိဘူးဆိုတော့လေ။ ခုချိန်မှာတော့ SMEs တွေအတွက် ကျွန်မတို့လည်း ဖြေလျှော့မှုတွေ အများကြီးလုပ်ထားပေးပါတယ်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း။
ဓာတ်ပုံ-ဒီဝိုင်း

SME လုပ်ငန်းများတဲ့ ရန်ကုန်ရယ်၊ ဧရာဝတီရယ်၊ မန္တလေးတိုင်းဒေသကြီး ရယ်ကိုတော့ တိုင်းဒေသကြီး တစ်ခုကို နှစ်ဘီလီယံချေးပေးဖို့ သတ်မှတ်ထားပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုတော့ တစ်ဘီလီယံစီ သတ်မှတ်ထားပါတယ်။ ချေးပေးတဲ့ နေရာမှာ စနစ်ပြောင်းသွားတာက အခုက ကျပ်သိန်း ငါးထောင်အထိ မချေးပေးပဲ ကျပ်သိန်း တစ်ထောင်ထိပဲ ချေးပေးတော့တယ်။ လူဦးရေနည်းနည်းပဲ ရတယ်ဆိုပြီး ပြောဆိုတာလေးတွေရှိလို့လေ။

## အားနည်းချက်က ဘာလဲဆိုတော့ စီးပွားရေးလုပ်ငန်းတွေကို လုပ်နေတဲ့ ရန်ကုန်ကနေလွဲလို့ ကျန်တဲ့. . . .

**မေး။ ။ ဒါဆိုရင် SME တစ်ခုက ဆရာမတို့ဆီကနေ ငွေကိုဘယ်လောက်အထိချေးယူနိုင်လဲ။ ငွေချေးဖို့အတွက် ဘာတွေလိုအပ်ပြီး ဘယ်လိုလျှောက်လွှာတင်ရတယ်ဆိုတာကို ရှင်းပြပေးပါ။**

ဖြေ။ ။ အရင် ငါးဘီလီယံ နှစ်ခါ ချေးပေးတုန်းကတော့ ငွေချေးယူလိုတဲ့ SMEs တွေက ကျွန်မတို့ရဲ့ SME Development ဌာနကို လာရတာပေါ့။ ဘဏ်မှာ သူတို့ အဆင်သင့်ဖြစ်အောင်လို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ကျွန်မတို့က စစ်ပေးတာပေါ့။ စာရွက်စာတမ်းဆိုတာ ဂရမ်ပါရမယ်၊ လုပ်ငန်းမှတ်ပုံတင်ပါရမယ်။ နောက် ဝင်ငွေထွက်ငွေ ဇယားတွေ ပါရမယ်ပေါ့။ အဲဒါကို ကြည့်ပြီးပြည့်စုံရင် ကျွန်မတို့က သူတို့ရဲ့ စက်ရုံကို သွားပြီး စစ်ဆေးတယ်။ တကယ်ကို လုပ်ငန်းက လည်ပတ်တယ်။ ဖွံ့ဖြိုးလာနိုင်တဲ့ အလားအလာရှိတယ်ဆိုရင်သူတို့လျှောက်လွှာတင်တုန်းက ဘာလုပ်ချင်လို့ချေးတာပါဆိုတဲ့ အကြောင်းပြချက်ကို ဖြည့်ခိုင်းထားတယ်။ စက်ဝယ်ချင်တာလား၊ ဒါမှမဟုတ် လုပ်ငန်းတိုးချဲ့ချင်တာလား၊ ဈေးကွက်ချဲ့ထွင်ချင်တာလား၊ အဲဒီ အခြေအနေတွေကို ကြည့်ပြီးတော့မှ ကျွန်မတို့က Credit Issue ကို ဘဏ်ကို ထုတ်ပေးလိုက်တာပေါ့။ အဲဒီအခါမှာ ဘဏ်ကနေပြီးတော့ သူတို့ပိုင်ဆိုင်တဲ့ မြေနဲ့ အဆောက်အအုံကို ကြည့်ပြီးတော့ ရာဖြတ်က တန်ဖိုးဖြတ်တယ်။ ပြီးတာနဲ့ ငွေချေးပေးတယ်ပေါ့။ ကျွန်မတို့ စပြီး ချေးပေးတာကလည်း ကျပ်ငွေ သိန်းတစ်ရာကနေပြီးတော့ သိန်းငါးထောင်အထိ ချေးပေးတယ်။ ချေးပေးတဲ့ ပမာဏကလည်း ၁၀ ဘီလီယံဆိုတော့ မနှစ်ကတော့ လုပ်ငန်းရှင် ၆၂ ဦးပဲ ကျွန်မတို့ ချေးပေးနိုင်ခဲ့တယ်။ လျှောက်လွှာက ကျွန်မတို့ ရန်ကုန်က SME ဌာနမှာ လာတင်ရတာပေါ့။ ၁၀ ယောက်လောက်ကို ချေးပေးအပြီးမှာတော့ ပွဲစားလိုလူတွေလာပြီး လျှောက်လွှာတွေကို ကျွန်မတို့ဆီမှာ အများကြီးလာယူတယ်။ ဒီအခါမှာ မလိုအပ်ဘဲ ပွဲစားစနစ်ကြီးဖြစ်လာမှာစိုးလို့ အမှန်တကယ်ငွေချေးယူချင်တဲ့ လုပ်ငန်းရှင် ကိုယ်တိုင် လာခိုင်းပါတယ်။ ဒါဟာ SMEs သမားတွေကို တမင်အကျပ်အတည်းဖြစ်အောင်၊ ငွေချေးယူဖို့ အဆင်မပြေဖြစ်အောင် လုပ်တာမဟုတ်ပါဘူး။ ပွဲစားဆိုတာကလည်းနေရာတိုင်းမှာ လုပ်ငန်းတစ်ခုလို ဖြစ်နေတယ်။ ဒီတော့ငွေချေးပေးတဲ့ လုပ်ငန်းမှာ ပွဲစားတွေပါလာရင် ကျွန်မတို့ လုပ်ငန်းကြီးဟာ နာမည်ပျက်မယ်။ ဒါကြောင့်မို့ ကျွန်မတို့က ငွေချေးမဲ့လူ ကိုယ်တိုင်လာတင်တဲ့ စနစ်ကို သုံးလိုက်တာပါ။

ချေးပေးတဲ့ အခါမှာတော့ ကျွန်မတို့ စက်မှုဝန်ကြီးဌာနအောက်က SMIDB ဘဏ်ကနေပဲ ငွေထုတ်လို့ရပါတယ်။ အဲဒါကလည်း အမှန်က ပုဂ္ဂလိကတွေကအပ်ထားတဲ့ ငွေပေါ့။ သူတို့က အတိုးနှုန်း ရှစ်ရာခိုင်နှုန်းပေးတယ်။ အပ်ထားတဲ့ သူတွေကို။ မြန်မာ့စီးပွားရေးဘဏ်ကပေါ့။ မြန်မာ့စီးပွားရေး ဘဏ်က ၈ ဒသမ ၂၅ ရာခိုင်နှုန်းနဲ့SMIDB ဘဏ်ကို ပေးပြီး သူတို့က ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ပြန်ချေးပေးတာပေါ့။ သုည ဒသမ ၂၅ ဆိုတာ လာရောက်ချေးယူတဲ့သူတွေကို ဝန်ဆောင်မှုပေးရတဲ့ ဝန်ထမ်းစရိတ်နဲ့ စာရွက်စာတမ်းစရိတ်ကိုတောင် မကာမိပါဘူး။ ဒါပေမယ့် SMEs တွေကို ပံ့ပိုးချင်တဲ့အတွက်ကြောင့် ဒီလို ဆောင်ရွက်ပေးတာပေါ့။ အခု ၂၀၁၄-၂၀၁၅ မှာတော့ ဘီလီယံ ၂၀ အထိချေးပေးမယ်။ဒါပေမယ့် လုပ်ငန်းရှင်တွေ လက်ထဲကို လေးဘီလီယံလောက်ပဲ ရောက်သေးတယ်။ ငွေချေးဖို့ လျှောက်ထားတဲ့သူကတော့ ၈၀၀ ကျော်ရှိတယ်။ ဒီအထဲမှာ လောလောဆယ် ၁၄၅ ယောက်က ငွေရပြီ။ ကျန်တဲ့ လူတွေက ငွေချေးဖို့ ဆောင်ရွက်ရမယ့် ကိစ္စအဆင့်ဆင့်ကို လုပ်နေတုန်းအဆင့်ပေါ့။ SMIDB ဘဏ်ကလည်း ရာဖြတ်နဲ့ စစ်ဆေးတုန်းပေါ့။ အဓိကကတော့ လုပ်ငန်းရှင်တွေဆီမှာက ဘာစာရွက်စာတမ်းမှ သိပ်မရှိတဲ့အတွက်ပေါ့။

**မေး။ ။ အမှန်တကယ်အလုပ်လုပ်နေတဲ့ SMEs တွေရှိမယ်။ ဒါပေမယ့်သူတို့တွေက လိုတဲ့ငွေကို ဘဏ်က ချေးဖို့ ကန့်သတ်ချက်တွေအများကြီးရှိနေမယ်။ အပေါင်ပစ္စည်း မပြနိုင်တာမျိုးဆို ဆရာမတို့က ချေးငွေရအောင် ဘယ်လိုလမ်းညွှန်ပေးပါသလဲ။**

ဖြေ။ ။ အရင်ကဆိုရင် ဂရန်ရှိမှရတယ်။ အခုဆိုရင် လ/န (၃၉) (အိမ်ယာမြေ၊ လူနေအိမ်) ရှိရင်ရပြီ။ အခွန်တွေကိုဆိုရင်လည်း အရင်က သုံးနှစ်ဆောင်ထားပြီးမှ ရတယ်။ အခုဆိုရင် အခွန်တစ်နှစ်ဆောင်ထားတာ ပြနိုင်ရင်ရပြီ။ ဒီလိုဖြေလျှော့ထားပေမယ့်လည်း SMEs တွေဘက်က လုပ်ငန်းမှတ်ပုံတင်ကိုတောင် မလုပ်ထားတဲ့ အဆင့်လေးတွေရှိတယ်။ ငွေချေးလို့ရပြီလို့ပြောလိုက်တဲ့ အချိန်ကျမှ မှတ်ပုံတင်တာ မလုပ်ရသေးလို့ မှတ်ပုံတင်ပြေးလုပ်ရတယ်။ နောက်ပြီးရင် Balance Sheet (လုပ်ငန်း ဝင်ငွေထွက်ငွေ ဇယား) ကို သူတို့မှာ ဆွဲထားတာမရှိဘူး။ နောက် နယ်တွေမှာကျတော့လည်း ဂရန်ပေးတဲ့ စနစ်က သိပ်ပြီး အကောင်အထည်မပေါ်သေးဘူး။ အုပ်ချုပ်ရေးမှူးတွေ၊ တိုင်းရုံးတို့၊ ခရိုင်ရုံး တို့ မြို့နယ်ရုံးက အုပ်ချုပ်ရေးမှူးတွေနဲ့ ညှိပြီး သူတို့ရဲ့ မြေတွေကို တရားဝင်ဖြစ်အောင် ငါးနှစ်ဂရန်လိုမျိုးကို လိုက်လုပ်ပေးနေရတယ်။ အဲဒါမျိုး ငွေချေးဖို့လိုအပ်တဲ့ အထောက်အထားတွေကို သူတို့ အနေနဲ့ လိုက်လုပ်နေရတော့ ကျွန်မတို့က ငွေချေးပေးပေမယ့် သူတို့မှာ အဆင်သင့်ဖြစ်မနေဘူး။ ဒါကြောင့် ငွေချေးပေးတဲ့ လုပ်ငန်းက လျင်မြန်မှုတော့ရှိမနေသေးဘူး။

**မေး။ ။ ငွေချေးချင်တဲ့ SMEs တွေကို ငွေချေးချင်တယ်ဆို ဘယ်လို အထောက်အထားမျိုးလိုအပ်ပါသလဲ။ လက်ရှိ မြန်မာနိုင်ငံက SMEs တွေအပေါ် ဆရာမရဲ့ အမြင်က။**

ဖြေ။ ။ မရွှေ့မပြောင်းနိုင်တဲ့ မြေ၊ အဆောက်အအုံရဲ့ ဂရန်ရှိဖို့ လိုအပ်တယ်။ ဒါမှ မဟုတ်ရင် လ/န ပြရမယ်။ ပြီးရင် မှတ်ပုံတင်ထားတာကို ပြရမယ်။ လုပ်ငန်းဆိုင်ရာ ဝင်ငွေထွက်ငွေ စာရင်းတွေကို ပြရမယ်။ တစ်နှစ်စာ လုပ်ငန်းအခွန်ဆောင်ထားတာ ပြရမယ်။ ပြီးရင် ပိုင်ဆိုင်တဲ့ စာရွက်စာတမ်းတွေပေါ့။ မှတ်ပုံတင်တို့၊ လုပ်ငန်းဆိုင်ရာ အထောက်အထားတို့။ မြေပိုင်ဆိုင်မှုတွေပေါ့။နယ်တွေမှာဆိုရင်။ ဂရန်မရှိဘူး။ တချို့ကလည်း လုပ်ငန်းမှတ်ပုံမတင်ရသေးဘူး။ ဝင်ငွေထွက်ငွေစာရင်း မရှိဘူး။ အခွန်မဆောင်ရသေးဘူး။ ချေးငွေလိုအပ်တော့မှ ဟိုပြေးရ ဒီပြေးရဖြစ်ကုန်ရော။တကယ်တော့ နိုင်ငံတကာကို ကုန်ပစ္စည်းတွေ တင်သွင်းမယ်၊ ပြည်တွင်းကို တင်ပို့မယ်ဆိုရင်ဒါတွေကအနည်းဆုံးရှိရမယ်။

ဒါပေမယ့် ကျွန်မတို့ရဲ့ SMEs တွေက မိရိုးဖလာ စီးပွားရေးလုပ်ငန်းပုံစံတွေ ဖြစ်နေတယ်။ စီးပွားရေးအရ လုပ်နေတဲ့စနစ်တွေကလည်း နိုင်ငံတကာအဆင့်မရှိဘူး။ လုပ်ငန်းရှင်ကလည်းကြိုးစားရမယ်။ ခန့်ထားတဲ့ ဝန်ထမ်းတွေကလည်း ကျွမ်းကျင်မှုမရှိဘူး။ ဥပမာ-လက်ဖက်ရည်ဆိုင်မှာဆိုရင်တောင် ခေါ်နေပေမယ့် မကြားချင်ယောင်ဆောင်နေတာမျိုးတွေရှိတယ်။ အလုပ်ချိန်မှာ အချင်းချင်းစကားပြောနေတာတွေ ရှိတယ်။ အဝတ်အစားက အစပေါ့။ သပ်သပ်ရပ်ရပ်နဲ့ ဘယ်လို ဝန်ဆောင်မှုကို ဘယ်လိုစနစ် ပေးရမလဲဆိုတာကို မလေ့ကျင့်ထားဘူး။ ပန်းကန်တွေကို ပေးချင်သလိုပေးတယ်။ စားပွဲပေါ်ကို ချချင်သလိုချတယ်။ ဝန်ဆောင်မှု လုပ်ငန်းလေးတွေကအစပေါ့။

**မေး။ ။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) သာ ဝင်လာခဲ့ရင် မြန်မာ့ SMEs တွေ ဘယ်လို ဖြစ်သွားနိုင်မလဲ။**

ဖြေ။ ။ AEC ဝင်လာရင်လည်း ကိုယ့်နိုင်ငံက ကုန်ပစ္စည်းကို အခြေခံပြီး လုပ်တဲ့ ထုတ်ကုန်တွေမှာ အားသာချက်ရှိတယ်။ ကိုယ့်ပြည်တွင်း ဈေးကွက်အတွက်ပေါ့။ ဘယ်လိုပဲ လွတ်လပ်စွာ ကုန်သွယ်ခွင့်ဖြစ်ပါစေ၊ သူတို့က သယ်လာရတဲ့အတွက် သယ်ယူစရိတ်ကတော့ ရှိနေမှာပဲ။ အဲဒီအတွက် နည်းပညာတကယ် တတ်ပြီး ယှဉ်ပြိုင်နိုင်တဲ့ ထုတ်ကုန် တကယ်လုပ်နိုင်ရင် ကိုယ်က တက်လာမှာပဲ။ ယှဉ်ပြိုင်နိုင်မှာပဲ။ ဒီလိုဆို သူကသယ်ယူစရိတ် အကုန်ကျခံပြီး ဘယ်သူမှ ပြည်တွင်းမှာ လာလုပ်မှာ မဟုတ်ဘူး။ အဲတော့ ကိုယ့်ရဲ့ SMEs တွေက ကြိုးစားဖို့ပဲ လိုတယ်။ ဒီလို ထုတ်ကုန်တွေ ထုတ်လုပ်နိုင်မယ်ဆိုရင် ယှဉ်ပြိုင်နိုင်မှာပဲ။ သူများနိုင်ငံက ကိုယ့်ဒေသလောက် သယံဇာတ မများဘူး။ ကျွန်မ ချင်းပြည်ကို သွားတယ်။ လူတွေက စိုက်ကို မစိုက်ဘဲ အလေ့ကျပေါက်တာကို ခူးဆွတ်ပြီး ဈေးကြီးကြီးနဲ့ တစ်နေ့စာစရိတ်ဖူလုံအောင် ရှာဖွေကြတယ်။ သူ့ရာသီဥတုကောင်းတာနဲ့ပဲ နေတယ်။ တကယ်တော့ ကျွန်မတို့ဆီမှာ သယံဇာတ အများကြီးရှိတယ်။ နည်းပညာတွေ သိမယ်။ ခေတ်မီ စက်တွေ သုံးမယ်။ လူတွေကလည်း စွမ်းရည်မြင့်လာရင် ကိုယ့်မြေဆိုတာ သူတို့လာယူလို့ မရဘူး။ ကိုယ်ပိုင်တယ်။ ဒ့ါအပြင် နိုင်ငံတကာမှာ အစားအသောက်နဲ့ ပတ်သက်တဲ့ ပြဿနာတွေ ဖြစ်လာတယ်။ အော်ဂဲနစ် သီးနှံရှားပါးလာတယ်။ အဲဒါတွေက ကျွန်မတို့အတွက် အခွင့်အလမ်းပဲ။ ဒါကြောင့် ကိုယ့်မြေကိုယ်ပိုင်နေရင် ရေရှည်မှာ ကြောက်စရာ မရှိပါဘူး။

(ကျေးဇူးတင်ပါတယ်။)

မြန်မာနိုင်ငံ၏အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများအနက် ၆၃ ရာခိုင်နှုန်းသည် စားသောက်ကုန်လုပ်ငန်းဖြစ်ပြီး ဆောက်လုပ်ရေး၊ အထည်ချုပ်၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများသည် အစဉ်လိုက် ရပ်တည်လျက်ရှိနေသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာမြို့ပြများ၊ ကျေးရွာများ၊ ရပ်ကွက်များ၊ လယ်ယာလုပ်ငန်းခွင်များ စသည့် တစ်နိုင်ငံလုံး၏ နေရာအနှံ့အပြားတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေကြေးအရင်းအနှီးများ၊ အဆင့်မြင့် နည်းပညာများနှင့် အရည်အသွေးမြင့်မားသော ကျွမ်းကျင်လုပ်သားများ အထူးလိုအပ်လျက်ရှိနေသည်။ မကြာမီ ကာလများအတွင်း အကောင်အထည်ပေါ်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းကြောင့် မြန်မာနိုင်ငံမှ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းများအား နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရန်အတွက် အဆင့်မြင့်တင်မှုများ လုပ်ရန် လိုအပ်နေပြီဖြစ်သည်။

**တွေ့ဆုံမေးမြန်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် “လူလေးသို့ ပေးစာများ”မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

# လူလေးသို့ပေးစာများ - ၅

မြ သန်း တင့်



ဘာ့သ်၊ ၁၇၄၆ ခုနှစ်၊ ၄ အောက်တိုဘာ။

**လူလေး**

မင်းဆီကို ဖေဖေ အချိန်ယူပြီး စာတွေတစ်စောင်ပြီး တစ်စောင်ရေးနေပေမယ့် ဖေဖေရည်ရွယ်တဲ့အတိုင်း အကျိုးမှ ရှိပါ့မလားလို့ မကြာခဏသံသယ ဖြစ်မိတယ်။ ယေဘုယျအားဖြင့် ပြောရရင် လူဆိုတာ အကြံဉာဏ်ပေးတာတို့ ဘာတို့ကို လက်မခံချင်ကြဘူး မဟုတ်လား။ အများဆုံး အကြံဉာဏ်ပေးတာကို အနည်းဆုံး လိုက်နာတတ်ကြတာဆိုတာ ဖေဖေ သိပါတယ်။ ပြီးတော့ မိဘရဲ့ အကြံဉာဏ်ဟာလည်း အများအားဖြင့်ဆူပူကြိမ်းမောင်းတာမျိုး၊ အမိန့်ပေးတာမျိုး၊ ဗျစ်တောက်ဗျစ်တောက် ပြောတာမျိုးတွေဖြစ်နေတယ်။ ဒါပေမယ့် မင်းကတော့ ကိုယ်ပိုင်မစဉ်းစားတတ်သေးသည့်တိုင် ဒီလိုအကြံပေးတာမျိုးကို ကြားရရင် ဆင်ခြင်တတ်၊ လက်ခံတတ်တဲ့ အသိဉာဏ်မျိုးရှိတယ်လို့ ဖေဖေယူဆတဲ့အတွက် ဒီအကြံဉာဏ်တွေကို ပေးနေခြင်းဖြစ်တယ်။ ခုလို အကြံဉာဏ်ပေးတာဟာ မင်းကောင်းစေလိုတဲ့ ဆန္ဒအပြင် တခြားဘာဆန္ဒမှမရှိဘူးဆိုတာ မင်းသဘောပေါက်လိမ့်မယ်လို့လည်း ဖေဖေ ယုံကြည်တယ်။ ဖေဖေပေးတဲ့ အကြံဉာဏ်တွေကို မင်းလက်မခံနိုင်ဘူးထား။ အနည်းဆုံး စဉ်းစားဆင်ခြင်စရာ ဖြစ်လိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီလို စဉ်းစား ဆင်ခြင်လာနိုင်ရင် အကျိုးထူးမှာ သေချာတယ်။ ဒီလိုပြောတဲ့အတွက် ဖေဖေဟာ မိဘတစ်ယောက်အနေနဲ့ မင်းကို အမိန့်တွေ ပေးနေတယ်လို့ မထင်လိုက်ပါနဲ့။ မင်းကို ဖေဖေခုပြောတဲ့စကားတွေဟာ မိတ်ဆွေတစ်ယောက်၊ အလိုလိုက်တတ်တဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ပြောနေတာ ဖြစ်တယ်။ တစ်ခါ ဒီလို အကြံဉာဏ်တွေ ပေးနေတာကိုလည်း မင်းတို့ လူငယ်ဘာဝ ပျော်ရွှင်မှုတွေကို ဟန့်တားနှောင့်ယှက်နေတယ်၊ ပိတ်ပင်နေတယ်လို့ မထင်စေချင်ဘူး။ တကယ်တော့ မင်းနဲ့ ပတ်သက်လာရင် ဖေဖေဟာ စိစစ်ကြပ်မတ်သူတစ်ယောက်မဟုတ်ဘဲ လမ်းညွှန်သူတစ်ယောက်ပဲဖြစ်ချင်တယ်။ ဖေဖေငယ်ငယ်တုန်းက ဘဝလမ်းတစ်လျှောက်မှာ တွေ့ခဲ့ရတဲ့ ဆူးညှောင့်၊ ခလုတ်မျိုးတွေကို ရှောင်ရှားနိုင်ပြီး မင်းဘဝချောမောဖြောင့်ဖြူးစေချင်လို့ ဖေဖေရဲ့ အတွေ့အကြုံတွေကို ပြောပြနေခြင်းဖြစ်တယ်။ ဒီလို ပြောတဲ့အတွက် မင်းဟာ ဖေဖေ့အပေါ်မှာ လုံးဝမှီခိုအားထားနေရတဲ့ အဖြစ်မျိုးကိုလည်း မရောက်စေချင်ဘူး။ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် ဖေဖေ့ကိုသာ အားကိုးနေရတယ်၊ ဖေဖေကလွဲရင် တခြားဘယ်သူမှ အားကိုးစရာ မရှိဘူးဆိုတဲ့ သဘောမျိုးကိုလည်း မရောက်စေချင်ဘူး။ ဖေဖေဟာ မင်းနဲ့ ပတ်သက်လာရင် မိန်းမတွေလို ငဲ့ညှာတာမျိုးတွေ မရှိတဲ့အတွက် ဖေဖေရဲ့ အထောက်အပံ့၊ ဖေဖေရဲ့ ကူညီမှုကို ရရေးမရရေးဟာ မင်းဘယ်လောက်ကောင်းအောင် နေနိုင်သလဲ မနေနိုင်သလဲဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်။ မင်းဟာသည့်ထက်ပိုပြီး ကောင်းမွန်အောင်၊ မှန်ကန်အောင်နေပါဆိုတဲ့ စကားတွေကို ပြောနေတာ မဟုတ်ဘူးဆိုတာလည်း သဘောပေါက်စေချင်တယ်။ မင်းကို ဒီစကားတွေပြောနေတာဟာ ဖေဖေအပေါ်မှာ ကျေးဇူးဆပ်တဲ့အနေနဲ့ဖေဖေ့ကို လေးစားချစ်ခင်တဲ့ အနေနဲ့ မှန်ကန်တဲ့အနေနဲ့ လုပ်တာမျိုးပဲဖြစ်စေချင်တယ်။ ကတိလေးပါးအနက် တစ်ခုခုကြောင့် လုပ်တာမျိုး မဖြစ်စေချင်ဘူး။

ပညာကို လေ့လာလိုက်စားရာမှာ အာရုံစိုက်ဖို့၊ လက်တွေ့ကျင့်ကြံဖို့ မင်းကို ဖေဖေ မကြာခဏ ပြောခဲ့ဖူးတယ်။ ဒါတွေကို တာဝန်ဝတ္တရားတစ်ရပ်အနေနဲ့ လိုက်နာရမယ်လို့ ဖေဖေ မပြောခဲ့ဘူး။ ဒါပေမယ့် ပျော်ရွှင်မှုကိုလိုချင်ရင် ဒါတွေဟာ အထောက်အကူဖြစ်ရုံမက လိုလည်း လိုအပ်တယ်ဆိုတာကိုတော့ ဖေဖေပြောခဲ့တယ်။ မိမိရဲ့ ရွယ်တူတန်းတူတွေ မိမိရဲ့ အပေါင်းအသင်းတွေကြားထဲမှာတော်တယ်လို့ ချီးမွမ်းခံရတာမျိုးထက် ကောင်းတဲ့ ပျော်ရွှင်မှုမျိုးရယ်လို့ လောကမှာ ရှိနိုင်သေးလို့လား။ သူများထက် အောက်ကျနောက်ကျဖြစ်ရတာထက် ကြောက်စရာကောင်းတဲ့ အဖြစ်မျိုးလည်း လောကမှာ ရှိနိုင်သေးလို့လား။ တကယ်လို့သာ သူများထက် အောက်ကျနောက်ကျ ဖြစ်ခဲ့ရင် မင်းဟာ တခြားသူတွေထက်တောင် အဆများစွာ ရှက်စရာကောင်းနေလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ မင်းပညာရေးနဲ့ ပတ်သက်လို့ ဖေဖေဘယ်လောက်ဂရုစိုက်တယ်၊ မင်းရွယ်တူတွေနဲ့စာရင် မင်းမှာ အခွင့်အရေးတွေ ဘယ်လောက်ရခဲ့တယ်ဆိုတာကို အားလုံးသိနေကြတယ် မဟုတ်လား။ ဖေဖေ ဒီစကားတွေကို ပြောနေရတာဟာ သူများထက်သာရုံ၊ သူများထက်ကြိုးစားရုံလောက်အတွက်ပြောနေတာ မဟုတ်ဘူး။ (အမှန်ကတော့ သူများထက် နည်းမှန်လမ်းမှန်သာတယ်ဆိုတာဟာ ပျော်စရာကောင်းပြီး ဂုဏ်ယူထိုက်တဲ့ ကိစ္စပါပဲ။) ဖေဖေပြောနေတာဟာ သူများထက်သာတာ မသာတာအပထား၊ တော်ကို တော်စေချင်လွန်းလို့ ပြောနေတာ။ ဖေဖေ့အဖို့တော့ကိစ္စတစ်ခုကို မပြည့်မစုံ၊ တစ်ပိုင်းတစ်စ သိတာထက် လုံးလုံးမသိတာက ပိုတောင် ကောင်းတယ်လို့ ထင်တယ်။ အရာကိစ္စတစ်ခုအကြောင်းကို မတောက်တခေါက် သိတာမျိုးဟာ ကျေနပ်စရာလည်း မကောင်းဘူး။ ဂုဏ်လည်း မတက်ဘူး။ အရှက်ရစရာ၊ လူအထင်သေးစရာတောင် ကောင်းသေးတယ်။

ကဗျာစာဆိုကြီး ပတ်က ပညာသုတ၊ တစ်ပိုင်းတစ်စလျှင်၊ အကျိုးမများ၊ အန္တရာယ်များ၏လို့ ရေးခဲ့ဖူးတယ်။

ဒီစကားဟာ သွေးထွက်အောင်မှန်တဲ့ စကားလို့ ဖေဖေထင်တယ်။ ဘာတစ်ခုကိုမှ မယ်မယ်ရရ မသိဘဲ ဟိုစပ်စပ် ဒီစပ်စပ် သိတာမျိုးဟာ လူကြွားလူဝါတွေရဲ့ စရိုက်ပဲ။ ဖေဖေဟာ ငယ်ငယ်တုန်းက ပညာဗဟုသုတရဲ့ အရသာကို မသိခဲ့ရင်၊ မစုဆောင်းခဲ့မိရင် ခုလောက်ဆိုရင် တော်တော် စိတ်ဆင်းရဲရတဲ့ လူတစ်ယောက်ဖြစ်နေမှာပဲလို့ မကြာခဏ စဉ်းစားမိတယ်။ ပညာဗဟုသုတသာ မရှိခဲ့ရင် ဒီအရွယ်ကျမှ ဖေဖေဘာတတ်နိုင်တော့မှာလဲ။ အခြားသော ပညာမဲ့သူများလို ညနေမှာ သောက်စားမူးယစ်ပြီး ကျန်းမာရေးနဲ့ ကိုယ်စွမ်းအားတွေကို ဖျက်ဆီးတဲ့လူတစ်ယောက်ပဲ ဖြစ်နေတော့မှာပဲ။ ဒါမှ မဟုတ်ရင်လည်း မိန်မရှုပ်ပွေပြီး လေလွင့်ပျက်စီးနေတော့မှာပဲ။ အဲဒီလိုဆိုရင် ဖေဖေဟာ အဲဒီမိန်းမတွေရဲ့ လှောင်ပြောင်အထင်သေးတာကို ခံနေရတော့မှာပဲ။ ဒါမှမဟုတ်သေးရင်လည်း နေ့စဉ်နေ့တိုင်း ဖဲနပ်ကြိုးတပ်ရတာ၊ ခြေအိတ်စွပ်ရတာနဲ့ အချိန်ကုန်နေတာကို ငြီးငွေ့ပြီး တစ်ခါက လူတစ်ယောက်ဖြစ်ဖူးသလို ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေသွားမိမှာပဲ။ စာအုပ်တွေ၊ ဖေဖေ့ စာအုပ်တွေကြောင့်သာ ဖေဖေဟာ ခုဒီအခြေကို ရောက်နေခြင်းဖြစ်တယ်။ ပညာနဲ့ပတ်သက်လို့ ပညာရှိ ဆီဇာရိုပြောတဲ့ စကားတွေဟာ တယ်မှန်ပါကလားဆိုတာ ဖေဖေနေ့တိုင်းတွေ့နေရတယ်။ ဆီဇာရိုက **“ပညာကို ရှာမှီးရာ၏။ ဥစ္စာကို သိုမှီးရာ၏။ စကားကို ချွေတာရာ၏။ အကြံဉာဏ်ကို ဖြန့်ဖြူးရာ၏”**လို့ ဆိုခဲ့ဖူးတယ်။

စကားကို ချွေတာရာ၏လို့ ဆိုလိုက်တဲ့အတွက် အသက်ကြီးတဲ့ သူများမှာ စကားအပြောအဆို မရှိရဘူး၊ စကားပြောရတာဟာ အချည်းနှီးသော အရာဖြစ်တယ်လို့ ပြောတာ မဟုတ်ဘူး။ ဘယ်အသက်၊ ဘယ်အရွယ်မှာ ဖြစ်ဖြစ် မိတ်ဆွေများနဲ့ စကားစမြည်ပြောဆိုခြင်းဟာ အလွန်ကောင်းတဲ့ပျော်ရွှင်မှုတစ်ခုဖြစ်တယ်။ ဒါပေမယ့် ပညာမဲ့သူတို့ရဲ့ စကားစမြည် ပြောဆိုမှုကတော့ စကားလို့ မခေါ်သင့်ဘူး။ သူတို့မှာ စကားပြောလို့လည်း ပျော်ရွှင်မှုကို မရနိုင်ဘူး။ သူတို့မှာ ပြောစရာစကား မရှိတဲ့အတွက် စကားဝိုင်းတစ်ဝိုင်းလည်းဖွဲ့နိုင်တဲ့ အရည်အချင်း မရှိဘူး။

ဒါကြောင့်မို့ မင်းဟာ အချိန်ရှိတုန်းမှာ ပညာဗဟုသုတကို အတတ်နိုင်ဆုံး ရှာဖွေစုဆောင်းပါလို့ ဖေဖေ အလေးအနက် တိုက်တွန်းချင်တယ်။ ငယ်ငယ်ရွယ်ရွယ် ပေါ့ပေါ့လွင်လွင်နေတုန်းမှာတော့ အဲဒီစုဆောင်းထားတဲ့ ပညာဗဟုသုတတွေကို သုံးဖို့ အခွင့်အရေး ကြုံချင်မှ ကြုံလိမ့်မယ်။ ဒါပေမယ့် တစ်နေ့နေ့မှာတော့ အဲဒီပညာကို သုံးဖို့ အချိန်တစ်ချိန် ရောက်လာမှာပါ အများပြည်သူသုံးတဲ့ ကျီကျတိုက်တာများဟာ နှစ်ပေါင်းများစွာ သိုမှီးစုဆောင်းလာခဲ့ကြရတာ ဖြစ်တယ်။ ရှေ့နှစ်၊ ဒုတိယနှစ်၊ တတိယနှစ်မှာ ဆန်ရေစပါးရှားပါးလိမ့်မယ်ဆိုတာ သိလို့ မဟုတ်ဘူး။ ဒါပေမယ့်တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆန်ရေစပါးရှားပါးတဲ့ အချိန်ရှိလာလိမ့်မယ်။ အဲဒီလို ရှိလာရင် ဆန်ရေစပါးတွေလိုလာလိမ့်မယ်ဆိုတာ သိလို့ ဒီလို သိုမှီးစုဆောင်းထားခဲ့ခြင်းဖြစ်တယ်။

ဒီအကြောင်းကတော့ ဒီမျှလောက်ပဲ ဖေဖေရေးလိုက်တယ်။ မင်းကို ဒီလို စုဆောင်းသိုမှီးနိုင်ဖို့ မင်းအနားမှာ မင်းဆရာ မစ္စတာဟာတီရှိနေပြီပဲ။ တစ်ခုတော့ ပြောလိုက်ရဦးမယ်။ ပညာဗဟုသုတကိုရှာမှီးဖို့ ဖေဖေပြောတဲ့ နေရာမှာ စာအုပ်ထဲက ပညာကိုသာရှာဖို့၊ အဲဒီပညာသာလျှင် အသုံးကျတယ်၊ ရွှင်လန်းဖွယ်ကောင်းတယ်လို့ ပြောတာမဟုတ်ဘူး။ လောကြီးထဲကလည်း သင်ယူလေ့လာရမယ်လို့ပြောတာ။ လောကကြီးထဲကရတဲ့ ဗဟုသုတဟာ စာအုပ်တွေထဲကရတဲ့ ပညာဗဟုသုတတွေထက်တောင် လိုအပ်သေးတယ်။ အမှန်ပြောရရင်တော့ လောကကြီးထဲကရတဲ့ပညာနဲ့ စာအုပ်ထဲကရတဲ့ ပညာဟာ တစ်ခုကိုတစ်ခု အပြန်အလှန် ကူညီထောက်ပံ့နေကြတယ်။ ဒီနှစ်ခုစလုံးကို မပြည့်စုံရင် တစ်ခုကိုလည်း ပြည့်စုံမှာ မဟုတ်ဘူး။ လောကကြီးရဲ့ ပညာဗဟုသုတကို လောကကြီးထဲကပဲရနိုင်တယ်။ အခန်းကလေးထဲက မရနိုင်ဘူး။ အရာရာကို စာအုပ်တွေကချည်း သင်ကြားမပေးနိုင်ဘူး။ စာအုပ်တွေက ကိုယ်သတိမပြုမိတဲ့ အရာတွေကို သတိမူမိလာအောင်တော့ လုပ်ပေးနိုင်တယ်။ အရေးကြီးကတော့ လောကကြီးထဲက အချင်းအရာတွေကို ကိုယ်ကိုယ်တိုင် သတိထားမိအောင်၊ သိအောင်လုပ်ဖို့လိုတယ်။

စာအုပ်တွေထဲက အကြောင်းတွေကို သိဖို့ထက် လောကကြီးအကြောင်းကို သိဖို့ကပိုခက်တယ်။ ပိုပြီး အမြင်သန်ဖို့လိုတယ်။ ပိုပြီးထက်မြက်မှုရှိဖို့လိုတယ်။ ခုအချိန်မှာဖေဖေဟာ အသက်တော်တော်ကြီးတဲ့ ပုဂ္ဂိုလ်တော်တော်များများကို တွေ့နေရတယ်။ သူတို့ဟာ လောကထဲကို ဖြတ်သန်းခဲ့ကြပြီးပြီ။ ဒါပေမယ့် ငယ်ငယ်က ပေ့ါပေ့ါလျော့လျော့နေခဲ့ကြတဲ့အတွက် ခုဆိုရင် လောကကြီးအကြောင်းကို သိရာမှာ အသက်ဆယ့်ငါးနှစ် သားလောက်က သိတာထက်ဘာမှ မပိုတော့ဘူး။ ဒါကြောင့်မို့ လောကကြီးအကြောင်းကို သိဖို့ဆိုတာ လွယ်ပါတယ်။ အပေါင်းအသင်းတွေနဲ့ ဟေးလားဝါးလား ပြောဆိုနေထိုင်ရင် ပြီးတာပဲလို့ လွယ်လွယ်မတွေးလိုက်ပါနဲ့။ ဒီထက် လေးလေးနက်နက်လေ့လာပါ။ မင်းဟာ လူတွေကို ကြည့်ရာမှာ အပေါ်ယံကိုလည်း ကြည့်ရမယ်။အတွင်းကိုလည်း ကြည့်တတ်ရမယ်။ ဘယ်သူပဲဖြစ်ဖြစ် လူရယ်လို့ ဖြစ်လာကြရင် သူတို့အားလုံးမှာတစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ အာသာဆန္ဒတွေအားလုံးရှိတတ်ကြတယ်။ ဒါပေမယ့် လူတိုင်းမှာလိုလို အဓိကကျတဲ့ အာသာဆန္ဒတစ်ခုတော့ ရှိတတ်ကြတယ်။ အခြားသော အာသာဆန္ဒများဟာ အဲဒီ အာသာဆန္ဒရဲ့ လက်အောက်ခံတွေသာဖြစ်တယ်။ ဒီတော့ လူတွေကို ပေါင်းသင်းတဲ့ နေရာမှာ သူရဲ့ အဓိကကျတဲ့ အာသာဆန္ဒကို ရှာကြည့်ပါ။သူ့စိတ်တွင်းသန္တာန်ကို ဖောက်ထွင်းကြည့်နိုင်အောင် ကြိုးစားပါ။ တခြားသူတွေမှာ ဘယ်အာသာဆန္ဒဟာအဓိကကျသလဲဆိုတာကို လေ့လာပါ။အဲလူတစ်ယောက်မှာ ကြီးစိုးနေတဲ့ အဓိက အာသာဆန္ဒကို တွေ့ပြီဆိုရင်ဒီအာသာဆန္ဒနဲ့ ပတ်သက်လာတဲ့ ကိစ္စတွေမှာ အဲဒီလူကို ဘယ်တော့မှ မယုံပါလေနဲ့။ အဲဒီ အာသာဆန္ဒကို ကြည့်ပြီးသူ့ကို ဆုံးဖြတ်ပါ။ သူက ဘယ်လိုကတိတွေပေးပေးအဲဒီ အာသာဆန္ဒနဲ့ သူ့ကို တိုင်းထွာဆုံးဖြတ်ပြီး သတိဝီရိယနဲ့နေပါ။

ဒီစာကို နှစ်ခေါက်လောက်ဖတ်စေချင်သည့်တိုင် တစ်ခေါက်တောင် ပြီးအောင်ဖတ်ပါ့မလားလို့ ဖေဖေ သံသယရှိတယ်။ ကဲ မင်းကို ဖေဖေသိပ်ပြီး မနှောင့်ယှက်လိုတော့ပါဘူး။ နောက်များမှပဲ ဒီအကြောင်းကိုရေးတော့မယ်။

**အာဒီးယူး။**

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# စာတည်းထံပေးစာ

## ရပ်ကွက်အတွင်း ဝပ်ရှော့ ထုရိုက်သံများဆူညံ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၈) နယ်မြေ သရောင်းချောင်းလမ်းမကြီး ရှမ်းစုရပ်ကွက် သံတွဲရိပ်သာ ကျောင်းရှေ့ရှိ ဝပ်ရှော့အိမ်တစ်အိမ်တွင် မော်တော်ယာဉ်များအား ဆူညံစွာ ထုရိုက်ခြင်း၊ ကျောက်စက်များတိုက်ခြင်း၊ တွင်တိုက်ခြင်း၊ ဂဟေဆော်ခြင်းကြောင့် မီးလိုင်းများ ရုတ်တရက်ဗို့အားကျခြင်း၊ ပတ်ဝန်းကျင်ရှိ နေအိမ်များ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ကျန်းမာရေးထိခိုက်မှုများရှိခြင်းနှင့် ဆူညံပူလောင်မှုများရှိခြင်းတို့ကြောင့် သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ပုသိမ်သား**

## မီးဘေးအန္တရာယ်စိုးရိမ်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၂/တောင် ရပ်ကွက် မာန်မြေ(၂)လမ်းရှိ နေအိမ်တစ်အိမ်တွင် အချိန်အကန့်အသတ်မရှိ၊ နေ့စဉ် ပိတ်ရက်မရှိဘဲ ဖိနပ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ လုပ်ငန်းအတွက် ဓာတ်ဆီများကို သိုလှောင်ထားခြင်းနှင့် အသုံးပြုနေခြင်းများကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ်စိုးရိမ်ရပြီး သားရေမှ ထွက်သောအနံ့ဆိုးများကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးဘေးအန္တရာယ်စိုးရိမ်သူ**

## ကားဘော်ဒီလုပ်ငန်း ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့ အမှတ်(၅/၁) ရပ်ကွက် သီရိမင်္ဂလာပတ်လမ်းရှိ နေအိမ်တွင် တရုတ်နီမီးစက်ကြီးများကိုအသုံးပြု၍ ကားဘော်ဒီလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ယင်းမီးစက်မှထွက်လာသော မီးခိုးငွေ့နှင့် ဆူညံသံများကို ပတ်ဝန်းကျင်ရှိနေသူများမှာ နေ့စဉ် ရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်နေပါသဖြင့် ထိုလုပ်ငန်းအား လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်နေ လမ်းသူလမ်းသားများ)**

## မီးစက်သံဆူညံ၊ လျှပ်စစ်ကြိုးများအန္တရာယ်

ပဲခူးမြို့ကျွန်းသာယာရပ်ကွက် နယ်မြေ ၁၄ နီလာလမ်းရှိ အိမ်တစ်အိမ်တွင် နေ့စဉ် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ တရုတ်နီမီးစက်ကြီးဖြင့်ပုဂ္ဂလိကမီးပေးသည့် စီးပွားရေး လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ မီးစက်သံ ဆူညံမှုများနှင့် သွယ်တန်းထားသော မီးကြိုးများက သစ်ပင်များတွင် ကြုံသလို ချိတ်ဆွဲထားမှုများကြောင့် လမ်းသွားလမ်းလာများ၊ ကျောင်းသားကျောင်းသူများအတွက် အနှောင့်အယှက်ဖြစ်နေပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## သံဖုန်မှုန့်များနေ့စဉ်ရှူရှိုက်နေရ

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် အမှတ် (၉)ရပ်ကွက် မဟာမြိုင်လမ်းမကြီးပေါ်တွင်သံတင်ကားများ နေ့စဉ် သွားလာမှုကြောင့် သံသယ်ကားများမှ လွင့်စဉ်လာသော သံဖုန်မှုန့်များကိုရပ်ကွက်နေပြည်သူများနေ့စဉ်နှင့်အမျှ ရှူရှိုက်နေရပြီး အထူးသဖြင့် မွေးကင်းစကလေးငယ်များ၊ ကျောင်းနေအရွယ် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများမှ ချောင်းဆိုးရင်ကျပ်အဆုတ်နှင့် ပတ်သက်သော ရောဂါများဖြစ်ပွားလာသည့်အပြင် လမ်းများပျက်စီးပြီး ကားများအပြိုင် အရှိန်ပြင်းစွာ မောင်းနှင်လျက်ရှိရာ ဈေးသွားဈေးပြန်များနှင့် ကျောင်းသွားကျောင်းပြန် ကလေးများအတွက် အသက်အန္တရာယ်စိုးရိမ်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

## ပလပ်မြေပေါ်တွင် အဆောက်အအုံကျူးကျော်ဆောက်လုပ်နေ

ရွှေပြည်သာမြို့နယ် (၅/၇)ရပ်ကွက်အနီး သီရိမင်္ဂလာပတ်လမ်းဘေးရှိ ပလပ်မြေပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်လျက်ရှိရာ သံချောင်းများကို လျှပ်စစ်မီးဖြင့် သံဂဟေဆက်ခြင်းကြောင့် ဓာတ်အား မတည်ငြိမ်၍ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပျက်စီးခြင်းနှင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်သားတစ်ဦး)**

# စေတုတ္တရာမြို့နယ်တွင် ပြောင်းရွှေ့ကျေးရွာများ သောက်ရေရှားပါးနေ

**မင်းဘူး မတ် ၁၀**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဆည်ရေမြုပ်ပြောင်းရွှေ့ခံရသော ကျေးရွာများတွင် သောက်သုံးရေ၊ သုံးရေနှင့် စိုက်ပျိုးရေများ မရှိခြင်းကြောင့် ပြောင်းရွှေ့ခံကျေးရွာများရှိ ဒေသခံများမှာ ရေပြဿနာနှင့် ကြုံတွေ့နေရကြောင်း ၎င်းတို့ကပြောသည်။

စေတုတ္တရာမြို့နယ် ကြီးအုံကြီး၀ဆည် တည်ဆောက်စဉ်က မဏ္ဍပ်ကိုင်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ကြီး၀ကျေးရွာအုပ်စု၊ တယ်စားကျေးရွာအုပ်စု၊ သံဆယ်ကျေးရွာအုပ်စု၊ မုံညင်းကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာမှ ၁၇ ရွာ ရေမြုပ်ဧရိယာသတ်မှတ်၍ ပြောင်းရွှေ့နေရာပေးခဲ့သည်။

အဆိုပါ စေတုတ္တရာမြို့နယ် ဆည်ရေမြုပ်ပြောင်းရွှေ့ခံရသော ကျေးရွာများမှ တစ်အိမ်ထောင်လျှင် မြေသုံးဧကပေးပြီး ရရှိသည့် မြေများမှာ စိုက်ပျိုး၍မရနိုင်သော မြေများ၊ သစ်တောကြိုးဝိုင်းထဲမှ မြေများဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

"ပုံစံ(၇)ထုတ်မပေးဘူး။ ချောင်းနားကပ်နေတဲ့ ကိုင်းမြေတွေကို ပုံစံ(၇)ထုတ်ပေးတယ်။ အိမ်ခြေ ၁၂၃ အိမ်ရှိတဲ့အနက်က ကျောက်ပုံရွာက ၃၇ ဦးသာ ပုံစံ(၇) ထုတ်ပေးတယ်။ ကုမ္ပဏီတွေ၀င်လာရင် ပုံစံ(၇)မရှိတဲ့သူတွေ ဆုံးရှုံးရဦးမယ်"ဟု ကျောက်ပုံရွာသားတစ်ဦးက ပြောပြသည်။

"စိုက်ပျိုးရေးဘဏ်က ပုံစံ(၇)ရှိမှ ထုတ်ချေးတဲ့ငွေရမှာပါ။ လယ်ယာတွေက ကုန်းပေါ်မှာဆိုတော့ မြေဆီမြေနှစ်မရှိဘူး။ ရာသီဥတုကမကောင်းတော့ စိုက်ပျိုးလို့မဖြစ်ဘူး။ ရွာရွှေ့ဆိုရွှေ့လိုက်ရတယ်။ ဘယ်သူမှ ပြန်လှည့်မကြည့်ကြဘူး။ စား၀တ်နေရေး တော်တော်ဒုက္ခရောက်နေတယ်"ဟု ဒေသခံတစ်ဦးက လည်းပြောပြသည်။

ညောင်ကုန်းကျေးရွာတွင် လည်း ပုံစံ(၇) မရသောကြောင့် စိုက်ပျိုးချေးငွေမရခြင်း၊ သီးနှံမရခြင်း၊ ကုန်းပေါ်တွေမှာ ရွာတည်ပေးခြင်းကြောင့် ရေရှားပါးပြီး ရေဒုက္ခအတွက်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

"သောက်သုံးရေအတွက် တစ်မိုင်ကျော်ဝေးတဲ့ ရှားဆေးဖိုချောင်းကရေကို သယ်ရတယ်။ချောင်းအဆင်းအတက် ပေ ၄၀၀ လောက်ရှိတယ်။ မခပ်နိုင်ရင်ရေတစ်ပုံး ကျပ် ၂၅၀ ပေး၀ယ်ရတယ်။ လှည်းနဲ့ဆင်းခပ်လို့လည်းမရဘူး။ နွေရာသီဆို ရေရှားတဲ့အတွက် ရွာကလူတွေတောင်ယာတွေရေရှိတဲ့နေရာတွေ ချောင်းနား၊ မုန်းနားတွေဆင်းပြီး ပြောင်းနေရတယ်။ သောက်သုံးရေတောင်ရှားတော့ စိုက်ပျိုးဖို့ရေကမျှော်မှန်းလို့ကို မရဘူး"ဟု ယင်းဒေသခံတစ်ဦးက ပြောသည်။

ကျောက်ပုံကျေးရွာမှ ဦးမင်္ဂလာစိန်က "ကျွန်တော်တို့ ရွာသုံးရွာကို တစ်ရွာကို တစ်ကန်စီတူးပေးတယ်။ လူရော၊ တိရစ္ဆာန်ကောသုံးဖို့ပေါ့။ ဒီကန်ထဲကရေပဲသောက်ရတယ်။ ကျောက်ပုံရွာ၊ ညောင်ကုန်းရွာ၊ ခဲပြစ်ရွာသုံးရွာကို အဝီစိတွင်းတူးဖော်ဖို့ တစ်ရွာကို ကျပ် ၄၈ သိန်းစီပေးပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေတွေကိုင်ထားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရွာသားတွေက ရေတွင်းတူးတဲ့အဖွဲ့ ငှားရမ်းတူးဖော်စေတယ်။ မကွေးက ရေတွင်းတူးတဲ့အဖွဲ့က တစ်ပေကို ကျပ် ၄၅၀၀ နှုန်းနဲ့ တူးပါတယ်။ ပေ ၂၀၀ ကျော်တူးပြီး ဆက်မတူးဘဲပြန်သွားတယ်။

"ကျောက်ကြောခံနေတယ်လို့ ပြောပါတယ်။ ကုန်ကျငွေစာရင်းရှင်းတမ်းတွေလဲ မသိဘူး။ လှူတဲ့သူရှိပေမယ့် ဒီနေ့အထိ ဆက်မတူးဘဲရပ်နေတာပေါ့။ ဒီနှစ် မိုးမကောင်းတော့ မိုးရေစုတဲ့ကန်ကလည်း ရေနည်းနေတယ်။ ရွာက အလယ်တန်းကျောင်းအတွက် သောက်သုံးရေကို ဆည်ကနေ ရေကားမှာယူပြီး ကျောင်းသား ကျောင်းသူတွေ သောက်သုံးရန် ကားတစ်စီးကို ကျပ် ၃၅၀၀၀ နဲ့ ပေး၀ယ်ပြီး ရေဖြည့်နေရတယ်။

"လူနဲ့တိရစ္ဆာန် ကျွဲ၊ နွားတွေအတွက် ရေကခက်ခဲနေတာ။ စိုက်ပျိုးရေအတွက်က မြေယာမှာလည်း ရေမရတော့ မိုးကလည်း မကောင်းဆိုတော့ သီးနှံအထွက်နည်းနေပါတယ်"ဟု ဆည်ရေမြုပ်ပြောင်းရွှေ့ခံရသော ကျေးရွာများ၏ သောက်သုံးရေရှားပါးမှုနှင့် စိုက်ပျိုးမြေဆိုင်ရာ ပိုင်ဆိုင်မှုပြဿနာကြုံနေရကြောင်း ယင်းဒေသခံတစ်ဦးကဆက်လက်ပြောသည်။

ကျောက်ပုံကျေးရွာ အိမ်ထောင်စု ၁၂၃ အိမ်၊ ပုံစံ(၇)ရရှိသည့် ဦးရေ ၃၇ ဦး၊ ကျန်အိမ်ထောင်စုများ ပုံစံ(၇)မရသေးကြောင်း၊ ခဲပြစ်ကျေးရွာ အိမ်ထောင်စု ၇၄ အိမ်မှ ပုံစံ(၇) ရရှိသူဦးရေ ၂၈ ဦး၊ ကျန်အိမ်ထောင်စုများ မရသေးကြောင်း၊ မုံညင်းကျေးရွာ အိမ်ထောင်စု ၂၅၀ အိမ်မှ ၆၅ ဦးသာ ပုံစံ(၇)ရရှိပြီး ကျန်အိမ်ထောင်စုများမှာ ပုံစံ(၇)မရသေးကြောင်း၊ ညောင်ကုန်းကျေးရွာ အိမ်ထောင်စု ၁၂၈ အိမ်မှာ ပုံစံ(၇)ရရှိသူဦးရေ ၃၈ ဦးသာရရှိပြီး ကျန်အိမ်ထောင်စုများမှာ ပုံစံ(၇) မရသေးကြောင်း၊ပုံစံ(၇)မရသဖြင့် စိုက်ပျိုးစရိတ်ချေးငွေ၊ ပုံစံ(၇)မရသေးသည့်အတွက် ရှိရင်းလယ်ယာမြေဆုံးရှုံးသွားနိုင်ကြောင်း ဒေသခံများကပြောသည်။

စေတုတ္တရာမြို့နယ် ဆည်ရေမြုပ်ကျေးရွာများ ပြောင်းရွှေ့ရ၍ သောက်ရေရှားပါးပြီး စိုက်ပျိုးမြေမကောင်းသောကြောင့် ၀မ်းရေးပြဿနာကြုံနေရကြောင်းသိရသည်။

**ကောင်းသုတ(မင်းဘူး)**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မဟာရွှေစည်ကြီးစေတီတော် ဘုရားကြီးတိုက်တန်းအတွင်း စားသောက်ကုန်ဈေးသစ် ဖွင့်

**ကန့်ဘလူ မတ် ၁၀**



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်တိုက်တန်းအတွင်းတွင် အသစ်ဆောက်လုပ်သော စားသောက်ကုန်ဈေးဖွင့်ပွဲကို မတ် ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့်အဖွဲ့၀င်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်တင့်နှင့် အဖွဲ့၀င်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မဟာရွှေစည်ကြီးစေတီတော် ဂေါပကဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့၀င်များ၊ မြို့မိမြို့ဖများနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြောင်း သိရသည်။

အဆိုပါဈေးသစ်တွင် ယခင်က မဟာရွှေစည်ကြီးစေတီတော်တောင်ဘက်မုခ် ဘေးရှေ့နောက်တို့တွင် ဖွင့်လှစ်ခဲ့သည့် ဆိုင်ခန်းများ ပြန်လည်နေရာချထားပေးခြင်းဖြစ်ပြီး စေတီတော်ကြီးသန့်ရှင်းသာယာလှပရေး အတွက်ဖြစ်ကြောင်း ဂေါပကအဖွဲ့၀င်တစ်ဦးကပြောသည်။

ယင်းဈေးသစ်ကို ဆိုင်ခန်းရှင်တစ်ဦးလျှင် ငွေကျပ် ၃၃၀၀၀၀ ဖြင့် ဆိုင်ခန်းရှင် ၂၂ ဦးတို့က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ရာ (၁၀၀ × ၆၀ × ၁၂)ပေရှိ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ပြီး ဆက်လက်၍ နံကပ်ဆောက်လုပ်ကာ လူတစ်ရပ်ကျော်တွင် အလင်းရောင်နှင့် လေ၀င်လေထွက်ကောင်းစေရန် သံဆန်ခါများ တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း ဆိုင်ခန်းရှင် ဦးဇော်မင်းထွေးက ပြောသည်။

**(အောင်ဝင်းငြိမ်း)**

# ရွေးကောက်ပွဲသတင်းနှင့် သတင်းပညာဆိုင်ရာ သင်တန်းပို့ချ

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ × ၇၁ လမ်းထောင့် ဂျက်ဖာဆင်စင်တာတွင် အမေရိကန်သံရုံး(ရန်ကုန်)၏ ပံ့ပိုးမှုဖြင့် International Center For Journalist(ICFJ)သတင်းအဖွဲ့မှ ဦးဆောင်ပြုလုပ်သည့် ရွေးကောက်ပွဲသတင်းရယူခြင်းနှင့် အခြားသတင်းပညာဆိုင်ရာ ပို့ချမှုသင်တန်းကို မတ် ၈ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲသတင်းရယူခြင်းနှင့် အခြားသတင်းပညာဆိုင်ရာများနှင့် ပတ်သက်၍ (ICFJ)မှ သင်တန်းမှူး ဒေါ်ခင်မေဇော်က ပို့ချရှင်းလင်းပြီး ပို့ချမှုသင်တန်းသို့ အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းမှ သတင်းထောက် ၁၄ ဦးနှင့် မန္တလေး၊ မုံရွာမြို့များမှ သတင်းထောက်များ တက်ရောက်ကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

**လမ်း၊ တံတား အသုံးပြုခ လေလံလုပ်ကိုင်ခွင့် မဲစနစ်ဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာ**

ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်း၊ တံတားအသုံးပြုခကောက်ခံရေးစခန်းများ၏ (၁-၄-၂၀၁၅) ရက်မှ (၃၁-၃-၂၀၁၆)ရက်အထိ တစ်နှစ်လေလံလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်များကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း လေလံ(မဲစနစ်)ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

| | လမ်း၊ တံတား ဂိတ်အမည် | ခရိုင်အမည် | လမ်းအမည် | သတ်မှတ်လေလံ တန်ဖိုး(ကျပ်သိန်း) |
|---|---|---|---|---|
| ၁။ | ကော့ကရိတ် လမ်းဂိတ် | ကော့ကရိတ် | အိန္ဒူ-ကော့ကရိတ် | ၁၀၇၄. ၁၇ |
| ၂။ | မြ၀တီလမ်းဂိတ် | ကော့ကရိတ် | မြ၀တီ-ကော့ကရိတ် | ၁၅၆၀. ၇၇ |
| ၃။ | အိန္ဒူလမ်းဂိတ် | ဘားအံ | အိန္ဒူ-ဇာသပြင် | ၁၃၈. ၃၈ |
| ၄။ | ဘားအံ(လှိုင်းဘွဲ့) လမ်းဂိတ် | ဘားအံ | ဘားအံ-လှိုင်းဘွဲ့ | ၃၂၆. ၈၂ |
| ၅။ | ကြာအင်း ဆိပ်ကြီးလမ်းဂိတ် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွ | ၁၀၄. ၁၆ |
| ၆။ | ဝါးဘိုးတော လမ်းဂိတ် | ဘားအံ | ဝါးဘိုးတော-ကမမောင်း | ၂၁၇. ၅၄ |
| ၇။ | ကမမောင်း လမ်းဂိတ် | ဖာပွန် | ဖာပွန်-ကမမောင်း | ၁၃၉. ၀၉ |
| ၈။ | လှိုင်ဝ တံတားဂိတ် | ကော့ကရိတ် | ကော့ကရိတ်-မြ၀တီ | ၃၇၁. ၂၉ |
| ၉။ | သကန်းညီနောင် တံတားဂိတ် | ကော့ကရိတ် | ကော့ကရိတ်-မြ၀တီ | ၆၀၂. ၄၃ |
| ၁၀။ | မဲကနယ် တံတားဂိတ် | ကော့ကရိတ် | ကော့ကရိတ်-မြ၀တီ | ၆၀၂. ၄၃ |

**လေလံလျှောက်လွှာစတင်၀ယ်ယူနိုင်သည့်နေ့ရက်၊ နေရာ။** ကြော်ငြာပါသည့်နေ့မှစတင်၍ ကရင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ဘားအံမြို့တွင် ၀ယ်ယူနိုင်ပါသည်။

**လေလံလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန်၊ နေရာ။** (၁၉-၃-၂၀၁၅) ရက်နေ့ညနေ (၄း၃၀) နာရီ၊ ကရင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ဘားအံမြို့။

**လေလံဖွင့်လှစ်မည့်နေ့ရက်၊ အချိန်၊ နေရာ။** (၂၀-၃-၂၀၁၅) ရက်နေ့ နံနက် (၀၉း၀၀) နာရီ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(ဇွဲကပင်ခန်းမ) ဘားအံမြို့။

**မှတ်ချက်။** လေလံလုပ်ကိုင်ခွင့်ပေးသည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို ကရင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးရုံးတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၅၈-၂၁၀၁၅ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**လမ်း၊ တံတားအသုံးပြုခလေလံလုပ်ကိုင်ခွင့် ကြီးကြပ်ရေးအဖွဲ့**
**ကရင်ပြည်နယ်၊ ဘားအံမြို့။**

# ငါန်းဇွန်မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေး

**ငါန်းဇွန် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် လူ၀င်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ရန် ကျန်ရှိနေသူများအတွက် မိုးပွင့်အထူးစီမံချက်ဖြင့် ဇန်နဝါရီ ၁ရက်မှစ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့အရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်လူ၀င်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်လူ၀င်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ၀န်ထမ်းများ အဖွဲ့ခွဲ၍ ဆောင်ရွက်ကြရာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ရန် ကျန်ရှိနေသည့် ပြည်သူများအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများမှ သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများထံ ကြိုတင်စာရင်းပေးသွင်းကြရန် ကြေညာစာတမ်းများ ချိတ်ဆွဲအသိပေးထားပြီး ဇွန် ၃၀ရက်အထိ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စည်သာကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိ

**တောင်တွင်းကြီး မတ် ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပတ်လည်ကြီးအုပ်စု စည်သာကြီးကျေးရွာမီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းအစုံ ၁၁၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ကျေးရွာလုံးကျွတ် မီးလင်းရေးလုပ်ငန်းများ ကြီးပမ်းဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်က စည်သာကြီးကျေးရွာ၌ လျှပ်စစ်မီးများရရှိပြီဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများအနေဖြင့် ယခင်က ဖယောင်းတိုင်မီးကိုသာ သုံးစွဲခဲ့ကြရာမှ ယခုအခါ လျှပ်စစ်မီးကို အသုံးပြုရပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ၊ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့များပါ တိုးတက်လာမည်ဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီ၀င်တစ်ဦးက ပြောသည်။

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ဝင်း**

# မော်ကျွန်း–သာယာကုန်း ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်

**မော်လမြိုင်ကျွန်း မတ် ၁၀**

မော်လမြိုင်ကျွန်းမြို့နယ် သုံးခွချွန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သာယာကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အဆောက်အအုံသစ်အား ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၈ ရက် နံနက် ၉ နာရီက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ရှေ့မျက်နှာစာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် သာယာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးအုန်းသန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေးကိုတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက အဆောက်အအုံဖြစ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး သာယာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်အား ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါကျန်းမာရေးဌာနခွဲတည်ဆောက် ရန်မြေနေရာအား ဒေါ်သန်းနုက လှူဒါန်းပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ်စုစုပေါင်း ၇၆ သိန်းကျော်ဖြင့် တည်ဆောက်ထားကြောင်းသိရသည်။

**မော်ကျွန်းမြင့်အောင်**

## ပခုက္ကူမြို့တွင် မီဒီယာ၏အခန်းကဏ္ဍနှင့် မီဒီယာဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ မတ် ၁၀**

၂၀၁၅ ခုနှစ် မတ် ၈ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲထိ ပခုက္ကူမြို့ အမှတ် ၁၂ ရပ်ကွက် ဖောင်တော်ဦးလမ်း သုဂတိစေတနာ(လူငယ်စင်တာ) လူမှုကူညီရေးအသင်းရုံးခန်းမတွင် သုဂတိစေတနာလူမှုကူညီရေးအသင်းနှင့် ပန်းပျိုးလက်လူငယ်ဖွံ့ဖြိုးရေးအဖွဲ့တို့ပူးပေါင်းပြီး ဒေသတွင်း မီဒီယာ၏အခန်းကဏ္ဍနှင့် မီဒီယာဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးတင်ဝင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုဦးစီးမှူးဦးမင်းသက်ခိုင်၊ခရိုင်မီးသတ် ဦးစီးမှူး ဦးခင်မောင်သန်းတို့က မီဒီယာကဖွံ့ ဖြိုးတိုးတက်ရေးအတွက်လက်ရှိ မြေပြင်တွင်ဖြစ်ပျက်နေမှုများအားရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက်တက်ရောက်လာသူများမှ သတင်းမီဒီယာနှင့်ပတ်သက်၍ သိလိုသည်များအားမေးမြန်းရာ အတွင်းရေးမှူးဦးမြင့်ကျော်၊သတင်းမီဒီယာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးကျော်ဇေယျ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့မှ ပြန်လည်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။

**အောင်(မန်းတက္ကသိုလ်)**

## ဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်း ဂန့်ဂေါတွင်ဖွင့်လှစ်



**ဂန့်ဂေါ မတ် ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ဘုရားကြီးမြောက်ကျောင်းတိုက်၌ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ ဘုရားကြီးမြောက်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လမှ ကြီးမှူး၍ နွေရာသီကာလတွင် ဗုဒ္ဓဘာသာ အဘိဓမ္မာယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၅ ရက်မှစတင်ကာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၃၀၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဧပြီ ၅ ရက်ထိဖြစ်ကြောင်း သိရသည်။

သင်တန်းကို ယနေ့လူငယ်များ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ နားလည်လိုက်နာနိုင်ရေး၊ မြတ်ဗုဒ္ဓ၏သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ ဗုဒ္ဓအဆုံးအမများကို လိုက်နာကျင့်သုံးတတ်စေရေး စသည့်ဦးတည်ချက်များဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း သင်တန်းမှူး ဘဒ္ဒန္တတေဇနိယ (ဓမ္မာစရိယ) ၏ မိန့်ကြားချက်အရ သိရသည်။

**(၄၆၅)**

## ခနောင်ကျေးရွာတွင် ဆိုလာမီးဖွင့်ပွဲ ပြုလုပ်

**ဝါးခယ်မ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘရားသားစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ပျဉ်းမကွင်းကျေးရွာအုပ်စု ခနောင်ကျေးရွာလုံးကျွတ် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာလုံးကျွတ်မီးလင်းရေးအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးဖေသန်း၊ မီးလင်းရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။ ခနောင်ကျေးရွာရှိ အိမ်ခြေ ၂၄၉ အိမ်နှင့် လမ်းမီးများပါ တစ်ပါတည်းမီးလင်းခဲ့ကြောင်းသိရသည်။ ဆက်လက်၍ လေးအိမ်တန်းစစ်တန်း၊ မြဂိုးကြီးကုလားကျောင်း၊ တြိန်းကျွန်းသောင်တန်းကျေးရွာများတွင်လည်း ကျေးရွာလုံးကျွတ်မီးလင်းရေးဖွင့်ပွဲများကို ဆက်လက်၍ပြုလုပ်ခဲ့ကြသည်။ ယင်းဆိုလာစနစ်ဖြင့် ခနောင်ကျေးရွာမီးလင်းရေးလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၃၅၉ သန်းဖြင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

## အရေးပေါ် နှလုံးသွေးကြောချဲ့ကုသမှု နှစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် နှလုံးသွေးကြောပိတ်ရောဂါသတိပြုစရာပညာပေး ရက်သတ္တပတ်ကျင်းပ

**မန္တလေး မတ် ၁၀**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၏ အရေးပေါ် နှလုံးသွေးကြောချဲ့ကုသမှု နှစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် နှလုံးသွေးကြောပိတ်ရောဂါသတိပြုစရာပညာပေးရက်သတ္တပတ်လှုပ်ရှားမှုကို မတ် ၁ ရက်မှ ၇ ရက်အထိ မန္တလေးဆေးရုံကြီး နှလုံးရောဂါကုသမှုဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

နှလုံးသွေးကြောပိတ်ရောဂါသည် မြန်မာနိုင်ငံတွင် အမျိုးသားအမျိုးသမီးများအတွက် တတိယသေဆုံးမှုအများဆုံးရောဂါဖြစ်ပြီး သက္ကရာဇ် ၂၀၂၀ တွင် ကမ္ဘာတစ်ဝန်း လူသန်း ၂၀ သည် နှလုံးရောဂါကြောင့် အသက်ဆုံးရှုံးနိုင်သည်။

နှလုံးသွေးကြောပိတ်ခြင်းသည် နှလုံးသို့သွားသော သွေးကြောအတွင်း အဆီအခဲများပိတ်ခြင်းကြောင့်ဖြစ်ပြီး ပိတ်သွားသောသွေးကြောအမြန်ပြန်မဖွင့်နိုင်ပါက ယင်းသွေးကြောမှထောက်ပံ့နေသော နှလုံးကြွက်သားတစ်စိတ်တစ်ပိုင်း သေသွားသည်။ ကုသမှုမရဘဲ အချိန်ကြာကြာနေလေ နှလုံးကြွက်သားပျက်ဆီးမှု ပိုများလေလေဖြစ်သည်။ အမြန်ဆုံး သွေးကြောပွင့်စေရန် လုပ်ပေးနိုင်ရန် အရေးကြီးကြောင်း ဟောပြောပွဲမှသိရသည်။

လူနာများအနေဖြင့် ရင်ဘတ်အောင့်ခြင်း၊ ပို့ခြင်း အန်ခြင်း၊ အသက်ရှုမြန်ခြင်း၊ မောခြင်း၊ ရင်ဘတ်တွင်းနေမကောင်းခြင်း၊ အင်အားမရှိခြင်း၊ နုံးခြင်း၊ ရုတ်တရက်မူးလာခြင်း၊ ချွေးစေးပြန်ခြင်း စသည့် နှလုံးသွေးကြောပိတ်လက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာဆေးရုံဆေးခန်းသို့ အမြန်ဆုံးပြသ၍ ECG ဆွဲပြီး နှလုံးသွေးကြောပိတ်ရောဂါဟု သံသယရှိပါက မန္တလေးဆေးရုံကြီးသို့ အမြန်ဆုံးပို့ဆောင်၍ ၃ နာရီအတွင်း ကုသမှုခံယူပါက အသက်ရှင်ရန် ရာနှုန်းပြည့် ကောင်းမွန်နိုင်ကြောင်း ပါမောက္ခ ဒေါက်တာသန်းသန်းကြိုင်က ယင်းနေ့တွင်ရှင်းလင်းပြောကြားခဲ့သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် နှလုံးသွေးကြောချဲ့ကုသခြင်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆေးရုံသို့ အချိန်မီရောက်ရှိလာသောလူနာ ၁၃၅ ဦးအား ခွဲစိတ်ရန်မလိုဘဲ နှလုံးသွေးကြောချဲ့နည်းဖြင့် ကုသပေးရာ အသေအပျောက်မရှိ အောင်မြင်စွာကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမတွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

**ဘားအံ မတ် ၁၀**



ကရင်ပြည်နယ်တွင် ‘လူသားအားလုံးတိုးတက်ဖို့၊ အမျိုးသမီးများစွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့’ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးအဖွဲ့နာယက၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ညွန့်ညွန့်ဝေက မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြကာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ဘားအံမြို့ ယက်ကန်းနှင့်အသက်မွေးသင်တန်းကျောင်းသို့ လစဉ်ထောက်ပံ့မှုပြုနေသော ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အား အသေးစားစက်မှုလက်မှုဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကရင်ပြည်နယ်အတွင်း ထူးချွန်အမျိုးသမီးဂုဏ်ပြုဆုများတွင် နိုင်ငံတော်အဆင့် အာဆီယံစာစီစာကုံးပြိုင်ပွဲ၊ ကမ္ဘာ့ဆရာများနေ့ ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက လည်းကောင်း၊ ၂၀၁၄-၂၀၁၅ တက္ကသိုလ်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးကလည်းကောင်း၊ အာဆီယံလူငယ်ပြေးခုန်ပစ် ငွေတံဆိပ်ရရှိသူနှစ်ဦးအား ပြည်နယ်စာရင်းစစ်ချုပ်ကလည်းကောင်း၊ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူ အမျိုးသမီး ၁၀ ဦးအား ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ဇနီးနှင့် ပြည်နယ်ဝန်ကြီးများ၏ဇနီးများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

ယင်းနောက်အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းများအားတက်ရောက်လာသူများမှ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်

**နေပြည်တော် မတ် ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာ အမှတ်(၁၈) အခြေခံမူလတန်းလွန်ကျောင်း၏ စန္ဒကူးကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ မြို့မိမြို့ဖ ဦးလှသိန်းဆွေ၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဝင်းနှင့် လှူ့ထူးအောင်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးသော်တာတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ကြပြီး မြို့နယ်ပညာရေးမှူးနှင့် မြို့မိမြို့ဖတို့က အမှာစကားအသီးသီးပြောကြားကာ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးဝင်းတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်သည် ၁၂၀ × ၃၀ × ၁၂ ပေရှိတစ်ထပ် အုတ်ညှပ်သွပ်မိုးအဆောက်အအုံဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၅၈၆)**

## ယဉ်ကျေးမှုပြတိုက်သို့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ လှူဒါန်း

**ထားဝယ် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ လူနေမှုစနစ်တို့အား သုတေသီများအနေဖြင့် အလွယ်တကူလေ့လာနိုင်ပြီး ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန်ရည်ရွယ်၍ မတ် ၇ ရက်နံနက် ၉ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံး အစည်းအဝေးခန်းမတွင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ ပြည်သူလူထုမှ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ဒုတိယအကြိမ်လှူဒါန်းခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ပြတိုက်ခင်းကျင်းရေးကော်မတီဝင် ဦးအောင်မျိုးက ယဉ်ကျေးမှုပစ္စည်းအမွေအနှစ်ပစ္စည်းများလှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများပေးအပ်လှူဒါန်းရာတွင် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် ကော်မတီဝင်များက လက်ခံယူပြီး အလှူရှင်များ ကိုယ်စား စည်ပင်သာယာရေးဝန်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ စေတနာရှင် အလှူရှင်များမှ ဒုတိယအကြိမ်လှူဒါန်းခဲ့သော ပစ္စည်းများမှာ ကျောက်လက်နက်သုံးခု၊ မြေပုတီးစေ့လေးလုံး၊ ကြေးခွက်ပန်းကန်လုံးတစ်လုံး၊ ကျောက်သားထွင်းထားသော ကျောက်ပျဉ် တစ်ချပ်၊ ပျူခေတ်လက်ရာ အရိုးအိုးနှစ်လုံးနှင့် အိုးကွဲများ၊ လေးခြမ်းစပ်အုတ်တိုင်ဝိုင်းနှစ်ခု၊ ရှေးဗိသုကာလက်ရာ သစ်သားဆွမ်းအုတ်တစ်အုပ်၊ စဥ့်လက်ရာ စဥ့်အိုးနှစ်လုံး၊ အသေးတစ်လုံး၊ အင်းဝခေတ် စာအရေးအသားပါ ဒင်္ဂါးတစ်ခုတို့ကို လှူဒါန်းခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်(ထားဝယ်)ကို ဧပြီလပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုင်းနားကျေးရွာ မှတ်ခိုးတောင်တရားရိပ်သာစီမံကိန်းနှင့် ဗလမင်းထင်မှ နောင်ချိန်း–ဂွေထု ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်ဖောက်လုပ်

**မြစ်ကြီးနား မတ် ၁၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု မှတ်ခိုးတောင် ရွှေစေတီကုန်းတော်ပေါ်ရှိ တရားရိပ်သာစီမံကိန်းသို့ မတ် ၇ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် ပြည်နယ်လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အဆိုပါတောင်ပေါ်တွင် တောင်ပတ်လမ်းများဖောက်လုပ်နေမှု၊ ဆွမ်းချက်ဆောင်နှင့် ရွှေစေတီကျောင်းဆောင်သစ်ဆောက် မည့်စီမံကိန်းနေရာများနှင့် စေတီတော်ကြီးတည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်ပတ်လမ်းများဖောက်လုပ်ရာတွင် စနစ်တကျဆောက်လုပ်ရေးနှင့် တောင်ပြိုမှုမှကာကွယ်နိုင်ရန် ရေထိန်းနံရံများဆောက်လုပ်ရေး၊ ရေနုပ်မြောင်းများ စနစ်တကျတူးဖော်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်ချက်များ၊ နည်းပညာနှင့် အကြံဉာဏ်အကူအညီများ ရယူနိုင်ရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဗလမင်းထင်တံတားမှ နောင်ချိန်း-ဂွေထုကျေးရွာခြင်းဆက်ကတ္တရာလမ်းသစ် လမ်းအရှည်(၅)မိုင် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အောက်ခံကျောက်ကြီးများသုံးရာတွင် အရည်အသွေးမီသည့် လမ်းခင်းကျောက်များသုံးစွဲရေး၊ လူအား၊ စက်အားတို့ဖြင့် သတ်မှတ်ချိန်အတွင်း စောလျင်စွာပြီးစီးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်လမ်းအကျယ် သတ်မှတ်လျာထားလုပ်ဆောင်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါကျေးရွာနေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်လျှပ်စစ်မှ ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်မီးတိုင်များစိုက်ထူပြီး 11 KVA ကြိုးများသွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဘွဲ့တံဆိပ်တော်ရဆရာတော်များအား သီပေါမှ စည်ကားသိုက်မြိုက်စွာကြိုဆိုပူဇော်

**သီပေါ မတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခံရသော ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် နမ့်လန်အလယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဉာဏောဘာသအရှင်သူမြတ်နှင့် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်မှ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝါယာမိန္ဒအရှင်သူမြတ်တို့နှစ်ပါး နေပြည်တော်မှ ပြန်လည်ကြွရောက်လာရာ သီပေါမြို့နယ်သူနယ်သားများမှ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပူဇော်ပွဲကို မတ် ၆ ရက် ညနေ ၄ နာရီက ရေပူစမ်းကျေးရွာမှ မော်တော်ယာဉ်ပေါ်ရှိ ရွှေပလ္လင်ပေါ်သို့စတင်ပင့်ဆောင်ကြသည်။

အစီအစဉ်အရ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်သာသနာရေး ဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်ဥပဌာကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ဘာသာရေးလူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက နိုင်ငံတော်သမ္မတက ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ကိုင်ဆောင်လျက် မန္တလေး၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အပူဇော်ခံပြီး အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်သို့ ပင်ဆောင်ကြသည်။

နိုင်ငံတော်သမ္မတ၏ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသည့် သာသနာ့အာဇာနည်နှစ်ပါးတို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို မတ် ၁၁ ရက်တွင် မြို့လယ်ဓမ္မာရုံ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(စိုင်း–သီပေါ)**

## နွေအမီ ကျေးလက်ရေကန် ၂၅ ကန် ပြုပြင်ပြီးစီး

**နွားထိုးကြီး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် နွားထိုးကြီးမြို့နယ်တွင် နွေအမီ ကျေးလက်ဖွံ့ဖြိုးရေး လူသုံးကန်၊ သောက်ရေကန် ၂၅ ကန်ကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက ပြင်ဆင်နေရာ မကြာမီ ၂၅ ကန်စလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောသည်။ ရေကန် ၂၅ ကန်ကို သိန်း ၆၈၀ ကျော်အကုန်အကျခံ၍ ဆည်မြောင်းစက်၊ ကုဋ္ဌေကျော်ကုမ္ပဏီ၊ နီလာမိသာစုကုမ္ပဏီများ၏ စက်ယန္တရားများဖြင့် တူးဖော်နေရာ ကန် ၂၁ ကန်ပြီးစီးနေပြီး ၄ ကန်မှာ တူးဖော်ဆဲဖြစ်ကာ မကြာမီပြီးစီးတော့မည် ဖြစ်သည်။ နွားထိုးကြီးမြို့နယ်တွင် ယမန်နှစ်နွေကလည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေကန် ၉၉ ကန်ကို မိုးရေရရှိရန် ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

## တရုတ်နယ်စပ်မှ ဖရဲသီးများ ပြန်လည်ဝယ်ယူလာ၍ နွေဦးတွင် ဖရဲသီး ဈေးကွက် ပြန်လည်ဦးမော့လာ

**မန္တလေး မတ် ၁၀**

မတ်လဆန်းပိုင်းတွင် တရုတ်နယ်စပ်မှ ဖရဲသီးများ ပြန်လည်ဝယ်ယူလာ၍ ဖရဲသီးဈေး ရုတ်တရက် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

ဖရဲသီးများကို တရုတ်ပြည်သို့ ဂျပ်ဖာများဖြင့် ထည့်ကာ တင်ပို့ရောင်းချခဲ့ပြီး ဈေးကွက်မဝင်သော အလုံးသေးများကိုသာ ပြည်တွင်းဈေးကွက်တွင် ရောင်းချကြောင်း သိရသည်။

လက်ရှိကာလတွင် ကျွန်းထဲရှိ သဘာဝနည်းအတိုင်းစိုက်သော ဖရဲသီးများ ကုန်လုချိန်ဖြစ်ပြီး တရုတ်စိုက်ကွင်းခေါ် ကုန်းပိုင်းစိုက်ဖရဲများကိုသာ မူဆယ်မှတစ်ဆင့် တရုတ်ပြည်ဈေးကွက်သို့ စတင်ပို့ဆောင်နေပြီး တရုတ်ငွေဈေးအတက်အကျအလိုက် ဈေးနှုန်းပြောင်းလဲ လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်ဖရဲပေါ်ချိန်ကာလတွင် တရုတ်မှ အဝယ်မရှိသောကြောင့် ဖရဲသီးဈေးကွက်ပြုတ်ကျကာ ပထမပေါ်ဖရဲများ အရှုံးပေါ်ခဲ့ပြီး ပြည်တွင်းဈေးကွက်၌သာ ရောင်းချခဲ့ရသည်။ **တိမ်တမန်**

## ညအိပ်မပျော်ရောဂါနှင့် အိပ်ပျော်စေနိုင်သောနည်းလမ်းကောင်းများ

ယမန်နေ့မှအဆက်

à ကြည်လွင်မြင့် (မုဒြာ)

လူအများ၏ရောဂါကုရာတွင် အခြေအနေအလိုက် အစားသောက်ပြောင်းရသည်များ ရှိသလို အနေအထိုင်၊ အပြုအမူပြောင်းရန် အကြံပေးရခြင်းများလည်း ရှိပါသည်။ နဂိုမူလ မှားယွင်းမှုကြောင့်ဖြစ်သော ရောဂါကို ကာလ၊ အတ္တ၊ ကမ္ဘပြောင်းမှသာ ကျန်းမာနိုင်မည်ဟု အာယုဗေ။ ဆေးကျမ်းများက ဆိုပါသည်။

ဥပမာ-ဝမ်းချုပ်ပြီး လိပ်ခေါင်းရောဂါရှိသူ၊ အစာမကြေ၊ လေအောင့်ရောဂါရှိသူ လူနာများအဖို့ စားသုံးသောဆန်သည် ရှမ်းဆန်၊ ဆန်စေး၊ ကောက်ညှင်းဆန် အနွယ်မျိုးဖြစ်နေပါက ဆေးမပေးမီစားသောဆန်ကို ပထမဦးစွာ ပြောင်းလဲစားဖို့လိုသည်။ ရွှေဘိုမနော်၊ မဂျမ်းတောစသည့် အစာကြေလွယ်သည့်ဆန်မျိုး ပြောင်းစားဖို့လိုသည်။ ထမင်းချက်လျှင်လည်း ပေါင်းအိုးနှင့်ချက်သည်ထက် ထမင်းရည်ငှဲ့ချက်သည်က ပို၍အစာကြေစေနိုင်သည်ကို အကြံပြုရမည်ဖြစ်သည်။

စတုတ္ထအိပ်မပျော်ရောဂါစွဲသူ၊ ဂိမ်းကစားမက်သူ လူငယ်ကဲ့သို့ပင် လူကြီးများတွင်လည်း စွဲလန်းသည့် ဖဲကစားသူ၊ အိပ်ရေးပျက်ခံပြီး ပွဲကြည့်မက်သူ၊ လူခြေတိတ်မှ စာရေးစာဖတ်သည့်အကျင့်စွဲနေသူ အားလုံးသည် နှလုံးရောဂါဖြစ်တတ်ပါသည်။ ရုတ်တရက် နှလုံးအောင့်သည်ဟုဆိုကာ လဲကျသေဆုံးသူအတော်များများကို လေ့လာကြည့်သောအခါ အိပ်ရေးပျက်သည့်အလုပ်ကို လုပ်ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အိပ်ရေးပျက်ခြင်းကို လေ့လာကြည့်သောအခါ မြန်မာ့ဇာတ်သဘင်လောက၏ထိပ်ခေါင် အလင်္ကာကျော်စွာဘွဲ့ရ ရွှေမန်းဦးတင်မောင်ကို သွားသတိရမိပါသည်။ သူသည် အသက်ငါးဆယ်စွန်းစွန်းနှင့် ဇာတ်ကရင်း ညဥ့်တစ်ဝက်တွင် ရင်ဘတ်အောင့်ကာ လဲကျသေဆုံးခဲ့ရပါသည်။ မြန်မာ့ဇာတ်သဘင်လောက၏ ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ခဲ့ရပေသည်။

ညအိပ်ပျော်အောင် ညစာမစားမီ အရက်သောက်သင့်သလားဟု သောက်တတ်သူတစ်ဦးမှ မေးဖူးပါသည်။ များများ မသောက်သင့်ပါ။ လူ့ခန္ဓာကိုယ်မှ ခံနိုင်သောလီမစ် (Limit) မှာ ၂ ပတ်ခွဲ (2 1/2 pac) ဟု မှတ်သားရဖူးပါသည်။ ညစာစားပြီးလျှင်တော့ မသောက်သင့်တော့ပါ။ အစာမရှိလျှင် အစာအိမ်နှင့် အူနံရံများကို ဒုက္ခပေးနိုင်ပါသည်။ အရက်မူးလျှင် အိပ်ပျော်သွားတတ်ပါသည်။ ထိုအခါ မကောင်းသောအိပ်မက်များ မက်တတ်ပါသည်။ နောက်ပိုင်းတွင် အရက်သောက်သောအကြောင့် အိပ်ပျော်ပြီးမှ လန့်နိုးခြင်း၊ ဆတ်ခနဲအကြောဆွဲခြင်းများ ဖြစ်တတ်ပါသည်။ နှစ်ကြာလျှင် လေဖြတ်နိုင်ပါသည်။

ညအိပ်ရေးပျက်သောအလုပ်ကို လုပ်ရသူ၊ အကြောင်းကြောင်းကြောင့် ညအိပ်မပျော်သူ၊ အိပ်ဆေးစွဲနေရသူများအတွက် ရိုးရာတိုင်းရင်းဆေးပညာ၊ အာယုဗေဒဆေးပညာရှုထောင့်မှ အကြံပြုလိုသည်မှာ -

(၁) ကာလ၊ အတ္တ၊ ကမ္ဘဟုခေါ်သော အနေအထိုင်၊ အစားအသောက်၊ အပြုအမူကို ပြောင်းလဲနိုင်အောင် ကြိုးစားပါ။

(၂) လေပွစေသောအစာများ (လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက်နှင့် အကြော်အလှော်များ) ညအိပ်ယာမဝင်မီ မစားမိအောင် သတိထားရှောင်ကြဉ်ပါ။

(၃) စွဲလန်းစေသော ဂိမ်းကစားခြင်း၊ စာဖတ်ခြင်း၊ ရုပ်ရှင်ဇာတ်လမ်းတွဲကြည့်ရှုခြင်း စသည့်များကို ညစဉ်ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ပါ။

(၄) ကျဉ်းပြီး လေလုံသောအခန်းတွင် အိပ်ခြင်းမှရှောင်ပါ။ လေဝင်လေထွက်ကောင်းမွန်သောအခန်းတွင် အိပ်ပါ။

(၅) ထူထဲသော၊ တင်းကြပ်သောအဝတ်အစားကြောင့်လည်း အိပ်မပျော်ဖြစ်နိုင်ပါသည်။ ချည်ထည်ကိုဝတ်ဆင်ပါ။

(၆) နေ့လယ်တွင် အချိန်ကြာမြင့်စွာအိပ်ခြင်းကြောင့်လည်း ညအိပ်မပျော်ဖြစ်တတ်သဖြင့် နေ့အိပ်ခြင်းကို ရှောင်ပါ။

(၇) ညအိပ်မပျော်ဖြစ်လျှင် အိပ်ယာမဝင်မီ နာရီဝက်၊ တစ်နာရီခန့် ကြိုတင်၍ဆန်ပြုတ်ကျဲကျဲတစ်ခွက်သောက်ပါ။

(၈) ဘာသာရေးလိုက်စားလျှင် တရားမှတ်ခြင်း၊ စိတ်ပုတီးစိတ်ခြင်းဖြင့်လည်း အိပ်ပျော်စေနိုင်ပါသည်။

(၉) ပူလောင်သောနွေရာသီတွင် ညအိပ်ယာမဝင်မီ ရေချိုးခြင်းဖြင့်လည်း ကိုယ်အပူချိန်လျော့ကျပြီး အိပ်ပျော်စေနိုင်ပါသည်။

# မွေးမြူရေး ကျေးလက်လူငယ်သင်တန်းဖွင့်လှစ်

**တာချီလိတ် မတ် ၁၀**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးပြုလုပ် သူတိုင်း လက်လှမ်းမီနိုင်သော တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လာစေရန် ဖန်တီးဆောင်ရွက်ပေးလျက်ရှိရာ တစ်ပိုင်တစ်နိုင်မိသားစုစီးပွားရေးတိုးတက်စေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် မွေးမြူရေးကျေးလက်လူငယ်သင်တန်းဖွင့်ပွဲကို မတ် ၈ ရက်၊ နံနက် ၁၀ နာရီက တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၊ နမ့်ငေါ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းသို့ ဒေသအကျိုး ကျရာကဏ္ဍမှသယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိမည့် လူငယ်သင်တန်းသား ၂၈ ဦးတက်ရောက်လျက်ရှိပြီး မြို့နယ်ရှိ မွေးမြူရေးအသိပညာရှင်၊ အတတ်ပညာရှင်တို့ ဦးဆောင်မှုဖြင့် မတ် ၈ ရက်မှ ၁၃ ရက်အထိ စနစ်တကျ မွေးမြူရေးစနစ်များ၊ တိရစ္ဆာန်ကူးစက်ရောဂါအန္တရာယ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲဆောင်ရွက်မှုသင်ခန်းစာများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လှဌေး(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ၂၄၄၅ ဦးဖြေဆို

**ညောင်တုန်း မတ် ၁၀**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ညောင်တုန်းမြို့နယ်စာစစ်ဌာနများ၌ ဝင်ရောက်စာဖြေဆိုကြမည့် ကျောင်းတွင်းဖြေနှင့် ပြင်ပဖြေကျောင်းသား၊ ကျောင်းသူ စုစုပေါင်း၂၄၄၅ ဦးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ညောင်တုန်းမြို့နယ်တွင် စာစစ်ဌာန လေးခုဖွင့်လှစ်ထားပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာရပ်အတွဲ(၁)တွင် ၁၀၆၆ ဦး၊ အတွဲ(၂) တွင် ၇၈၂ ဦး၊ အတွဲ (၇) တွင် ၉၅ ဦးနှင့် အတွဲ (၈) တွင် ရှစ်ဦး စုစုပေါင်း ၁၉၅၁ ဦး ဝင်ရောက်ဖြေဆိုကြမည် ဖြစ်သည်။ ပြင်ပဖြေ ကျောင်းသား၊ ကျောင်းသူပေါင်း ၄၉၄ ဦးလည်း ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ယင်းအပြင် မြို့နယ်ပညာရေးမှူးရုံးမှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ ဆရာ၊ ဆရာမများဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးခြင်းများနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စီမံချက်များရေးဆွဲပြီး ဌာနဆိုင်ရာများနှင့်ပူပေါင်းကာ တက္ကသိုလ်ဝင်စာမေးပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်းကျော်(ညောင်တုန်း)**

# ဂရိနိုင်ငံမှ Aegean Odyssey ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော ရန်ကုန်ဆိပ်ကမ်းမှထွက်ခွာ

**ရန်ကုန် မတ် ၁၀**

ဂရိနိုင်ငံမှ Aegean Odyssey ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ မတ် ၇ ရက် ညနေ ၄ နာရီခွဲတွင် ဆိုက်ကပ်ပြီးနောက် ရန်ကုန်၊ ပုဂံ၊ ပဲခူးမြို့များသို့ ခရီးသည်များလည်ပတ်ပြီး မတ် ၉ ရက်ညနေ ၃ နာရီတွင် မလေးရှားနိုင်ငံ ပီနန်းသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

၎င်းတို့ထဲမှ ခရီးသည် ၁၃၃ ဦးသည် မတ် ၈ ရက်တွင် ရန်ကုန်-ပဲခူး နေ့ချင်းပြန်ခရီးသွားရောက်ခဲ့ပြီး ၅၃ ဦးသည် ပုဂံသို့ နေ့ချင်းပြန်ခရီးဖြင့်လည်းကောင်း၊ ၃၅ ဦးသည် ပုဂံ-ရန်ကုန် ညအိပ်ခရီးစဉ်ဖြင့်လည်းကောင်း၊ ခရီးသည် ၂၁၄ ဦးသည် ရန်ကုန်မြို့တွင်းနှင့် ရွှေတိဂုံဘုရားသို့လည်းကောင်း လည်ပတ်ခဲ့ကြသည်။

အဆိုပါသင်္ဘောတွင် ခရီးသွားနှင့် သင်္ဘောလုပ်သား ၂၆၃ ဦးပါဝင်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ဘီးလင်းတွင် အရန်သားဖွားဆရာမသင်တန်းဖွင့်လှစ်

**ဘီးလင်း မတ် ၁၀**

ဘီးလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ယူလေ့ကျင့်ပျိုးထောင်ပေးမည့် အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက ဘီးလင်းမြို့ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဆွေမှ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဘီးလင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်သူဇာဝင်းမှ အရန်သားဖွားဆရာမသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါသင်တန်းသို့ ဘီးလင်းမြို့နယ်တွင်း ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၆ လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ထူးနောင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကြာအင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**အင်းတော် မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကြာအင်းကျေးရွာတွင် မတ် ၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

မတ် ၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က အင်းတော်မြို့နယ်ကြာအင်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ မြို့နယ်တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ပူးပေါင်းပြီး သွားရောက်ငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ သန္ဓေမီးသတ်ယာဉ်တစ်စီး၊ အရန်မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဦးစိန်ထွန်း၏ သုံးခန်း၊ နှစ်ခန်း သွပ်မိုး ထရံကာ မြေစိုက်နေအိမ်အား မီးလောင်ကျွမ်းခဲ့ပြီး မီးအားပေါ့ဆစွာ အသုံးပြုသူ ဦးစိန်ထွန်းအား (ပ)၃၅/ ၂၀၁၅ ပြစ်မှုပုဒ်မ ၂၈၅ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုနိုင်**



# စာပေယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၁၀**

ကမ္ဘာ့အမျိုးသမီးနေ့အထိမ်းအမှတ် စာပေယဉ်ကျေးမှုဆိုင်ရာဟောပြောပွဲ အခမ်းအနားကို မတ် ၆ ရက်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာလူငယ်များအနေဖြင့် နိုင်ငံတကာကမှ နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို များစွာလေ့လာလုပ်ဆောင်သွားကြရန်လိုအပ်ပြီး တစ်ဖက်မှာလည်း မိမိယဉ်ကျေးမှုစံနှုန်းများကို မပျောက်ပျက်ရအောင် မိမိတို့ကိုယ်တိုင်တန်ဖိုးထားမှသာ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများ မြင့်တတ်လာမည်ဟု အဆိုပါအခမ်းအနားတွင် ကမ္ဘာ့အမျိုးသမီးများနေ့အထိမ်းအမှတ်ဖြင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး(ငြိမ်း) အမျိုးသမီးရေးရာဌာန လူမှုရေးရာယဉ်ကျေးမှုခေါင်းဆောင်ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က ယဉ်ကျေးမှုဂလိုဘယ်လိုက်ဇေးရှင်းနှင့် မြန်မာ့လူ့အဖွဲ့အစည်းအကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြောခဲ့သည်။ ယင်းနောက် 'ဆယ်ကျော်သက်များသိကောင်းစရာ' ခေါင်းစဉ်ဖြင့် ဆရာမ ဒေါ်သက်ထားဝင်းက ဆက်လက်ဟောပြောခဲ့သည်။ **ခင်ဇာလီ**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက်မမေ့နှင့်

ဖတ်စရာ

# ရေရှားကျေးရွာက သနပ်ခါးကုသိုလ်



à ဇော်မင်းနိုင် (မြင်းခြံ)

မြန်မာတို့၏ ယုံကြည်ကိုးစားမှုတွင်ပါဝင်သော နတ်ပူဇော်မှုဓလေ့တွင် မြန်မာပြည်တစ်ဝန်းသိရှိကြသော ပခန်းကိုကြီးကျော်နတ်သည် အဓိကအဖြစ် ပါဝင်သည်။ ပခန်းကိုကြီးကျော်နတ်ကို တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ နှစ်စဉ်အမြဲကျင်းပလေ့ရှိသည်။ နတ်ပွဲကျင်းပရာ ရေစကြိုမြို့နယ် ပခန်းကျေးရွာအရှေ့ဘက်တွင် ရေရှားကျေးရွာရှိသည်။ ၎င်းကျေးရွာရှိ ရွှေပွင့်လင်းစေတီ (ရေရှားဘုရား) အား နတ်ပွဲလာသူတို့ ဝင်ရောက်ဖူးမြော်လေ့ရှိကြသည်။

ရွှေပွင့်လင်း(ရေရှားဘုရား) စေတီရင်ပြင်တွင် ဆေးကျောက်ပြင်ကြီး သုံးခုရှိသည်။ ရေရှားကျေးရွာမှ ကလေးသူငယ်များမှ ဆေးကျောက်ပြင်တွင် သနပ်ခါးများသွေး၍ ဘုရားသို့ လာရောက်သူများအား ကုသိုလ်ဖြစ် လိမ်းကျံစေကြပါသည်။ ထိုဆေးကျောက်ပြင်တွင် နေရာမရသောကလေးငယ်များမှာလည်း မိမိတို့အိမ်မှ ကျောက်ပြင်များ၊ သနပ်ခါးတုံးများ၊ မှန်များ ယူဆောင်လာ၍ ဘုရားဖူးလာသူများကို ကုသိုလ်ပြုကြသည်။

ယင်းသို့ ကုသိုလ်ပြုကြသောကလေးငယ်များကို ဘုရားဖူးပရိတ်သတ်များမှလည်း မုန့်ဖိုးများ ပြန်လည်ပေးကြသည်။ ၎င်းကလေးငယ်များမှ မိမိတို့ကယခုလိုကုသိုလ်ပြုသဖြင့် မုန့်ဖိုးများရကြောင်း၊ မုန့်ဖိုးမပေးလည်း ကုသိုလ်ရပြီးဖြစ်ကြောင်း၊ ယခုလို ပခန်းကိုကြီးကျော်နတ်ပွဲတွင်သာ လူအများလာရောက်သဖြင့် တစ်နေ့လျှင် ၂၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိရရှိကြောင်း၊ မိမိတို့ ရရှိသောငွေများကို မိဘများထံအပ်နှံ၍ ကျောင်းစရိတ်အဖြစ်သုံးခြင်း၊ အဝတ်အစားများဝယ်ခြင်းတို့ဖြင့် ပြန်လည်အသုံးပြုသည်ဟု ပြောပြကြသည်။

ယခုလို ရေရှားကျေးရွာ၏ ချစ်စရာဓလေ့ကို ပခန်းကိုကြီးကျော်နတ်ပွဲသွားရင်း ဝင်ရောက်လေ့လာ၍ ဘုရားဖူးပြီး ကုသိုလ်ရယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# အမေကြီးနတ်ပွဲတွင် ဒေသထွက်ကုန်များ အရောင်းတွင်ကျယ်လျက်ရှိ

**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဇီးတောကျေးရွာတွင် နှစ်စဉ်ကျင်းပလျက်ရှိသော အမေကြီးရိုးရာပူဇော်ပွဲအား မတ် ၇ ရက်မှ စတင်ကျင်းပလျက်ရှိရာ အဆိုပါ ပွဲတော်တွင် ဒေသတွင်းထွက်ကုန်များ ရောင်းဝယ်ဖောက်ကားမှု ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ဒေသထွက်ကုန်များရောင်းဝယ်မှုအခြေအနေနှင့်ပတ်သက်ပြီး " ဒီပွဲက နှစ်စဉ်ကျင်းပတာပါ။ ပွဲတော်အတွင်းမှာ ပတ်ဝန်းကျင်ကျေးရွာတွေက လယ်ယာလုပ်ငန်းတွေလုပ်ကိုင်ကြတာဆိုတော့ လယ်ယာသုံးပစ္စည်းတွေကိုအဓိကထားပြီးဝယ်ယူကြတယ်။ အိမ်သုံးပစ္စည်းတွေ မီးဖိုချောင်သုံးပစ္စည်းတွေကို ဒီပွဲမှာ ဝယ်ကြတယ်။ တခြားဒေသတွေက ရိုးရာပွဲကိုလာကြတဲ့ ပြည်သူတွေကလည်း ဒီပွဲကနေပြီး ဆေးမြစ်စုံနဲ့ တခြားအသုံးအဆောင်ပစ္စည်းတွေကို ဝယ်ကြတယ်။ ရိုးရာပူဇော်ပွဲကို အပျော်သဘောနဲ့ လာတဲ့သူရှိသလို ရိုးရာပူဇော်ဖို့လည်း လာကြတယ်။ အမျိုးမျိုးသောလူတွေလာကြသလို အပြန်မှာတော့ အမှတ်တရပစ္စည်းတွေဝယ်ကြတယ်"ဟုပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။



အဆိုပါအမေကြီးရိုးရာပူဇော်ပွဲတွင် လယ်ယာသုံးပစ္စည်းများနှင့် ဒေသထွက်ကုန်များဖြစ်သည့် မျှစ်ခြောက်၊ ဆေးမြစ်စုံ၊ ရေအိုး၊ စဉ့်အိုး၊ အဝတ်အထည်မျိုးစုံ၊ သစ်မျိုးစုံ ၊ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ ဆန်ကော၊ ဆန်ခါမျိုးစုံများကိုရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

# မုံရွာမြို့နယ်တွင် အချိန်တစ်နာရီခွဲအတွင်း တောင်ပုံကျေးရွာနှင့် အောင်သာကျေးရွာတို့တွင် မီးလောင်မှုဖြစ်ပွား

**မုံရွာ မတ် ၁၀**

မုံရွာမြို့တောင်ဘက် ပုရစ်ကုန်းကျေးရွာအုပ်စု တောင်ပုံကျေးရွာရှိ နေလထွန်းကြာဆန်အလုပ်ရုံ မီးဖိုခေါင်းတိုင်မှမီးဖွား အိမ်အမိုးပေါ် ကျရာမှ မီးကူးစက်လောက်ကျွမ်းမှု မတ် ၇ ရက် နံနက် ၁၁ နာရီခွဲကဖြစ်ပွားအပြီး မွန်းလွဲ ၁ နာရီခွဲခန့်တွင် မုံရွာမြို့အရှေ့တောင်ဘက် လယ်ဇင်ရွာအနီး အောင်သာကျေးရွာတွင် အိမ်ကိုးလုံး မီးလောင်မှုဖြစ်ပွားရာ ယင်းဒေသ၌ အချိန်တစ်နာရီခွဲအတွင်း မီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မုံရွာမြို့အရှေ့တောင်ဘက်က လယ်ဇင်ရွာနားက အောင်သာရွာမှာ လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ပြီး ကွမ်းခြံကိုသွားခဲ့ရာက ရေနွေးအိုးရေခန်းပြီး အပူလွန်ကဲကာ ကူးစက်လောင်ကျွမ်းခဲ့တာပါ။ အဲဒီအရင် မုံရွာမြို့တောင်ဘက် ကပုရစ်ကျေးရွာအုပ်စု တောင်ပုံကျေးရွာ နေလထွန်းကြာဆန်အလုပ်ရုံက ကြာဆန်ပြုတ်ရာမှာသုံးတဲ့ မီးဖိုခေါင်းတိုင်ကမီးဖွားအမိုးပေါ် ကျရာကနေ လောင်တာပါ" ဟု မုံရွာမြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယင်းနေ့တွင်ဖြစ်ပေါ်ခဲ့သောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ပြောသည်။

မွန်းလွဲ ၁ နာရီခွဲခန့်က စတင်လောင်ကျွမ်းခဲ့သော လယ်ဇင်းကျေးရွာအနီး အောင်သာကျေးရွာ အိမ်ကိုးလုံးမီးလောင်မှုကို မုံရွာမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ယာဉ် သုံးစီးအပါအဝင် ရပ်ကွက်ကျေးရွာအသီးသီးမှ မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ် လေးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဦးဖြင့် ဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အောင်သာရွာ အိမ်ကိုးလုံးမီးလောင်မှုတွင် မီးပေါ်ဆသူ ဦးသန်းဝင်းအား မုံရွာမြို့နယ်မြို့မရဲစခန်းတွင် (ပ)၉၆/၂၀၁၅၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲ ၁ နာရီခွဲခန့်ကလှန့်ခဲ့သော ကြာဆန်အလုပ်ရုံမီးကို တောင်ပုံကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၆ မိနစ်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးပေါ်ဆသူ ကိုအောင်သိုက်အား မုံရွာမြို့မရဲစခန်းက (ပ)၉၅/၂၀၁၅၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေး

**စဉ့်ကူး မတ် ၁၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စဉ့်ကူးမြို့နယ်တွင် စီမံကိန်းဝင်မြစိမ်းရောင်ကျေးရွာများ ရွေးချယ်ဖော်ထုတ်၍ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်လူနေမှုဘဝများမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရေး ဦးတည်ချက်များဖြင့် အရင်းမပျောက်မတည်ငွေများထုတ်ချေးပေးခဲ့ရာ စဉ့်ကူးမြို့နယ် ငွေတောင်ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိသောကျေးရွာသို့ မတ် ၆ ရက်က မြို့နယ်မြစိမ်းရောင်ကျေးရွာလုပ်ငန်းဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ဇောနှင့် ကော်မတီဝင်များသည် အဆိုပါကျေးရွာအတွင်း မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **ဝင်းမောင်(စဉ့်ကူး)**

# လူမှောင်ခိုကုန်ကူးမှုအကြောင်း အသိပညာပေး

**ဂန့်ဂေါ မတ် ၁၀**

အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာနှင့် လူမှောင်ခို၊လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက်က ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာဒက္ခိဏာရုံကျောင်းတိုက်အနီးရှိ ကွင်းပြင်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ဆွေ၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်လှိုင်ဦး ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်တို့က ကဏ္ဍအလိုက် အသီးသီးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(၄၆၅)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်

**ကွတ်ခိုင် မတ် ၁၀**

ကွတ်ခိုင်မြို့နယ် အင်မိန်းဟိုကျန့်ကျေးရွာအုပ်စုတွင် မတ် ၆ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမင်းမင်းဇော်နှင့် ဝန်ထမ်းများက မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အသက် ၁၈ နှစ် ပြည့်ပြီးသူ ၂၂၄ ဦးအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် အင်မိန်းဟိုကျန့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများအား မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍ သိရှိသင့်သည်များကို မြို့နယ်ဦးစီးဌာနမှူးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးရေး သန်လျင်မြို့နယ်တွင် ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် မတ် ၁၀**

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင် မှီခိုသူမိသားစုများအင်အားစာရင်းကောက်ယူရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၆ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအစည်းဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးက တပ်ဖွဲ့ဝင်မှီခိုသူမိသားစုများ အင်အားစာရင်းကောက်ယူရေးနှင့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်နှင့် တာဝန်ရှိသူများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ထွန်းနှင့် တပ်ဖွဲ့ဝင် ၆၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# အင်္ဂပူမြို့တွင် ၂၀၁၅ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးသင်တန်းဖွင့်လှစ်

**အင်္ဂပူ မတ် ၁၀**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မြို့မရဲစခန်းတွင် မတ် ၆ ရက် နံနက် ၉ နာရီက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဇော်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်ထွန်းအောင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားအသီးသီးပြောကြားခဲ့သည်။

သင်တန်းအား အင်္ဂပူမြို့နယ်အတွင်းရှိ စခန်းများမှ အရာရှိနှင့်အခြားအဆင့်တပ်ဖွဲ့ဝင်အင်အား ၅၀ ဦးတက်ရောက်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဇော်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဟောပြောခဲ့သည်။ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ **မန်းကျော်(ပြန်/ဆက်)**

" တပ်မတော်နေ့ကို ဂုဏ်ပြုထုတ်ဝေ "




နယ်စပ်မျဉ်းကြောင်းပေါ်မှ ဘဝအစက်ကလေးများ
ကိုဦး (ချောင်းဦး)

ဖြန့်ချိရေး
အမှတ်(၂၀၄)၊ ၅လွှာ၊ လှည်းတန်းလမ်းမ၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန်ဖုန်း - ၅၂၀၇၇၊ ၀၉၄၂၀၀၅၁၃၀၆၊ ၀၉၂၅၀၅၇၅၅၂

**NEW MOTION** TRAVELS & TOURS

ကိုရီးယား (April 11/12)
ဟောင်ကောင် (April 12/14)
တရုတ်-ဟောင်ကောင် (April 12)
ဗီယက်နမ်-ကမ္ဘောဒီးယား (April 12)
ဥရောပ (April 9)
သြစတေးလျ (April 10)
ဂျပန် (April 12,13)
စင်ကာပူ (April 13)
စင်ကာပူ-မလေးရှား (Apirl 11/12)
ဘန်ကောက် (April 11/12/13)
စင်ကာပူ-ဘာလီ (April 11)
ဘန်ကောက်-ဖူးခက် (April 12)
ဘာလီ (April 12)
ဒူဘိုင်း (April 11)

No.19, Kyun Taw Road, Sanchaung, Yangon 508124, 523253, 527254, 0973148933~44~55~66

ပြည်ထောင်စုလွှတ်တော်
ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
ပညာရှင်အကြံပေးပုဂ္ဂိုလ်အလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ပညာရှင်(၁)ဦး အလိုရှိသည်-

(က) အနိမ့်ဆုံး စီးပွားရေးပညာမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)
(ခ) ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေး စဉ်းစားမည်။
(ဂ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူ ဖြစ်ရမည်။
(ဃ) ကွန်ပျူတာနှင့် အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။
(င) အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ နှစ်စဉ်စာချုပ်ချုပ်ဆို ငှားရမ်းခန့်ထားမည်။
(စ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နေပြည်တော်တွင် နေထိုင်ရမည်။

၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာ ဖော်ပြ၍ jointpac.mmp@gmail.comသို့ ၁၅-၃-၂၀၁၅ ရက် နောက်ဆုံးထားပြီး e-mailဖြင့် ပေးပို့ လျှောက်ထားနိုင်ပါသည်။

၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့ စစ်ဆေးရန် e-mailဖြင့် အကြောင်းကြားပါမည်။

၄။ အသေးစိတ်သိလိုပါက ၀၆၇-၅၉၁၂၈၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(VAC)®
VALUE ADDED CONSULTANCY
Well-Known
Recruitment Service Provider
IN MYANMAR
Ph:+95 1 395921, +95 1 395922, +95 9 5102094, +95 9 73022727
E.mail - vacjobsearch@gmail.com, vacrecruit@myanmar.com.mm
www.vacjobsearch.com Value Added Consultancy

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
• မန်းရွှေစက်တော်(သီးသန့်)
• ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ
• တောင်ကြီး၊ အင်းလေး၊ ပင်းတယ
• မန္တလေး၊ ပြင်ဦးလွင်၊ စဉ့်ကိုင်း၊ မုံရွာ
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
www.chitpaithitsar.blogspot.com

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* မန်းရွှေစက်တော်ဘုရားပွဲတော် နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်)ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကတ္တူ)၊ အင်းလေး (လွိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ကမီ
မဟာသကြံန်ခရီးစဉ်များ လက်မှတ်ကြိုတင်ရောင်းပြီ
☎371317,095124678, 09401589907

7 Angles TRAVELS & TOURS
relax your vacation with our comfortable plan
(Sea View - 115000/- Ks) (Second Sea View - 110000/- Ks) (Garden View - 85000/- Ks) Mar 13
70000/- Ks Mar 26
80000/- Ks Mar 26
130000/- Ks Mar 26
Ph : 01-551853, 09 253103218, 09-254014265, 09-421064323
Email : 7angelstours@gmail.com, www.facebook.com/7angels Tours

GOLDEN GATE
INT'L DEVELOPMENT CO.,LTD.

"အလွှာတိုင်းအား 970 sq ft မှ 1840 sq sf အထိ မတူညီသည့် အခန်းပုံ့စည်းပုံ (၁၅) မျိုး နှင့် အခန်းတိုင်းအား 2 Master Bedrooms & 1 Single Bedroom ဖြင့်ပုံ့စည်းပေးထားခြင်း"

Golden Gate Int'l Development Co., Ltd မှ
အမှတ်(၃၂)၊ အုတ်ကျင်းဘုတာရုံလမ်း၊ လှိုင်မြို့နယ်တွင်
တာဝန်ယူတည်ဆောက်နေသော
"ပြည့်စုံ ချမ်းသာ တွန်ဒိုမီနီယမ်"




HOT LINE : 09-250609049, 09-33166276

* ဆိတ်ငြိမ်၍အချက်အချာကျသော ပတ်ဝန်းကျင်၊
* ပါရမီစိန်ဂေဟာ၊ သမိုင်း၊ လှည်းတန်း၊ အင်းယားကန်၊ MICT, ISM, ဘုရင့်နောင်၊ စော်ဘွားကြီးကုန်း၊ သီရိမင်္ဂလာဈေးတို့သို့ အလွယ်တကူ သွားရောက်နိုင်သောနေရာ၊
* နိုင်ငံတကာအဆင့်မီ ဓါတ်လှေကား (၅)စင်းနှင့် (၂၄)နာရီရေ၊ မီး ပေးဝေ စနစ်၊ အခန်းတစ်ခန်းဝယ်လျှင် ကားတစ်စီးနှုန်း နေရာစီစဉ်ပေးထားသည့် အပြင် ဧည့်သည် ကားများ အတွက်ပါ အပိုစီစဉ်ထားခြင်း၊
* မီးဘေးလုံခြုံရေးစနစ်နှင့် ခေတ်မီသော အမှိုက်ပစ်စနစ်၊
* ၃၀% လက်ငင်းပေးချေပြီး ကျန်ငွေများအား လစဉ်အရစ်ကျ ပေးချေနိုင်သော စနစ်၊
* ချိုသာသောဈေးနှုန်းနှင့် ခိုင်မာသောပိုင်ဆိုင်မှု၊

ရန်ကုန်ရုံးချုပ် နှင့် ပြခန်းတည်နေရာ
အမှတ်(၂၁၉)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ (သံလမ်းမှတ်တိုင်အနီး)
၀၁-၈၅၅၁၃၃၄၊ ၀၁-၅၆၀၀၄၉၊ ၀၉-၄၉၂၀၂၉၂၂၊ ၀၉-၄၉၂၄၆၆၀၀
goldengate@ggintldev.com
www.goldengateintl.com



တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဆူဆူပူပူဖြစ်နေရင်တော့ ကျွန်တော်တို့ တိုင်းပြည်အတွက် အခွင့်အလမ်းတွေ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများအားလုံးက တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဥပဒေနှင့်မဆန့်ကျင်ဘဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိ

**နေပြည်တော် မတ် ၁၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ တံတားဦး မဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာက **"မဲဆွယ်စည်းရုံးစဉ်ကာလများ၌ မည်သည့်ပုံစံ၊ အသုံးအနှုန်း၊ အပြုအမူ၊ ပြောဆိုမှု စသည်များကို မပြုလုပ်ရန် သတ်မှတ်ထားသည်နှင့် သတ်မှတ်ချက်များကို ကျူးလွန်ပါက မည်ကဲ့သို့ အရေးယူမည်ကို ပြည်သူများကြိုတင်သိရှိနိုင်ရန်"** မေးမြန်းသည့် မေးခွန်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကိုက ပြန်လည်ဖြေကြားရာတွင် ရွေးကောက်ပွဲဥပဒေအခန်း(၁၃)တွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ မည်သူမဆို အရေးယူခံရနိုင်သော ပြစ်မှုနှင့် ပြစ်ဒဏ်များဖြစ်ပါကြောင်း၊ အဆိုပါ အခန်း (၁၃)တွင် ပြဋ္ဌာန်းထားသည့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

# တပ်ပိုင်မြေအတွင်း အခမဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည်

**နေပြည်တော် မတ် ၁၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၏ **လယ်ဝေး-ပျဉ်းမနားမြို့ရှောင်လမ်း၊ ရန်ကုန်-မန္တလေးမြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် ကျန်ရှိနေသေးသော နစ်နာကြေးမရသေးသူ တောင်သူများအား အမြန်ပေးလျော်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်တွင် လယ်ဝေး-ပျဉ်းမနားမြို့ရှောင်လမ်းဖောက်လုပ်ရာ၌မလွတ်ကင်းသည့် လယ်ယာမြေများကို

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## ယနေ့ မာတိကာ

ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့် နေရာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း
စာမျက်နှာ - ၇

အထည်စက်ရုံမှ ဆန္ဒပြဝန်ထမ်းများ သဘောတူညီချက်စာချုပ်ချုပ်ဆိုကာ အလုပ်ခွင်အတွင်း ပြန်လည်ဝင်ရောက်လုပ်ကိုင်
စာမျက်နှာ - ၁၁

ဓာတုပိုးသတ်ဆေးကင်းလွတ်ဟင်းသီးဟင်းရွက်ဈေး မြေပဒေသာကျွန်း၌ အပတ်စဉ် ဖွင့်မည်
စာမျက်နှာ - ၁၂



ဆန္ဒပြအဖွဲ့များက အတားအဆီးများကို ဖယ်ရှားဖျက်ဆီးနေစဉ်။

# လက်ပံတန်းတွင် ဆန္ဒပြမှုအား ဥပဒေနှင့်အညီ ရှင်းလင်းထိန်းသိမ်း

**လက်ပံတန်း မတ် ၁၀**

လက်ပံတန်းမြို့ အောင်မြေဗိမာန်ကျောင်းအနီးရှိ ဓာတ်အားပေးစက်ရုံ လမ်းဆုံတွင် ထိုင်သပိတ်ပြုလုပ်နေသော ဆန္ဒပြအဖွဲ့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ တားဆီးကန့်သတ်ထားရာမှ ယနေ့ မွန်းလွဲပိုင်းတွင် ဆန္ဒပြအဖွဲ့များက အတားအဆီးများချထားမှုကို ဖယ်ရှားဖျက်ဆီးခြင်း၊ ရဲတပ်ဖွဲ့ဝင်များ တားဆီးထားသောနေရာကို ထိုးဖောက်ဝင်ရောက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်လာသဖြင့် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ ရှင်းလင်းလူစုခွဲခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဆန္ဒပြအဖွဲ့မှ ကျောင်းသား ၅၂ ဦး၊ ကျောင်းသူ ၁၃ ဦးနှင့် အရပ်သား ၆၂ ဦး(အမျိုးသား ၅၅ ဦး၊ အမျိုးသမီးခုနစ်ဦး ပေါင်း ၆၂ ဦး) စုစုပေါင်း ၁၂၇ ဦးကို ထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(ဝဝ၉)

# အိုလံပစ်ခြေစစ်ပွဲ ပထမပွဲအဖြစ် မြန်မာနှင့်သီရိလင်္ကာတို့ ယနေ့ကစားမည်

၂၀၁၆ ရီယိုဒီဂျနေရိုး အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ခွင့်အတွက် အာရှဇုန် ပထမအဆင့် ခြေစစ်ပွဲ အုပ်စု(က)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မတ် ၁၁ ရက်မှ ၁၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ပွဲဦးထွက်ပွဲအဖြစ် မတ် ၁၁ ရက် ညနေ ၅ နာရီတွင် အိမ်ရှင်မြန်မာနှင့် သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မန္တလေးမြို့တွင် ကျင်းပမည့် အုပ်စု(က)တွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ အိန္ဒိယ၊ သီရိလင်္ကာတို့ ပါဝင်လျက်ရှိသည်။ ခြေစစ်ပွဲပွဲစဉ်များအဖြစ် မတ် ၁၁ ရက်တွင် မြန်မာနှင့် သီရိလင်္ကာ၊ မတ် ၁၃ ရက်တွင် အိန္ဒိယနှင့် သီရိလင်္ကာ၊ မတ် ၁၅ ရက်တွင် မြန်မာနှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲကို အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုသုံးခုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းစီမှာ

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**

ကောင်းထက်ကျော်
ထူးချွန်ထက်မြက်တို့ တက်ရောက်ရာ
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့် စာသင်ဝိုင်းများ
အထူးစခန်းသွင်းဘော်ဒါဆောင်
အစီအစဉ်အားလုံး ကြိုတင်အပ်နှံမှုသာ....
HOT LINE - 09 421 168127, 09 420 700008, 01 548339,

themirror.npt@gmail.com
www.facebook.com/themirrordaily